# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် ၂၀၂၁ ခုနှစ်၊ ဇွန် ၄ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၂၄၄)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## ICRC ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေး

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ICRC က မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံအစိုးရ၏ COVID-19 တုံ့ပြန်ရေးလုပ်ငန်းများတွင် ICRC မှ ကူညီဆောင်ရွက်ပေးနေမှုများ၊ ICRC ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**မိကို လက်ယာ၊ ဗ, ကို လက်ဝဲ မှတ်ယူစွဲကာ၊ အမြဲမပြတ်၊ ကျေးဇူးဆပ်စို့**

စာ ၈

**မြန်မာနိုင်ငံရှိ ကျောင်းများတိုက်ခိုက်ခံရမှု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ပြစ်တင်ရှုတ်ချ**

စာ ၁၃

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

**ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး**

စာ ၁၅

မြန်မာ့အလင်း

# အဖိုးတန်သည့် စိုက်ပျိုးမြေ သယံဇာတများ မပျက်စီးစေရေး

မြေသည် အကန့်အသတ်ရှိသော သယံဇာတဖြစ်သည်။ နိုင်ငံအတွင်း လူဦးရေတိုးလာမည်ဖြစ်သော်လည်း နိုင်ငံ၏အကျယ်အဝန်း ပိုင်နက်နယ်မြေမှာမူ တိုးလာမည့်အရာမဟုတ်။ မြို့ပြဒေသများ တိုးချဲ့ခြင်း၊ မြို့သစ်ရွာသစ်များ တည်ထောင်ခြင်း၊ စက်ရုံ အလုပ်ရုံရပ်ဝန်းများ တည်ဆောက်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းစသည်ဖြင့် လူတို့၏ အကျိုးစီးပွားအတွက် မြေများကို အသုံးချရာတွင် ထိထိရောက်ရောက် အကျိုးရှိစွာအသုံးချဖို့လိုအပ်သလို သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ မပျက်စီးစေရန်လည်း ထည့်သွင်းစဉ်းစားကာ ထိန်းသိမ်းဆောင်ရွက်ဖို့လိုသည်။

နိုင်ငံအတွင်း ဒေသအနှံ့အပြားတွင် မြို့ပြအိမ်ရာများ တိုးချဲ့လျက်ရှိရာ မူလက မြေဆီသြဇာကောင်းမွန်လှသည့် စိုက်ပျိုးမြေများပေါ်တွင် အဆောက်အအုံများ၊ စားသောက်ဆိုင်များ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စက်ရုံ အလုပ်ရုံ၊ အရောင်းဆိုင်များ စသည်တို့ကို ဆောက်လုပ်လာကြသည်ကို တွေ့ရသည်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် အဝေးပြေးလမ်းမကြီးများ၏ ဘေးဝဲယာတို့တွင် စိုက်ပျိုးမြေများကို အခြားနည်းလမ်းဖြင့် အသုံးချမှုများ များပြားလာလျက်ရှိသည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၈/၂၀၂၂) တွင် "မြေအသုံးချမှုများနှင့်ပတ်သက်၍ မြို့ပြစီမံကိန်းနှင့် အိုးအိမ်စီမံကိန်းတည်ဆောက်မှုများတွင် လက်တွေ့ဖော်ဆောင်ရာ၌ အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိဘဲ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးမှုများ တွေ့ရှိရကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် မြို့ပြစီမံကိန်းများ ဖော်ဆောင်ရာတွင် မြေကိုအကျိုးရှိစွာဖြင့် အသုံးချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း.... မြို့သစ်တည်ဆောက်ရန် မြေနေရာရွေးချယ်ရာတွင်လည်း စိုက်ပျိုးမြေများ ဆုံးရှုံးမှုမရှိစေရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း"စသည်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးမြေများသည်လည်း အဖိုးတန်သော သယံဇာတများဖြစ်ပြီး လူတို့၏ စားနပ်ရိက္ခာအတွက် လွန်စွာအရေးကြီးသည့်အလျောက် မပျက်စီး မဆုံးရှုံးစေရေး၊ တလွဲအသုံးမချမိစေရေးအတွက် အလေးအနက် ဂရုပြုကြရန်လိုသည်။ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ဥယျာဉ်ခြံ စသည်တို့မှာ မြေရှိတိုင်း စိုက်ပျိုး၍မရသည့်အတွက် မြို့ကွက်၊ ရွာကွက်များ ဖော်ထုတ်ခြင်း၊ လမ်းတံတားများ တည်ဆောက်ခြင်းတို့တွင် စိုက်ပျိုးမြေများ မဆုံးရှုံးစေရေး၊ မူလရေစီးရေလာလမ်းကြောင်းများကို တားဆီးပိတ်ဆို့မိသောကြောင့်လည်းကောင်း၊ မြေသားများဖြို့ခြင်း၊ ဖို့ခြင်းကြောင့် လည်းကောင်း သဘာဝအနေအထားများ ပျက်စီးပြီး အကျိုးထက် အပြစ်မဖြစ်ပေါ်ရေး မျှော်တွေးလုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံသူ နိုင်ငံသားတို့၏ စားဝတ်နေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြေသယံဇာတများကို အသုံးပြုရမည်သာဖြစ်ရာ အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ စီမံအုပ်ချုပ်အသုံးချသွားကြရမည်ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်သည် နိုင်ငံတော်အတွင်းရှိ မြေအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ ထို့ပြင် နိုင်ငံပိုင်သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင်လည်း ကွပ်ကဲကြီးကြပ်ရမည်ဖြစ်သည့်အလျောက် အဖိုးတန်မြေသယံဇာတများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်စေရေး၊ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးတို့အတွက် အလေးအနက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအေးအေးခင် ကို ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်ဝင်းစိန် ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကျော်တင်ရှိန် ဒုတိယညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ မျိုးမျိုး ဒုတိယပါမောက္ခချုပ် ရွှေဘိုတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ရွှေဘိုတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါ်မီမီတင် ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန |

## လူ့တာဝန်

❖ ချိုလွင်လွင် ကြည်သာသာ
ညီညာကာ ပျော်ရွှင်ပြုံး
အမုန်းစိတ်ရိုင်းဖယ်ခွာ
ဖြူစင်စွာတစ်သက်လုံး
မရှုံးမှာသေချာလှ
ဝေကာမျှပညာမွေ
လူသားပီသပါစေ။

**ကိုချိုအေး (သစ္စာမြေ)**

## ဓမ္မာစရိယစာမေးပွဲ တတိယနေ့ကျင်းပ

**နေပြည်တော် ဇွန် ၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (တတိယနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာနတို့တွင် စာဖြေသံဃာတော်နှင့်သီလရှင်များ စာရင်းသွင်း ၁၄၅၂၄ ပါးအနက် ၈၅၇၃ ပါး ဖြေဆိုကြသဖြင့် ၅၉ ဒသမ ၀၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၈/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

# ဝန်ဆောင်မှုလုပ်ငန်းများတွင်ပါဝင်သည့် ဘဏ်လုပ်ငန်းများ အချိန်အဟုန်မပြတ်လည်ပတ်နိုင်ရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၈/၂၀၂၁) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ဆုံးဖြတ်ချက်မှတ်တမ်းကို အတည်ပြုသည်။

**ဝမ်းစာဖူလုံမှုရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံစီးပွားရေးတိုးတက်စေရန်နှင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးရန်အတွက် အစိုးရတွင်တာဝန်ရှိကြောင်း၊ မိမိတို့တာဝန်ယူသည့် အချိန်ကာလအတွင်း လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် သက်ဆိုင်ရာတပ်မတော်၊ အုပ်ချုပ်ရေး၊ ဥပဒေရေးရာနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် အဓိကကျကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်နေသူများတွင် တာဝန်ရှိကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း အဆိုပါပြည်နယ်များတွင် ဝမ်းစာဖူလုံမှုရှိသည်ကို သိရှိရကြောင်း၊ သို့သော်အချို့မြို့နယ်များသည် နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများပေါ်တွင် မှီခိုနေသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပြည့်ဝစွာဖြင့် မဆောင်ရွက်နိုင်သဖြင့် ဝမ်းစာဖူလုံမှုမရှိသော်လည်း ပြည်နယ်တစ်ခုလုံးထွက်ရှိမှုအရ ဖူလုံမှုရှိသည်ကို တွေ့ရှိရကြောင်း။

**စနစ်တကျဖြင့်မွေးမြူ**

မိမိတို့နိုင်ငံတွင် နွေစပါးစိုက်ပျိုးဧက ၂ ဒသမ ၆၇ သန်းခန့်၊ မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိပြီး နိုင်ငံအတွင်းဆန်ဖူလုံမှုရှိကာ ပြည်ပသို့ ဆန်တင်ပို့မှုများရှိကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်းမပြုဘဲ ရှိပြီးသား စိုက်ပျိုးမြေများပေါ်တွင် တစ်ဧကချင်းအလိုက် အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ပါက ယခုထက် အထွက်နှုန်း ပိုမိုတိုးတက်ပြီး ပိုလျှံလာမည်ဖြစ်ကြောင်း၊ အထွက်နှုန်း တိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်ဖြစ်စေရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် သွင်းအားစုများအား ပြည့်ဝစွာ ထည့်သွင်းရေးတို့ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ခြင်းဖြင့် တောင်သူများ စီးပွားရေးတိုးတက်လာမည်ဖြစ်သောကြောင့် နိုင်ငံ၏အကျိုးစီးပွားလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အခြားဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ရောက်ရှိရာဒေသအလိုက် မြေကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် စိုက်ပျိုးရေးတောင်သူများ တစ်ဧကချင်းအလိုက် အထွက်နှုန်းတိုးစေရေး ကြိုးစားဆောင်ရွက်စေရန်အတွက် တိုက်တွန်းအားပေး ကူညီကြစေလိုကြောင်း၊ မည်သည့်သီးနှံအပင်များကို စိုက်ပျိုးသည်ဖြစ်စေ စိုက်ပျိုးမြေအား အကျိုးရှိရှိ ပြည့်ပြည့်ဝဝဖြင့် တန်ဖိုးရှိစွာ အသုံးချစေလိုကြောင်း၊ ထို့အတူ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် မွေးမြူကြရန် လိုအပ်ကြောင်း။

မြေအသုံးချမှုများနှင့်ပတ်သက်၍ မြို့ပြစီမံကိန်းနှင့် အိုးအိမ်စီမံကိန်း တည်ဆောက်မှုများတွင် လက်တွေ့ဖော်ဆောင်ရာ၌ အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိဘဲ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးမှုများ တွေ့ရှိရကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် မြို့ပြစီမံကိန်းများဖော်ဆောင်ရာတွင် မြေကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ကွက်သစ်များ ဖော်ဆောင်ရာတွင် ပါဝင်ရမည့်အင်္ဂါရပ်များဖြစ်သည့် အားကစားကွင်းများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဥယျာဉ်များ၊ ဈေးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်သည့်နေရာများအား ပြည့်ပြည့်ဝဝထည့်သွင်း၍ အနာဂတ်အတွက် မျှော်မှန်းတည်ဆောက်ရန် လိုအပ်သကဲ့သို့ ထည့်သွင်းစဉ်းစားရမည့် အချက်များအား စနစ်တကျတွက်ချက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြို့သစ် တည်ဆောက်ရန် မြေနေရာရွေးချယ်ရာတွင်လည်း စိုက်ပျိုးမြေများ ဆုံးရှုံးမှုမရှိစေရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ရွှေ့ပြောင်းတောင်ယာများ ထပ်မံမပေါ်ပေါက်စေရေး လိုအပ်သည့် စိုက်ပျိုးရေများရရှိစေရေးအတွက် မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ရေရှားပါးသည့် ဒေသများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေများ ပြည့်ဝစွာရရှိရေး အလေးထားဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။

**ထိခိုက်မှုများကိုလျှော့ချနိုင်**

"ဥတုရာသီ တောကိုမှီ" ဆိုသည့်အတိုင်း သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ မရရှိသေးသည့်အတွက် ထင်းနှင့်မီးသွေးသုံးစွဲမှုများ ရှိနေသေးသဖြင့် ဒေသအလိုက် ထင်းစိုက်ခင်းများ စိုက်ပျိုး၍ သစ်တောပြုန်းတီးမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ သစ်ပင် သစ်တောများ ပြန်လည်ထိန်းသိမ်းရန်နှင့် သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ သစ်ပင်သစ်တောများကို ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးဒဏ်ထိခိုက်မှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများ

*စာမျက်နှာ ၄ သို့*

> **" စီးပွားရေးဆိုင်ရာလုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် မိမိတို့နိုင်ငံရှိ တိုင်းရင်းသားများ ကြီးပွားချမ်းသာရေးအပေါ်ဂုဏ်ယူပြီး အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးရန်လို "**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---

*စာမျက်နှာ ၃ မှ*

လည်ပတ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် မိမိတို့နိုင်ငံရှိ တိုင်းရင်းသားများ ကြီးပွားချမ်းသာရေးအပေါ်ဂုဏ်ယူပြီး အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် တည်ဆဲဥပဒေများကို ပြည်သူများအားလုံး လေးစားလိုက်နာရန်လိုကြောင်း၊ ဥပဒေများနှင့်အညီ ဆောင်ရွက်၍ရသည်များကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအားလုံး စိတ်ချမ်းသာပြီး ဥပဒေကိုလေးစားလိုက်နာလာမည်ဖြစ်ကြောင်း၊ ဥပဒေလေးစားလိုက်နာမှု အားကောင်းလာပါက တည်ငြိမ်အေးချမ်းမှု ရှိလာမည်ဖြစ်ကြောင်း။

**ကြပ်မတ်ဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် အခြေခံ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်သည့် ဘဏ်လုပ်ငန်းများ အရှိန်အဟုန်မပြတ်လည်ပတ်နိုင်ရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ မဖြစ်မနေဆောင်ရွက်

## ❑ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ လုံခြုံမှုရှိစေရေးအတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်သိပြည်သူများပူးပေါင်း၍ ဆောင်ရွက်

ရမည်ဖြစ်ကြောင်း၊ ယခုအခါ ကျောင်းများပြန်လည်ဖွင့်လှစ်ထားပြီး ကျောင်းတက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူများ ရာခိုင်နှုန်းအားဖြင့် တိုးတက်လာပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အခြေခံပညာနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် တက်ရောက်နေသောကျောင်းသား ကျောင်းသူများ ကျောင်းတက်မပျက်စေရေးအတွက်လည်း အားပေးကူညီဆောင်ရွက်ရန်လိုကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ လုံခြုံမှုရှိစေရေးအတွက် သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်သိပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း စီးပွားရေးကောင်းအောင် ဆောင်ရွက်နိုင်ပြီး ပညာတတ်များ ပေါ်များအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့ လူမှုအသိုင်းအဝိုင်း တိုးတက်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက် ရယူကြသည်။

**ကိုယ်ခန္ဓာဖွံ့ဖြိုးမှုများ လျော့ကျ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကျန်းမာရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နိမ့်ကျလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကျန်းမာရေးနှင့် ပတ်သက်၍ လိုအပ်ချက်များရှိနေပြီး အခြေခံအားဖြင့် ကျန်းမာ၍ ကိုယ်ခံစွမ်းအား ကောင်းမွန်စေရေးအတွက် စားသောက်မှုပုံစံသည် အရေးကြီးကြောင်း၊ စားသောက်မှုပုံစံပေါ်မူတည်၍ ရှေးယခင်က မိမိတို့နိုင်ငံသားများသည် အခြားနိုင်ငံသားများနည်းတူ ကျန်းမာကြံ့ခိုင်ခဲ့ကြကြောင်း၊ ယခုနောက်ပိုင်းတွင် ကျန်းမာကြံ့ခိုင်မှုနှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုများ လျော့ကျလာသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် အနာဂတ်ကာလ၌ နောက်မျိုးဆက်များ ကျန်းမာကြံ့ခိုင်မှုနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုတိုးတက်စေရေး ပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ ဆန်စားသုံးမှုအပြင် ဂျုံကိုပါ စားသုံးနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ခန္ဓာကိုယ်ဖွံ့ဖြိုးစေရန်အတွက် အစာအာဟာရကို ပြည့်ဝစွာစားသုံးနိုင်ရေးနှင့် အသားနှင့် ငါးများကို ပြည့်စုံကောင်းမွန်စွာ စားသုံးနိုင်ရေး လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း၊ နိုင်ငံအတွင်း လူတန်းစားမရွေး အစားအသောက်ဖူလုံစွာ စားသုံးနိုင်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးရမည့်အပြင် စားသောက်မှုပုံစံကိုလည်း ကျန်းမာရေးနှင့်အညီ ပြုပြင်ပြောင်းလဲပေးရန် လိုအပ်ကြောင်း၊ အဓိကအားဖြင့် ဆီ၊ အချိုမှုန့် စားသုံးမှု လျှော့ချရန်နှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာစားသုံးမှုများ လျှော့ချနိုင်ရေး အသိပညာပေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ ကျန်းမာသန်စွမ်းပြီး သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းစဉ်းစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းများဖွင့်လှစ်မှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဇော်မြင့်နှင့် ဦးဇော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအပ် နောက်ကျကာ ကျောင်းအပ်နှံ လာကြသည့် ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး က ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းမှန်မှန်တက်၍ တစ်နေ့စာ တစ်နေ့ကျက်မှတ်ကြိုးစားသွားရန်၊ အကျင့်စာရိတ္တ ကောင်းမွန်ရန်၊ ယဉ်ကျေးလိမ္မာရန်၊ မိဘဆရာ၏ ကျေးဇူးများကို မမေ့ကြရန်နှင့် ဂါရဝထား၍ လေးစားတန်ဖိုးထားရန် အရေးကြီးကြောင်း၊ ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်နှင့် ကျောင်းတက်သည့်အခါ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေး စည်းမျဉ်း စည်းကမ်းများကို စနစ်တကျ လိုက်နာကျင့်သုံးကြရမည်ဖြစ်ကြောင်း။

အကြောင်း အမျိုးမျိုးကြောင့် ကျောင်းမအပ်ရသေးသည့် ကျောင်းသား ကျောင်းသူများကို ကျောင်းဖွင့်ချိန် ကာလအတွင်း ကျောင်းအပ် လက်ခံပေးနေပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစည်းကမ်းများကို လိုက်နာကြရမည်ဖြစ်ကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးမှစ၍ အခန်းတွင်း၊ အခန်းပြင် သန့်ရှင်းသပ်ရပ်အောင် ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ ပညာတတ်ဖြစ်အောင်၊ ယဉ်ကျေးလိမ္မာအောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊

ကျောင်းဖွင့်ကာလအတွင်း အဆင်မပြေမှုများ၊ အခက်အခဲများ ကြုံတွေ့ရပါက ချက်ချင်းသတင်းပို့ရန်နှင့် အမြန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုပညာသင်နှစ် အောင်မြင်စွာ ပြီးမြောက်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်သွား ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဆောင်များအတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်း အားကစားကွင်းများ၊ ကျောင်းစာကြည့်တိုက်များ အမှန်တကယ် အသုံးပြုနိုင်အောင် ပြင်ဆင်ထားရှိရေး၊ လိုအပ်သည့် စာအုပ်ဗီရို၊ စာအုပ်စင်များ ဖြည့်ဆည်းပေးရေးနှင့် ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို တိုးတက်အောင် ခေတ်မီနည်းပညာများအသုံးပြု

မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးသည် အဓိကကျကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး ကျေးလက်စီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင် ခေတ်မီနည်းပညာများအသုံးပြု ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ကျေးလက်နေ ပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ၂၀၂၁ ပညာသင်နှစ်၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ သင်တန်းသား ရွေးချယ်ရေးအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၃

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ၂၀၂၁ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းသားရွေးချယ်ရေးအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ၂၀၂၁ ပညာသင်နှစ် ဘွဲ့လွန် ဆေးပညာသင်တန်းများ ဖွင့်လှစ်ရေးကိစ္စနှင့် ပတ်သက်၍ ဘွဲ့လွန်သင်တန်းသို့တက်ရောက်ရန် လျှောက်ထားသူဦးရေ များပြားသည့်အတွက် မိမိတို့ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှုအတွက် စိတ်အားထက်သန်မှုနှင့် စိတ်ဝင်စားမှုမြင့်မားခြင်း၊ အဆင့်မြင့် ဆေးပညာ သင်ယူရေးအတွက် ကိုယ်စီဆန္ဒပြင်းပြသည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဘွဲ့လွန် သင်တန်းများကို မဖြစ်မနေ ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း။

ဘွဲ့လွန်ဆေးပညာ သင်တန်းဝင်ခွင့်စာမေးပွဲ ကိစ္စရပ်များကို သင်တန်းသားရွေးချယ်ရေး ဘုတ်အဖွဲ့ဖြင့် စနစ်တကျ တိတိကျကျ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတက္ကသိုလ်၊ မိမိဆေးရုံ၊ မိမိဝန်ကြီးဌာနနှင့် ပြည်သူများ အကျိုးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ)(နောက်ဆက်တွဲ) သင်တန်းများနှင့် ပုံမှန်သင်တန်းများကိုလည်း ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများ၏ နောက်ဆုံးနှစ်အတန်းများကိုလည်း အမြန်ဆုံးဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုအခါ ဘွဲ့လွန်ဆေးပညာသင်တန်းများအား ရပ်နားထားခြင်းမရှိဘဲ ဆက်လက်ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ဘွဲ့လွန်သင်တန်းသား/သူများသည် ဘွဲ့လွန်သင်တန်းများဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအတိုင်း မိမိတို့ တက်ရောက်လျက်ရှိသော သက်ဆိုင်ရာ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အချိန်မီ အမြန်ဆုံး ပြန်လည်တက်ရောက်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် ရပ်ဆိုင်းထား၍မရသဖြင့် တာဝန်ရှိသူအားလုံးမှ ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ထွန်းနှင့် ညွှန်ကြားရေးမှူး (လူ့စွမ်းအားအရင်းအမြစ်) ဒေါက်တာချောစုမောင်တို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၌ ဘွဲ့လွန်ဝင်ခွင့် စာမေးပွဲများကို ၂၀၂၁ ခုနှစ် ဇွန်လ နောက်ဆုံးပတ်တွင် ဆောင်ရွက်ကျင်းပရန် စီစဉ်ထားရှိပြီး ၂၀၂၁ ပညာသင်နှစ် ဘွဲ့လွန်သင်တန်းများကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ပထမပတ်တွင် စတင်ဖွင့်လှစ် သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်စတော့အိတ်ချိန်းတွင် သတ္တမမြောက်စာရင်းဝင်ကုမ္ပဏီတိုး

**ရန်ကုန် ဇွန် ၃**

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ ခြောက်ခုရှိရာ ယခုအခါ သတ္တမမြောက် စာရင်းဝင်ကုမ္ပဏီအဖြစ် AMATA Holding Public Co., Ltd. ကို ခွင့်ပြုလိုက်ပြီဖြစ်သည်။ အဆိုပါကုမ္ပဏီ၏ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်သည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၄-၂၆ ဆူးလေဘုရားလမ်းရှိ ရန်ကုန်စတော့အိတ်ချိန်းခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့် အညီ ကျင်းပသည်။

**စိစစ်၍ ခွင့်ပြုပေး**

အခမ်းအနားတွင် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက AMATA Holding Public Co., Ltd. သည် ၂၀၁၇ ခုနှစ် ဇွန် ၂၇ ရက်တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီအဖြစ် လျှောက်ထားလာသဖြင့် စာရင်းဝင်စံနှုန်းများ၊ ငွေချေးသက်သေခံ လက်မှတ်များ စာရင်းတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းဝင်စစ်ဆေးခြင်း လုပ်ငန်းများကို စိစစ်ဆောင်ရွက်ခဲ့ကာ ရန်ကုန်စတော့အိတ်ချိန်းက မြန်မာနိုင်ငံ ငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်သို့ ဆက်လက်ထောက်ခံ တင်ပြခဲ့သဖြင့် ကော်မရှင်က ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုပေးခဲ့ပါကြောင်း။

**နေ့စဉ်ထုတ်လွှင့်ပေး**

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီပေါင်း ခုနစ်ခုရှိပြီ ဖြစ်ပါကြောင်း၊ အများပြည်သူ အလွယ်တကူ ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရန် Online မှတစ်ဆင့် Securities Account ဖွင့်လှစ်၍ အရောင်းအဝယ် ဆောင်ရွက်နိုင်ရန်လည်း ခွင့်ပြုပေးပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ကော်မရှင်သည် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ အထက်ရှိသည့် အများပိုင်ကုမ္ပဏီများ လိုက်နာရမည့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်ကြော်ငြာစာကိုလည်း ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းတွင် အများပြည်သူများက အရောင်းအဝယ်ပြုနိုင်ရန် စတော့ရှယ်ယာ ဈေးနှုန်းများကို မြန်မာ့ရုပ်မြင်သံကြားမှလည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင်လည်းကောင်း နေ့စဉ်ထုတ်လွှင့် ကြေညာပေးလျက်ရှိပါကြောင်း။


ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီငယ်များ ဝင်ရောက်လာနိုင်စေရန် Pre-Listing Board တစ်ခုကို ထူထောင်နိုင်ရန်လည်း သုံးသပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုအခါ ရန်ကုန်စတော့အိတ်ချိန်းတွင် သတ္တမမြောက်စာရင်းဝင်ကုမ္ပဏီအဖြစ် ပါဝင်လာပြီဖြစ်သည့် AMATA Holding Public Co., Ltd. ၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ရှယ်ယာရှင်များကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် AMATA Holding Public Co., Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်က ကုမ္ပဏီ၏လုပ်ငန်းများနှင့် စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**လက်မှတ်ပေးအပ်**

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက ကုမ္ပဏီသို့ စာရင်းဝင်အသိအမှတ်ပြု လက်မှတ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံမီဒီယာ၏ သိရှိလိုသည့် မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Phoenix ရုပ်သံမီဒီယာမှ တွေ့ဆုံမေးမြန်းခြင်း

**မေး ။ ။ အခုလတ်တလောမှာပဲ ဗိုလ်ချုပ်မှူးကြီးကို မီဒီယာများမှာ မြင်ရတာ လန်းလန်းဆန်းဆန်းနဲ့ကျန်းကျန်းမာမာရှိတာ တွေ့ရပါတယ်။**

ဖြေ ။ ။ နေကောင်းပါတယ်။ ခရီးလည်းသွားနေတာဖြစ်တဲ့အတွက်ကြောင့် နောက်တစ်ခုက ပြည်သူနဲ့ထိတွေ့မှုရှိတာလည်း ပိုကောင်းတယ်လို့ ယူဆတဲ့အတွက်ကြောင့် ကျွန်တော်ကလည်း ပြောစရာရှိတာပြော၊ သွားစရာရှိတာသွား၊ လုပ်စရာရှိတာ လုပ်နေပါတယ်။

**မေး ။ ။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်္ဂလာပါရှင်။ အခု ကမ္ဘာ့အပြင်ဘက်မှာ ပြောဆိုနေကြတဲ့အတိုင်း မြန်မာပြည်ဟာ ဖေဖော်ဝါရီလမှာ ဖြစ်ပေါ်ပြောင်းလဲမှုတွေကို သူတို့အနေနဲ့ သတိထားမိပါတယ်။ အဲဒီအပေါ်မှာ အပြင်ကလူတွေ ပြောကြားနေတာကတော့ စစ်အာဏာသိမ်းမှုလို့ ပြောဆိုနေကြတာရှိပါတယ်။ အဲဒီအပေါ်မှာ အဆွေတော် ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘယ်လိုများ တုံ့ပြန်ပြောဆိုချင်ပါသလဲ။**

ဖြေ ။ ။ ဒါသူတို့အမြင်ပြောတာပါ။ သေချာတာက မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို နားမလည်ဘူးဆိုတာတော့ ထင်ရှားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို နားမလည်ဘူးဆိုတာ တစ်ချက်ပေါ့။ နောက် ကျွန်တော်တို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ အခွင့်အရေးတွေရှိတယ်။ အဲဒီအခွင့်အရေးတွေက လုပ်လို့ရတာတွေ အများကြီးရှိပါတယ်။

နောက်တစ်ခုက အာဏာသိမ်းတာနဲ့ အာဏာထိန်းသိမ်းတာ မတူဘူးဆိုတာ ကျွန်တော်ခွဲခြားပြီး ပြောချင်တယ်။ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေပုဒ်မ ၄၁၇ မှာ ပြဋ္ဌာန်းထားတဲ့ တစ်ချက်ရှိတယ်။ အဲဒီမှာ အရေးပေါ်အခြေအနေဖြစ်ပေါ်လာရင် တပ်မတော်ကနေ နိုင်ငံတော်ကို ထိန်းသိမ်းပေးဖို့အတွက် တာဝန်ရှိတဲ့ တစ်ချက်ပါပါတယ်။ ဒီတာဝန်အရ ကျွန်တော်တို့က နိုင်ငံတော်ရဲ့တာဝန်ကို ယူရတာပါ။ ဒါကိုပြန်ပြီး အသေးစိတ်ပြောရရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆ မှာ တပ်မတော်သည် အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ရမယ်ဆိုတဲ့ တစ်ချက် ဖော်ပြထားတယ်။ ပုဒ်မ ၂၀ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရမယ်ဆိုပြီး ဖော်ပြထားတာ တစ်ချက်ရှိတယ်။ ပုဒ်မ ၄၁၇ မှာ နိုင်ငံတော်မှာ အရေးပေါ်အခြေအနေဖြစ်ပေါ်လာရင် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းနိုင်တဲ့ အခွင့်အရေးရှိတယ်ဆိုတာ ဖော်ပြထားတယ်။ ဒီအချက်ကြောင့် ကျွန်တော်တို့က အာဏာသိမ်းစရာမလိုဘဲနဲ့ တိုင်းပြည်ကို ဝင်ရောက်ထိန်းသိမ်းပေးတာ ဖြစ်တယ်ဆိုတာကို ကျွန်တော် ကနဦးရှင်းပြလိုပါတယ်။

အရေးပေါ်အခြေအနေ ကြေညာပြီး တိုင်းပြည်ထိန်းသိမ်းတဲ့အခါမှာ တပ်မတော်က ထိန်းသိမ်းတဲ့ အစိုးရတစ်ခု ဖွဲ့စည်းထားပါတယ်။ အဲဒီအစိုးရထဲမှာ တပ်မတော်ကလည်းပါတယ်၊ အရပ်ဘက်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေ၊ ဩဇာအာဏာရှိတဲ့ ပုဂ္ဂိုလ်တွေလည်းပါပါတယ်။ တပ်မတော်သားချည်း အားလုံးက တာဝန်ယူထားတာ မဟုတ်ဘူး။ နံပါတ် (၁) အချက်အနေဖြင့် ခင်ဗျားတွေ့ရလိမ့်မယ်။ ဒုတိယအချက်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းပဲ ကျွန်တော်တို့သွားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပယ်ဖျက်ဘူး ဥပဒေကြီး ရှိနေတယ်။

**မေး ။ ။ အခုမေးချင်တဲ့ မေးခွန်းအတိုလေးက အခုလိုမျိုး တာဝန်ယူရတယ်ဆိုတာ မြန်မာပြည်ရဲ့ အခြေခံဥပဒေကို ကာကွယ်ဖို့အတွက် ဆောင်ရွက်တယ်လို့ ဆိုလိုချင်တာလား။**

ဖြေ ။ ။ ဟုတ်ပါတယ်။ မှန်ပါတယ်။

**မေး ။ ။ အဲဒီလိုမျိုး အချုပ်အခြာအာဏာကို ခြိမ်းခြောက်မှုပုံစံမျိုး ဖြစ်လာတယ်ဆိုတာ ဘယ်လိုအခြေအနေမျိုးတွေကို ပြောလိုပါသလဲ။ အဲဒီအခြေအနေတွေကြောင့် အခြေခံဥပဒေကို ကာကွယ်တယ်လို့ ဆိုလိုခြင်းဖြစ်ပါသလား။**

ဖြေ ။ ။ ဟုတ်တယ်။ နိုင်ငံတော်ရဲ့အာဏာကို အဓမ္မနည်းနဲ့ယူတယ်ဆိုတာလည်း ခြိမ်းခြောက်မှုတစ်ခုပါ။ ကျွန်တော်တို့က ရွေးကောက်ပွဲမှာ ဖြစ်လာတဲ့ရလဒ်တွေအရ ဒါတွေဟာ ဥပဒေနဲ့ မညီဘူးဆိုတာ ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် ဒါကို ဥပဒေနဲ့အညီ ရှင်းဖို့လုပ်တဲ့အချိန်မှာ အနိုင်ရတဲ့ပါတီက ဒီဟာကို ရှင်းလင်းဖို့ မကြိုးစားဘဲနဲ့ လွှတ်တော်ခေါ်ပြီးတော့မှ အာဏာကို ဆက်ပြီးတည်မြဲအောင်လုပ်ဖို့ ကြိုးစားတဲ့အတွက်ကြောင့် အဓမ္မနည်းနဲ့ အာဏာယူဖို့ ဆောင်ရွက်ခြင်းဖြစ်တယ်။ ဒါကို ကျွန်တော်တို့က ကာကွယ်ခဲ့ခြင်း ဖြစ်ပါတယ်။

**မေး ။ ။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ NLD အစိုးရအနေနဲ့ သူတို့ဘက်က ကြေညာတာက ၈၀ ရာခိုင်နှုန်းလောက်အထိကို နိုင်တယ်လို့ ပြောပါတယ်။ အဲဒီတော့ တပ်မတော်ဘက်က ဘယ်လို ကိန်းဂဏန်းတွေအရ သူတို့သည် မဲမသမာမှုလုပ်သွားတယ်လို့ ပြောဆိုနိုင်ပါသလဲ။**

ဖြေ ။ ။ သူတို့ပြောတာကတော့ ၈၀ ရာခိုင်နှုန်းနီးပါးအထိ နိုင်တယ်လို့ပြောတာပေါ့။ ဒါကတော့သူတို့ရဲ့ ရွေးကောက်ပွဲရလဒ်ကို ပြောတာ။ ဒါပေမယ့် ရွေးကောက်ပွဲလုပ်တဲ့အချိန်မှာ မဲပေးခဲ့တဲ့ မဲစာရင်းတွေဟာ လုံးဝမှားယွင်းနေတာကို တွေ့ရတယ်။ မြန်မာနိုင်ငံမှာ မဲပေးခွင့်ရှိတဲ့ သူဟာ UEC လို့ခေါ်တဲ့ Union Election Commission ကြေညာတဲ့ မဲပေးပိုင်ခွင့်ရှိတဲ့သူသည် ၃၈ ဒသမ ၂၇ သန်းရှိတယ်။ ဒါပေမယ့် အဲဒီလူတွေကို စာရင်းစစ်ကြည့်တဲ့အခါမှာ ၁၀ ဒသမ ၄၈ သန်းက စာရင်းမှားနေတာကို တွေ့ရတယ်။

ဒီမိုကရေစီမှာ ရွေးကောက်ပွဲသည် တကယ့်အရေးကြီးတဲ့ စနစ်တစ်ခုပါပဲ။ ဒီမိုကရေစီတင်မဟုတ်ဘူး တစ်ပါတီ ဆိုရှယ်လစ်စနစ်မှာလည်း ရွေးကောက်ပွဲနဲ့ သွားတယ်။ ပါတီစုံစနစ်မှာလည်း ရွေးကောက်ပွဲနဲ့ သွားတယ်။ ရွေးကောက်ပွဲလုပ်တဲ့အခါမှာ မဲစာရင်းတွေမှန်ကန်ဖို့က သိပ်အရေးကြီးတယ်။ မဲစာရင်းတွေ မမှန်မကန်ဘဲနဲ့ ရွေးကောက်ပွဲကို လုပ်လိုက်ရင် ရလဒ်တွေက ဘယ်လိုမှကို အနှစ်သာရပြည့်ဝတဲ့ ရွေးကောက်ပွဲတစ်ခု မဖြစ်နိုင်ဘူးဆိုတာ နိုင်ငံတိုင်းက လက်ခံထားတယ်။

**မေး ။ ။ အခုလိုမျိုး ဗိုလ်ချုပ်မှူးကြီးဘက်က ပြန်ဖြေတာကိုလည်း နားလည်ပါတယ်။ တကယ်တမ်းပြောရရင် NLD ဘက်က နေပြီးတော့ မဲစာရင်းတွေကို တမင်တကာ ဒီလိုမျိုး လုပ်သွားတယ်ဆိုတဲ့ သဘောမျိုးပြောလိုပါသလား။**

ဖြေ ။ ။ မဲစာရင်းအမှားတွေကို အများကြီးပြုစုထားတာရှိတယ်။ မဲစာရင်းကို စစ်တဲ့အခါမှာ ၁၀ ဒသမ ၄၈ သန်း မဲစာရင်းမှားတယ်။ အဲဒီမှာ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းမှာ နာမည်တွေ မျိုးစုံထပ်နေတာရှိတယ်။ အဖေတူတယ်၊ အမေ မတူဘူး။ အမေတူတယ်၊ အဖေမတူဘူး စသည်ဖြင့် ဒီလိုဟာတွေက ၅ သန်းကျော်ရှိတယ်။ နောက်တစ်ခါ အသက် ၁၀၀ ကျော်နေတဲ့ ပုဂ္ဂိုလ်တွေပါတယ်။ မှတ်ပုံတင်မရှိတဲ့သူတွေပါတယ်။ ဒါတွေက ၄ သန်းကျော်ရှိတယ်။ ပေါင်းလိုက်ရင် ၁၀ ဒသမ ၄၈ သန်းရှိတယ်။ ဒီလူတွေရဲ့ စာရင်းဇယား မမှန်ကန်မှုက ဘယ်လိုလုပ် မဲစာရင်းမှန်ကန်မှု ဖြစ်နိုင်မလဲ ခင်ဗျားတို့ စဉ်းစားကြည့်လို့ရတယ်။

**မေး ။ ။ ပြီးခဲ့တဲ့ နိုင်ငံရေးဖြစ်စဉ်အပြီးမှာတော့ ပြည်သူတွေရဲ့ တုံ့ပြန်မှုတွေက နည်းနည်းလေး ပြင်းထန်လာတာမျိုးတွေ တွေ့ရပါတယ်။ အဲဒီအတွက်ရော အဆွေတော်ဘက်က မှန်းဆခဲ့တာမျိုး၊ ကြိုတင်ပြီးတော့ မျှော်မှန်းခဲ့တဲ့ အခြေအနေမျိုးရော ရှိခဲ့ပါသလား။**

ဖြေ ။ ။ ပြောရရင် အဲဒီလောက်အထိတော့ များလိမ့်မယ်လို့ မထင်ခဲ့ဘူး။ ခံစားချက်တော့ ရှိပါလိမ့်မယ်။ အဲဒီလိုမျိုးဖြစ်စဉ်တစ်ခုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တစ်ခုရှိခဲ့ဖူးတာကို ကျွန်တော် ဥပမာတစ်ခုပြောချင်တယ်။

၁၉၅၆ ခုနှစ်က ကျွန်တော်တို့ဆီမှာ အစိုးရကလုပ်တဲ့ စာမေးပွဲတစ်ခုရှိတယ်။ ၇ တန်း စာမေးပွဲ။ မေးခွန်းတွေပေါက်တဲ့အတွက်ကြောင့် စာမေးပွဲမှာ ပြဿနာတွေတက်ပြီးတော့ စာမေးပွဲဖြေတဲ့အတွင်းမှာပဲ အစိုးရက ဒီစာမေးပွဲကို ရွှေ့ဆိုင်းခဲ့တယ်။ ရွှေ့ဆိုင်းလိုက်တယ်။ ရွှေ့ဆိုင်းလိုက်တော့ စာမေးပွဲဖြေတဲ့ ကျောင်းသားတွေမှာ ပြဿနာတက်ကြတယ်။ တစ်နှစ်လုံး စာကြိုးစားလာခဲ့တဲ့ ကလေးတွေက စာမေးပွဲကိုဖျက်လိုက်တဲ့အခါမှာ သူတို့မကျေနပ်လို့ ဆန္ဒပြတာရှိတယ်။ ဘာကြောင့် စာမေးပွဲရွှေ့သလဲဆိုရင် မေးခွန်းပေါက်တဲ့အတွက်ကြောင့် ရွှေ့လိုက်တာ။ မေးခွန်းမတရားနည်းနဲ့ရလိုက်တဲ့ လူတွေကျတော့၊ ပိုက်ဆံပေးပြီး ယူထားတဲ့ မေးခွန်းရတဲ့လူတွေကလည်း သူတို့ ပိုက်ဆံအကုန်အကျခံပြီးတော့ စာမေးပွဲဖြေတဲ့အချိန်မှာ စာမေးပွဲပယ်ဖျက်ခြင်း ခံလိုက်ရတဲ့အတွက်ကြောင့် မကျေနပ်ဘူး။ အဲဒီတော့ ရိုးရိုးသားသား ဖြေတဲ့သူကလည်း မကျေနပ်ဘူး။ မရိုးမသားနဲ့ လုပ်ပြီးယူတဲ့ လူကလည်း မကျေနပ်ဘူး။ *စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အစိုးရကို ဆန္ဒပြလို့ ရဲက နှိမ်နင်းတဲ့အခါမှာ ကျောင်းသားတစ်ယောက် သေသွားခဲ့ဖူးတဲ့ ဖြစ်စဉ်ရှိတယ်။ ဒီဖြစ်စဉ်လည်း ဒီလိုပဲ ရိုးရိုးသားသား ဖြေတဲ့ ထောက်ခံတဲ့သူတွေကလည်း သူတို့ ရိုးရိုးသားသားဖြေတဲ့ ထောက်ခံတဲ့ဟာတွေကို ကျွန်တော်တို့က ဒါတွေမဟုတ်ဘူးဆိုပြီးတော့ မမှန်ဘူးလို့ပြောတဲ့အချိန်မှာ သူတို့မကျေနပ်လို့ ဆန္ဒပြတာလည်းရှိလိမ့်မယ်။ မရိုးမသားလုပ်တဲ့သူတွေကလည်း မရိုးမသားလုပ်တာတွေကို မဟုတ်ဘူးလို့ ပြောတဲ့အချိန်မှာ သက်သေမပြနိုင်ရင် သူတို့တရားစွဲခံရမယ်။ ဒါကိုပျောက်အောင်ဆိုပြီး ဆန္ဒပြတဲ့ ဖြစ်စဉ်မျိုးတွေဖြစ်တယ်။ ဒါကြောင့် ဒါဟာ အင်အားအင်မတန် ကြီးမားလာတာဖြစ်ပါတယ်။

**မေး ॥ ॥ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောသလိုပါပဲ။ ဆန္ဒပြတဲ့သူထဲမှာ နှစ်ပိုင်းခွဲပြီး မြင်ရမယ်လို့ မိမိအနေနဲ့ မျက်လုံးထဲပေါ်ပါတယ်။ တစ်ခုကတော့ သူတို့ ရိုးရိုးသားသားနဲ့ မဲပေးပြီးတော့ ဒီလိုဖြစ်ရပ်ဖြစ်သွားတာကို မကျေနပ်လို့ ဆန္ဒပြတဲ့လူရှိသလို တချို့ကတော့ သူတို့ ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ပေမယ့် မအောင်မြင်လို့ ဆန္ဒပြတာ ဒီလိုပဲ နားလည်တယ်လို့ ပြန်ပြောလိုပါတယ်။**

ဖြေ ॥ ॥ ဟုတ်ပါတယ်၊ အဲဒီအတိုင်းပါပဲ။

**မေး ॥ ॥ ကျွန်မတို့သတိပြုမိတာက ဒီနိုင်ငံရေးဖြစ်စဉ်မှာ မီဒီယာတွေ ပြောကြားမှုအရတော့ သေဆုံးရသူပေါင်း ၇၀၀ ကျော်ရှိတယ်လို့ ပြောပါတယ်။ အဲဒီအတွက် ဘယ်လိုအဖွဲ့အစည်းအနေနဲ့ တာဝန်ရှိပါသလဲ၊ နောင်ရော ဒီလိုမျိုးသေကျေမှုတွေကို ရှောင်ရှားနိုင်ဖို့အတွက် ဘယ်လိုများ ဆောင်ရွက်သွားမယ်လို့ ယူဆပါသလဲ။**

ဖြေ ॥ ॥ ၇၀၀ ကျော်လို့ ပြောတယ်၊ သူတို့ပြောတဲ့စာရင်းက ဘယ်ဟာကို အထောက်အထားယူပြီးတော့ အတည်ပြုပြီးပြောသလဲ ပြန်ပြီးမေးလို့ရပါတယ်။ ခင်ဗျားတို့ကလည်း ဒီ ၇၀၀ ကို ဘယ်လိုမျိုး အတည်ပြုလို့ရမလဲ။ ကျွန်တော်တို့ လုံးဝအတည်ပြုလို့မရဘူး။ တကယ်သေတာကတော့ ၃၀၀ နီးပါးလောက်တော့ ရှိပါတယ်။ အားလုံးလည်း ကြေညာထားပါတယ်။ အကြမ်းဖက်လို့ သေတာတွေ ရှိပါတယ်။ အကြမ်းဖက်ရာမှာလည်း စတဲ့အချိန်တုန်းက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆန္ဒပြတာရှိတယ်။ ဒါကို ကျွန်တော်တို့ ဘာမှပြန်မလုပ်ဘူး။ ဘေးကနေပဲ ကြည့်နေတယ်။ အဲဒီကနေ လူစုလူဝေးနဲ့ ဆန္ဒပြတာတွေ ဖြစ်လာတယ်။ နည်းနည်း Riot အဆင့်ကို ပြောင်းလာတယ်။ အဲဒီကနေ အကြမ်းဖက်တဲ့အဆင့်ကို ပြောင်းလာတယ်။ Anarchy Mob လို့ ဖြစ်လာကြတယ်။ အဲဒီကနေ ဘာဖြစ်လာလဲဆိုတော့ လက်နက်နဲ့ တိုက်ခိုက်လာတယ်။ အဲဒီတော့ Terrorism အဆင့်ကို ရောက်လာတယ်။ အဲဒီတော့ လက်နက်နဲ့ တိုက်လာတဲ့လူ၊ အကြမ်းဖက်ဆူပူဆန္ဒပြမှုနဲ့ ဖြစ်လာတယ်ဆိုရင် ရဲက ဒီအတိုင်းတော့ ကြည့်နေလို့ မရတော့ဘူး လိုအပ်တဲ့တုံ့ပြန်မှုတော့ လုပ်ရမယ်။ လိုအပ်တဲ့တုံ့ပြန်မှု လုပ်တဲ့အခါကျတော့ ထိခိုက်သေဆုံးမှုတော့ ရှိမှာပါ။ ရဲမှာလည်း သေတဲ့သူတွေ အများကြီးရှိတယ်။ ရဲမှာလည်း ၄၇ ယောက် သေခဲ့တယ်။ ၂၀၀ ကျော် ဒဏ်ရာရတယ်။ ဒီလူစုလူဝေးတွေ၊ ဆူပူဆန္ဒပြမှုတွေ၊ အကြမ်းဖက်မှုတွေကို တုံ့ပြန်ရင်း ရဲတွေ သေသွားတယ်။ ရဲတွေ အသက်ပေးပြီး ကာကွယ်တာကျတော့ ဘာမှမပြောဘဲ စာရင်းမရှိအင်းမရှိပြောကြတဲ့ ၇၀၀ လောက်သေတဲ့ ကိစ္စကို မီဒီယာတွေက ထည့်ပြောတာက မျှတမှုမရှိဘူးလို့ ပြောလိုတယ်။ ပြောချင်တာက ဒီအကြမ်းဖက်မှုကိစ္စနဲ့ပြောရရင် လူသေဆုံးမှု မဖြစ်အောင်ဆိုရင် တစ်ဖက်နဲ့ တစ်ဖက်၊ တစ်ဖက်ကလည်း အကြမ်းဖက်မှု မလုပ်ဖို့တော့ လိုတယ်။ ဥပမာ– အကြမ်းဖက်မှုလုပ်ရင် အကြမ်းဖက်မှုနဲ့ လျော်ညီတဲ့ တုံ့ပြန်မှု၊ ထိန်းသိမ်းမှုတော့ ရှိမှာပေါ့။ တစ်ဖက်က အကြမ်းဖက်မှု မလုပ်ဘူး၊ ဗုံးတွေမခွဲဘူး၊ မီးတွေမရှို့ဘူး၊ လူအန္တရာယ်မပြုဘူးဆိုရင် ကျွန်တော်တို့ ဒီဘက်ကလည်း ထိန်းသိမ်းတဲ့အဖွဲ့တွေကလည်း ဥပဒေနဲ့အညီ ထိန်းသိမ်းတဲ့အခါမှာလည်း ဘယ်လိုမှ လွန်လွန်ကျူးကျူး လုပ်စရာအကြောင်းမရှိဘူး၊ တုံ့ပြန်စရာအကြောင်းမရှိဘူး။ တစ်ဖက်ကလည်း ဒါတွေမလုပ်ဖို့လည်း လိုပါတယ်။ ဒါဆိုရင်သေဆုံးမှုတွေက ရှေ့ဆက်ဖြစ်လာစရာ အကြောင်းမရှိဘူးလို့ ကျွန်တော် ပြောချင်တယ်။

**မေး ॥ ॥ ဒါ့အပြင် မေးခွန်းမေးချင်တာကတော့ ထိန်းသိမ်းထားတဲ့သူအားလုံးပေါင်းက ၃၀၀၀ ကျော်တာ တွေ့ရပါတယ်။ တချို့ကျတော့ အရင်တုန်းက အမတ်ဟောင်းတွေ၊ နိုင်ငံရေးသမားဟောင်းတွေပါတယ်။ တချို့ကျတော့လည်း အနုပညာရှင်တို့၊ သာမန်ပြည်သူတွေပါပါတယ်။ အဲဒီသူတွေအတွက်ရော ရေရှည်ဘယ်လိုများ စဉ်းစားမှု၊ ဘယ်လိုများ ကိုင်တွယ်မှုရှိနိုင်မလဲ သိလိုပါတယ်။**

ဖြေ ॥ ॥ ကျွန်တော်က နည်းနည်းခွဲတော့ ခွဲခြားထားတယ်။ ဒီမိုကရေစီမှာတော့ အစိုးရတစ်ရပ်ကို မကျေနပ်ရင် ဆန္ဒပြရမှာတော့ သူ့သဘာဝပဲ။ ရိုးရိုးဆန္ဒပြတာတော့ ကျွန်တော်ဘာမှ ပြောစရာအကြောင်းမရှိဘူး။ သို့သော် ဆူပူမှုဖြစ်လာအောင်၊ အကြမ်းဖက်မှုဖြစ်လာအောင် လှုံ့ဆော်တာကျတော့ ရာဇဝတ်မှု၊ ပြစ်မှုဖြစ်လာတယ်၊ ပြစ်မှုကျူးလွန်လာတယ်။ ဒါကျတော့ လိုအပ်တဲ့ အရေးယူမှုတွေ လုပ်ရမှာပေါ့။ ကျွန်တော်အရေးယူမှုကလည်း နှစ်ပိုင်းခွဲထားတယ်။ သာမန်လေးလှုံ့ဆော်တာတို့၊ ဝန်ထမ်းဆိုလည်း သတိပေးတာလောက် လုပ်ပါတယ်။ ဒါမှမဟုတ် သာမန်ပြည်သူထဲကဆိုရင် ဆိုဆုံးမမှုတွေ ပြုလုပ်တယ်။ သူတို့ရဲ့ ပြစ်မှုကျူးလွန်မှုအပေါ်မူတည်ပြီး ဥပဒေအရ အရေးယူတာတွေရှိတယ်။ တိုင်းပြည်ကို ထိန်းသိမ်းလို့မရအောင် ဆူပူဆန္ဒပြမှုတွေ ဖြစ်လာအောင် လှုံ့ဆော်တာကို ကျွန်တော်တို့က ဒီအတိုင်းတော့ ခွင့်လွှတ်လို့တော့မရဘူး။ အတိုင်းအတာတစ်ခုတော့ အရေးယူရမှာရှိတယ်။ သို့သော် အရမ်းကာရော တစ်ဖက်သတ်ကြီး ကြောက်သွားအောင် လုပ်တာမျိုးတော့ ကျွန်တော်တို့ မလုပ်ပါဘူး။ ထိန်းထိန်းသိမ်းသိမ်းလုပ်တာကို ပြောလိုပါတယ်။ အခုချိန်က ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလဖြစ်တယ်။ ကျွန်တော်တို့က ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်လို့ ကန့်သတ်ချက် အများကြီးပေးထားပါတယ်။ လူဘယ်နှယောက်ထက် ပိုပြီးမစုရဘူး။ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက်အကွာအဝေးမှာ ရှိရမယ်။ Social distancing စနစ်နဲ့ ပေးထားတယ်။ ဒါတွေအကုန်လုံး ချိုးဖောက်နေတယ်။ ဒါတွေ ချိုးဖောက်တဲ့အချိန်မှာ သည်းခံနေရတယ်။ ဒီလိုချိုးဖောက်တာတွေကို အရေးယူမယ်ဆိုရင် အများကြီးရှိပါတယ်။ ဒါပေမယ့် ကျွန်တော် ဘာမှ မလုပ်ခဲ့ပါဘူး။

**မေး ॥ ॥ မြန်မာနိုင်ငံမှာ ကြိုးမဲ့အင်တာနက်တို့၊ မိုဘိုင်းစနစ်တွေ ဖြတ်တောက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီအခြေအနေ ဘယ်လိုများ ရှိနေပါသလဲ၊ ပုံမှန်အနေအထားကို ရောက်နေပြီလို့ ပြော နိုင်ပါသလား။**

ဖြေ ॥ ॥ စဖြစ်တဲ့အချိန်မှာ Social media ကနေပြီး သတင်းမှားတွေကို ဖြန့်တယ်။ ဒါတွေကို ကျွန်တော်တို့ ထိန်းဖို့အတွက် Media ဖြတ်ခဲ့တာရှိပါတယ်။ Media က ပြည်သူ့အတွက် ဖြစ်ရမယ်လို့ ကျွန်တော်တို့ခံယူထားတယ်။ ကျွန်တော့်ရဲ့ ခံယူချက်တစ်ခုကို ပြောရရင် ပြည်သူရယ်၊ အစိုးရရယ်၊ လွှတ်တော်က မဏ္ဍိုင်သုံးရပ်ရှိတယ်။ ဒါကိုထိန်းတာက Media က ထိန်းပေးတယ်။ ဒါကြောင့် မီဒီယာကို ကျွန်တော်က စတုတ္ထမဏ္ဍိုင်လို့ အမြဲသတ်မှတ်တယ်။ မီဒီယာနဲ့ပတ်သက်လို့ လွတ်လွတ်လပ်လပ် ပေးထားပါတယ်။ သို့သော် မီဒီယာက တလွဲလုပ်လာရင်တော့ တိုင်းပြည်အတွက် တော်တော်လေးကို ပြင်းထန်တဲ့ သက်ရောက်မှုတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်က မီဒီယာကို ထိန်းလိုက်တာဖြစ်တယ်။ မီဒီယာကိုထိန်းဖို့အတွက် အင်တာနက်ကို ကျွန်တော်ရအောင် ထိန်းလိုက်တာဖြစ်တယ်။ ခင်ဗျားတို့လည်း အင်တာနက်မှာ အများကြီးအတွေ့အကြုံရှိပါတယ်။ Facebook ပေါ်မှာ မဟုတ်တဲ့သတင်းတွေ လူမှုကွန်ရက်ပေါ်မှာ လှုံ့ဆော်မှုတွေ အများကြီးတွေ့ရတယ်။ ခုနကပြောတဲ့ အရေးယူမှုဖြစ်စဉ်တွေအပေါ်မှာ Facebook ကနေပြီးတော့ မဟုတ်တဲ့ ဝါဒဖြန့်ဝေတဲ့လူတွေကို အရေးယူတဲ့ လူတွေအများကြီးရှိတယ်။ အခုအခြေအနေက တည်ငြိမ်တဲ့အခြေအနေ ဖြစ်လာတဲ့အတွက်ကြောင့် တချို့လိုက်လျောမှုတွေလည်း အများကြီးဖြေလျှော့ပေးတာဖြစ်ပြီး ပုံမှန်နီးပါးလောက်ဖြစ်နေပြီလို့ ပြောချင်ပါတယ်။

**မေး ॥ ॥ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလို့ပဲ ပြောပြော တပ်မတော်က တာဝန်ယူထိန်းသိမ်းထားတယ်လို့ပဲ ပြောပြော အခုလို အာဏာထိန်းသိမ်းထားမှု အခြေအနေဘယ်လောက်အထိ ကြာမြင့်နိုင်မယ်လို့ မှန်းဆပါသလဲ။**

ဖြေ ॥ ॥ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောရရင်တော့ အရေးပေါ်အခြေအနေက တစ်နှစ်ပဲ လုပ်လို့ရတယ်။ တကယ်လို့ အရေးပေါ်အခြေအနေအတွင်းမှာ တာဝန်မပြီးဆုံးသေးဘူးဆိုရင် သမ္မတ(သို့မဟုတ်) ယာယီသမ္မတကနေ ခြောက်လတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်။ နှစ်ကြိမ် ခွင့်ပြုပေးတယ်။ နှစ်နှစ်ထက်ပိုပြီး လုပ်လို့မရဘူး။ ဒါကြောင့် ကျွန်တော်တို့သည် အများဆုံးက နှစ်နှစ်ပဲ ဖြစ်ပါတယ်။ နှစ်နှစ်ထက် ပိုလုပ်လို့ မရပါဘူး။

**မေး ॥ ॥ အကယ်၍ ဒီကြားထဲမှာ ထောက်ခံလာသူတွေက တိုးတက်လာတယ်၊ အခြေအနေက တည်ငြိမ်လာတယ်ဆိုရင် ဗိုလ်ချုပ်မှူးကြီးအနေနဲ့ တခြားပြောင်းလဲချင်တဲ့ အခြေအနေများ စဉ်းစားထားမှု ရှိပါသလား။**

ဖြေ ॥ ॥ ကျွန်တော်တို့တပ်မတော်က လက်ခံထားတာသည် ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို သွားဖို့ပါ။ ဒီစနစ်ကို သွားနိုင်ဖို့အတွက် စိတ်ချရတဲ့အခြေအနေရှိတယ်ဆိုရင် ကျွန်တော်တို့လုပ်မှာပါ။ တကယ်လို့ တစ်နှစ်အတွင်းမှာရသွားရင် တစ်နှစ်အတွင်းပေါ့၊ နောက်ထပ် ခြောက်လတိုးပြီး ခြောက်လအတွင်းမှ ရရင်လည်းရပေါ့။ ဒါပေမယ့် လက်ရှိအခြေအနေအရဆိုရင် တစ်နှစ်အတွင်းမှာ ပြင်းပြင်းထန်ထန် လုပ်ရမယ့်အနေအထားရှိတယ်။ နောက်ထပ် ခြောက်လတော့ ကျွန်တော်မပြောနိုင်ဘူး။ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံရေးပါတီတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာရဲ့ နားလည်ပူးပေါင်းဆောင်ရွက်မှုအပေါ်မှာလည်း တည်လိမ့်မယ်လို့ ကျွန်တော်ပြောလိုပါတယ်။

**မေး ॥ ॥ အကယ်၍ နှစ်နှစ်ပြီးမြောက်သွားရင်ရော ဗိုလ်ချုပ်မှူးကြီး စဉ်းစားထားတာမျိုး ရှိသေးလား။ ဒါမှမဟုတ် တခြားအစီအစဉ်များ ရှိပါသလား။**

ဖြေ ॥ ॥ ကျွန်တော်ကတော့ တိုင်းပြည်ကို ကောင်းအောင်လုပ်ပေးဖို့၊ တိုင်းပြည်ကို ဒီမိုကရေစီစနစ်အရ မှန်မှန်ကန်ကန် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ တိုးတက်ဖို့ပဲ။ ကျွန်တော့်ရဲ့ လိုလားချက်ကတော့ ရိုးသားတဲ့ နိုင်ငံရေး၊ စစ်မှန်တဲ့ ဒီမိုကရေစီကို ကျွန်တော်လိုချင်တယ်။ ဒါက ကျွန်တော်ရွေးတာ မဟုတ်ဘူး။ ပြည်သူက ရွေးချယ်ထားတဲ့ လမ်းကြောင်းပေါ့နော်။ ပြည်သူကနေ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်တဲ့အချိန်မှာ ပါတီစုံလမ်းကြောင်းကို သွားမယ်ဆိုပြီး ရွေးချယ်တဲ့အတွက်ကြောင့် တပ်မတော်က ဒီလမ်းကြောင်းပေါ်မှာ ရောက်အောင် တင်ပေးထားခဲ့တာ။ ပြည်သူတွေ ရွေးချယ်တဲ့အတွက်ကြောင့် ကျွန်တော် ဖျက်လို့မရဘူး။ ပြည်သူရဲ့ ဆန္ဒအတိုင်းပဲဖြစ်ရမယ်။ ဒါကြောင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်တော်မဖျက်ဘဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းပဲ ကျွန်တော်သွားခြင်း ဖြစ်ပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ရွေးချယ်တဲ့လမ်းကြောင်းမှာ ကျွန်တော်တို့ ရပ်တည်တယ်ဆိုတာကိုလည်း ခင်ဗျားသတိပြုနိုင်ပါတယ်။

**မေး ॥ ॥ ဒီတစ်နှစ် နှစ်နှစ်အတွင်းမှာရော Constitution ကို ပြောင်းမယ့်အပိုင်းမှာရော စဉ်းစားထားတာမျိုး ရှိပါသလား။ ပြင်ဆင်ဖို့ ရှိပါသလား။**

ဖြေ ॥ ॥ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်ကတည်းက Constitution ပြင်ဖို့ လိုတဲ့အချက်တွေ ပြင်ဖို့ကြိုးစားခဲ့တယ်ဗျ။ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိလည်း ပြင်ခဲ့တယ်။ အချက်တွေ တော်တော်များများလည်း ပြင်ပေးနိုင်ခဲ့တယ်။ တချို့ကလည်း referendum လုပ်ရမယ့်ကိစ္စတွေ ဖြစ်တယ်။ referendum မလုပ်နိုင်သေးလို့ အတည်မပြုရသေးတာတွေ ရှိတာပေါ့။ ကျွန်တော်တို့ အရမ်းပြင်လို့မရပါဘူး။ အခြေခံဥပဒေထဲမှာ အခန်း (၁၂)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုပြင်ရမလဲဆိုတာ သူ့ရဲ့ပြဋ္ဌာန်းချက်တွေ ရှိတယ်။ ဒီအတိုင်းပဲ သွားလို့ရတယ်။ အဲဒါတွေက လွှတ်တော်လမ်းကြောင်းကနေပဲ သွားလို့ရတယ်။ လွှတ်တော်လမ်းကြောင်းမှာပဲ သွားလို့ရတဲ့အတွက်ကြောင့် ကျွန်တော်က သွားပြင်လို့မရဘူး။ ရွေးကောက်ပွဲပြီးမှပဲ ဒီဟာကို ပြင်ရမယ့်သဘောကိုတော့ အခြေခံဥပဒေအရ ပြဋ္ဌာန်းထားတယ်ဆိုတာလေးကိုတော့ နားလည်စေချင်တယ်။

**မေး ॥ ॥ အကယ်၍ ဒီဟာအားလုံး ရွေးကောက်ပွဲပြီးသွားမယ်၊ ပြီးတော့ လွှတ်တော် နောက်တစ်ရပ်ပေါ်လာလို့ အခြေခံဥပဒေကို ပြင်ဆင်လိုတဲ့ သူတို့ဆန္ဒတွေပေါ်လာရင်ရော တပ်မတော်ရဲ့ ရပ်တည်ချက်အနေအထားက ဘယ်လိုရှိပါသလဲ။**

ဖြေ ॥ ॥ ပြည်သူရဲ့ဆန္ဒအတိုင်းပဲ ပြင်ဖို့ရှိတဲ့အချက်တွေ ကျွန်တော်တို့ ပြင်မယ်။ ပြင်ဖို့လိုတဲ့ အချက်တွေလည်း ကျွန်တော်တွေ့တယ်။

**မေး ॥ ॥ တပ်မတော်က နိုင်ငံအတွက် အရေးကြီးတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ အဲ့ဒီတော့ အခုလက်ရှိ မြန်မာပြည်ရဲ့ အခြေအနေနဲ့ပြောရင် နိုင်ငံတော်ကာကွယ်ရေးက နံပါတ်(၁)လို့ ပြောနိုင်ပါသလား။ ဒါမှမဟုတ် အခြေခံဥပဒေကို ကာကွယ်ဖို့က နံပါတ် (၁)လို့ ပြောနိုင်ပါသလား။ ဘယ်ဟာက ပိုအရေးကြီးပါသလဲ။ အခုမေးချင်တဲ့ မေးခွန်းကတော့ အဓိကကတော့ နိုင်ငံတော်ကို ကာကွယ်မယ်၊ ပြည်သူကို ကာကွယ်မယ်ဆိုတဲ့ မူရင်းတာဝန်အပြင်ကို အခြေခံဥပဒေကို ထိန်းသိမ်းမယ်ဆိုတဲ့ တာဝန်လည်းရှိပါတယ်။ ဘယ်ဟာက ပိုပြီးအရေးကြီးတယ်လို့ ယူဆပါသလဲ။**

ဖြေ ॥ ॥ နိုင်ငံရေးအရပြောရမယ်ဆိုရင်တော့ အခြေခံဥပဒေကို ကာကွယ်ရေးက ပိုပြီးအရေးကြီးတာပေါ့။ နိုင်ငံနဲ့ပြောမယ်ဆိုရင်တော့ နိုင်ငံတော်ကာကွယ်ဖို့က ပိုပြီး အရေးကြီးတယ်လို့ပဲ ပြောရမယ်။

*စာမျက်နှာ ၁၁ သို့*

# မိကို လက်ယာ၊ ဖ, ကို လက်ဝဲ မှတ်ယူစွဲကာ၊ အမြဲမပြတ်၊ ကျေးဇူးဆပ်စို့

စန်းနီလာဝင်း

**လူငယ်လူရွယ် မောင်မယ်တို့၏ အစ ကနဦး အာစရိယဆရာများနှင့် ဘဝဥယျာဉ်မှူးများဖြစ်ကြသည့် မိဘရှင်တိုင်းသည် "ရင်သွေးဟူက၊ ချစ်မဝ၍၊ လောကအားလုံး၊ သားသမီးကို မုန်းတယ်လို့၊ ထုံးစံဘယ်မှာရှိလိမ့်" ဟူသော ဆိုရိုးစကားနှင့်အညီ ရင်သွေးသည်းချာ၊ သားလှရတနာ၊ သမီးလှရတနာတို့သည် သူတို့၏အသည်းနှလုံးသဖွယ် မြတ်နိုးတွယ်တာလျက်ရှိကြသည်။**

### လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ

မိမိမွေးဖွားထားသော ရင်သွေးသည်းချာ သားသမီးရတနာများသည် မိမိ၏ သွေးစစ်စစ်ဖြစ်ခြင်းကြောင့် "ရင်သွေး" ဟူ၍ ခေါ်ဝေါ်ခြင်းပင်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် မိဘနှစ်ပါးတို့အားထာဝရ ရင်ကိုအေးမြစေသော သဘာဝရင်သွေးရတနာများဟုလည်း ဆိုနိုင်ပါသည်။ ယေဘုယျအားဖြင့် ထိုရင်သွေးကို လိုချင်လွန်းလှ၍ တောင့်တနေတိုင်းလည်း ရချင်မှရသည်၊ ရလာပြန်လျှင်လည်း မလိုမရှိသည်မှာ မိဘတို့၏ "ဂေဟသိတပေမမေတ္တာ" ဟူသော တွယ်တာတတ်သည့် နှလုံးသားမေတ္တာအရင်းခံကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ရင်နှစ်သည်းချာသားလှရတနာ၊ သမီးလှရတနာတို့ကို ရတနာ ခုနစ်ပါးတွင် မွန်မြတ်လှသော ရတနာတစ်ပါးအဖြစ် သတ်မှတ်ထားရှိခြင်းပင်ဖြစ်သည်။

မိဘတို့သည် သားလှရတနာ၊ သမီးလှရတနာများ ငယ်ရွယ်နုနယ်စဉ်အခါကပင် ပြောတတ်၊ ဆိုတတ်၊ စားတတ်သောက်တတ်၊ နေထိုင်တတ်အောင်နှင့် ဤအရာကို ပြုသင့်၊ မပြုသင့်၊ ပေါင်းသင့်၊ မပေါင်းသင့်၊ ဆောင်သင့်သည်ကိုဆောင်၍ ရှောင်သင့်သည်ကို ရှောင်ရန်လည်းကောင်း၊ ကျောင်းမထားမီ အရွယ်ကပင် ကျောင်းသင်ခန်းစာများ၏ နိဒါန်းပိုင်းကို မိဘတို့ကိုယ်တိုင် သင်ကြားပေးနိုင်သည့် မိဘတို့က သင်ကြားပေးလေ့ရှိကြပြီး ကိုယ်တိုင်မသင်ကြားနိုင်ပါက သင်ကြားပေးသူထံအပ်နှံ၍ဖြစ်စေ မူကြိုကျောင်းများတွင်ဖြစ်စေ အပ်နှံသင်ကြားစေခြင်းတို့ကြောင့် မိဘတိုင်းသည် ရင်သွေးသည်းချာ သားသမီးရတနာတို့၏ အစပထမဦးဆုံး ဆရာဆရာမဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အနန္တကျေးဇူးရှင် မြတ်ဗုဒ္ဓသခင်က ဟောကြားတော်မူခဲ့သောကြောင့် "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ" ဟူသော ဆိုရိုးစကားပေါ်ပေါက်လာရခြင်းပင်ဖြစ်ပါသည်။

### မိကိုလက်ယာ၊ ဖကို လက်ဝဲ၊ မှတ်ယူစွဲကာ၊ အမြဲမပြတ်၊ ကျေးဇူးဆပ်စို့

အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်သည် မိဘတို့၌ ဗြဟ္မာတို့ အမြဲကျင့်သုံးလျက်ရှိသော ဗြဟ္မစိုရ်တရားလေးပါးစလုံး ကိန်းဝပ်နေသောကြောင့် "ဗြဟ္မာတိ မာတာပိတရော= မိဘတို့ကို ဗြဟ္မာဟု မှတ်ယူထိုက်သည်" ဟု ဟောဖော်ညွှန်ပြတော်မူခဲ့သည်။

မိဘတို့၏ ဂုဏ်ကျေးဇူးနှင့်စပ်လျဉ်း၍ "မိဘကျေးဇူးဆပ်ကြမည့် သားကောင်းသမီးမွန်တို့သည် ကျေးဇူးရှင် မိခင်ကို လက်ယာပခုံးပေါ်တင်၍လည်းကောင်း၊ ကျေးဇူးရှင် ဖခင်ကို လက်ဝဲပခုံးပေါ်တင်၍လည်း အနှစ်တစ်ရာတိုင်အောင် ပြုစုလုပ်ကျွေးစောင့်ရှောက်သော်လည်း သူတို့နှစ်ဦး၏ ဂုဏ်ကျေးဇူးကို ကျေအောင် မဆပ်နိုင်ရာ ဒါန၊ သီလ၊ ဘဝနာဟူသော သူတော်ကောင်းကုသိုလ်တရားများ အားနည်းသော မိဘအချို့ကို ဒါန၊ သီလ၊ ဘဝနာတရားများ ရရှိပွားများလာအောင် စေ့ဆော်တိုက်တွန်း ပံ့ပိုးအားပေးခြင်းဖြင့် မိဘဂုဏ်ကျေးဇူးကိုကျေအောင် အများဆုံးပေးဆပ်နိုင်သည်" ဟု မြတ်ဗုဒ္ဓက အင်္ဂုတ္တရ ပါဠိတော်တွင် ဟောကြားညွှန်ပြတော်မူခဲ့ပါသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏ "မင်္ဂလသုတ္တာန်ဒေသနာတော်"တွင် "မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊ အနာကုလာစ၊ ကမ္မန္တာ၊ ဧတံမင်္ဂလ မုတ္တမံ= ကျေးဇူးရှင် မိခင်ဖခင်တို့ကို လုပ်ကျွေး ပြုစုထောက်ပံ့ခြင်း၊ ဇနီးမယား၊ သမီးသားတို့ကို ရှာဖွေထောက်ပံ့ကျွေးမွေးခြင်း၊ အပြစ်ကင်းစင်သောအလုပ်ကိုသာ ရွေးချယ်လုပ်ကိုင်တတ်ခြင်းတို့သည် အထူးကောင်းမြတ်သော မင်္ဂလာတရားဖြစ်သည်" ဟု ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

**လူငယ်လူရွယ် မောင်မယ်တို့၏ ဘဝဥယျာဉ်မှူးများဖြစ်ကြသည့် မိဘရှင်တိုင်းသည် "ရင်သွေးဟူက၊ ချစ်မဝ၍၊ လောကအားလုံး၊ သားသမီးကိုမုန်းတယ်လို့ ထုံးစံဘယ်မှာရှိလိမ့်"ဟူသော ဆိုရိုးစကားနှင့်အညီ ရင်သွေးသည်းချာ၊ သားလှရတနာ၊ သမီးလှ ရတနာတို့ကို မိမိတို့၏အသည်းနှလုံးသဖွယ် မြတ်နိုးတွယ်တာလျက်ရှိကြသည်။ ဖြစ်နိုင်လျှင် မိဘတိုင်းသည် သားသမီးများကို ဆီးဖြူဖန်ခါးပမာ ငုံထားမလောက် ချစ်ခင်ကြပါသည်**

လူနေမှုလောကကြီးထဲ၌ အနန္တော အနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ကျေးဇူးရှင် မိဘနှစ်ပါးကို ပစ်ပယ်ထားတတ်ကြသော သားသမီးအချို့တို့ရှိတတ်ကြသကဲ့သို့ ပြစ်မှားမိကြသော သားသမီးဆိုးအချို့လည်း ရှိနေတတ်ကြပါသည်။ သို့တစေ နောင်တရလာသောအချိန်တွင် ထိုနောက်ကျသွားပြီဖြစ်သော နောင်တတရားကြောင့် တစ်သက်လုံး ယူကျုံးမရ အပူလုံးထကာ သောက၊ ဗျာပါဒတို့ ရောက်နေကြရတော့သည်။ ဗုဒ္ဓဝင်သာဓကအားဖြင့် အဇာတသတ်မင်းသားသည် သူယုတ်မာခေါင်းဆောင် ရှင်ဒေဝဒတ်ကို ဆရာတင်မိမှားခဲ့သောကြောင့် ကျေးဇူးရှင် သူတော်စင်ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ထောင်သွင်းအကျဉ်းချထားကာ စင်္ကြံမလျှောက်နိုင်အောင် ခြေဖဝါးနှစ်ခုစလုံးကို ဓားနှင့် မွှန်းခိုင်းခဲ့သည့်အထိ ရက်စက်ကြမ်းကြုတ်ခဲ့သည်။

ထိုအချိန်မှာပင် မိမိသားတော်ကလေး မွေးဖွားလာသည်ကို ကြားသိရသောအခါ ရိုးတွင်းချဉ်ဆီခိုက်အောင် ပီတိသောမနဿဖြစ်ကာ မိဘမေတ္တာပေါ်လာတော့မှ "ငါ့ခမည်းတော်လည်း ငါ့ကို ဤသို့ချစ်ရှာပေမှာပဲ" ဟု သတိရကာ မယ်တော်ကိုမေးမြန်းကြည့်ခဲ့သည်။ ထိုအခါ မယ်တော်က "ဘယ့်နှယ် ပြောပါလိမ့် သားတော်ရယ်၊ သားတော်ငယ်ငယ်က သားတော်ရဲ့လက်ညှိုးမှာ ခူနာပေါက်နေလို့ မင်း ခမည်းတော်က ခူနာပေါက်နေသည့် လက်ညှိုးကို ပါးစပ်ထဲထည့် ငုံထားရှာတယ်၊ သူ့ပါးစပ်ထဲမှာ ပြည်ပေါက်တော့ ပါးစပ်ဟလိုက်လျှင် သားတော် အနာနာပြီး နိုးသွားမှာစိုးလို့ မျိုချလိုက်ရှာတယ်၊ အဲဒီအထိ မင်းခမည်းတော် သူတော်စင်ကြီးက မင်းအပေါ် အဲဒီလောက်ချစ်ခဲ့ရှာတယ် သားမိုက်ကြီးရယ်"ဟု ပြောပြလိုက်ရာ နောင်တရကာ ခမည်းတော်ကို အကျဉ်းထောင်မှ ချက်ချင်းလွှတ်စေဟု အမိန့်တော် ချမှတ်ခဲ့သော်လည်း အခါနှောင်းသွားပြီဖြစ်၍ ခမည်းတော်ကြီး ဗိမ္ဗိသာရမင်းကြီးမှာ နတ်ရွာစံ ကံတော်ကုန်ခဲ့ရရှာလေပြီ။ နောက်ကျသွားသော နောင်တတရားနှင့်အတူ လူယုတ်မာကို အထင်ကြီး ကိုးကွယ်မိခဲ့သည့် အဇာတသတ်ခမျာ နတ်ရွာစံသောအခါ အပါယ်ငရဲသို့ ကျသွားခဲ့ရတော့သည်။

### ရင်သွေးဟူက ချစ်မဝ

ခဲရာခဲဆစ် လူ့အဖြစ်ကို ရရှိလာရသော ရင်သွေးငယ်များ၏ အဆင့်ဆင့်သော ပဋိသန္ဓေဘဝ ဖြစ်စဉ်နှင့် စပ်လျဉ်း၍ သံယုတ်ပါဠိတော် အဋ္ဌကထာကျမ်းတွင် မိခင်၏ ဝမ်းတွင်း၌ "ကလလရေကြည်"သည် ခုနစ်ရက်ပတ်လုံးဖြစ်၏ (ထို "ကလလရေကြည်"၏ အရွယ်အစားနှင့် ပမာဏမှာ ဆံပင်မျှင် တစ်မျှင်ကို အလွန်ကြည်လင်သော ဆီထဲသို့နှစ်၍ ထိုဆံပင်မျှင်အဖျား၌ ကပ်ပါလာသော ဆီကြည်တစ်စက် အရွယ်မျှသာရှိသည်။)

ထိုရေကြည်မှ ခုနစ်ရက်လွန်လျှင် "အမြှုပ်" ဟူ၍ ဖြစ်လာ၏။ ထို "အမြှုပ်"မှ ခုနစ်ရက်လွန်လျှင် "သားတစ်"ဟူ၍ ဖြစ်လာ၏။ ထိုမှ ခုနစ်ရက်လွန်ပြန်လျှင်လည်း ကြက်ဥသဏ္ဌာန် "အသားခဲ" ဟူ၍ ဖြစ်လာ၏။ ထိုအသားခဲမှ ခုနစ်ရက်လွန်လျှင် လက်နှစ်ချောင်း၊ ခြေနှစ်ချောင်းဖြစ်ရန် အလို့ငှာ အသားဖုများဖြစ်ပေါ်လာ၏။ ထိုမှတစ်ဆင့် ဆံပင်၊ မွေးညင်း၊ လက်သည်းခြေသည်းတို့ တဖြည်းဖြည်း ဖြစ်လာကုန်၏ ။ ထိုမှ " အမြင်ဓာတ်" ဟူသော "စက္ခုပသာဒရုပ် "များ၊ ထိုမှသည် "အကြားဓာတ်" ဟူသော "သောတပသာဒရုပ်"၊ ထိုမှသည် "အနံ့ဓာတ်"ဟူသော "ဃာနပသာဒရုပ်" ၊ ထိုမှသည် "အရသာဓာတ်" ဟူသော "ဇိဝှာပသာဒရုပ်" များ အစဉ်အတိုင်း ဖြစ်လာအောင် "ကိုးလ" (ဝါ) "ဆယ်လ" တိုင် ဝမ်း၌လွယ်ထားရသည်ဟု ဖွင့်ဆိုထားရှိပါသည်။

ထိုသို့ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်း ကျေးဇူးရှင်မွေးမိခင်၏ အစားအစာအာဟာရ စားသုံးမှုသည် ရင်သွေးငယ်များ၏ အသက်ရှင်သန်မှုအတွက် တိုက်ရိုက်အကျိုးပြုနေပုံကို "သမ္မောဟဝိနောဒနီ အဋ္ဌကထာကျမ်း" ကြီးတွင် "ထိုရင်သွေးငယ်၏ မိခင်သည် အကြင်ထမင်းကိုလည်းကောင်း၊ အကြင်အဖျော်ယမကာကိုလည်းကောင်း၊ အကြင်ဘောဇဉ်ကိုလည်းကောင်း စားသုံး၏။ ထိုမိခင်စားသုံးသော ထမင်း၊ အဖျော်ယမကာ၊ ဘောဇဉ်တို့ဖြင့် မိခင်၏ဝမ်းတွင်း၌ တည်ရှိသော ရင်သွေးငယ်သည် မိမိ၏ဝမ်းတွင်း၌ မျှ၏။ ထိုရင်သွေးငယ်၏ ချက်တံသည် ဝမ်းရေလွှာနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်၏။ ထိုချက်တံသည် ကြာရိုးကဲ့သို့ အပေါက်ကြီး အပေါက်ငယ်ဖြင့် အာဟာရသည် ပျံ့နှံ့သက်ဝင်၍ အာဟာရရုပ်ကို ဖြစ်စေ၏။ ထိုသို့ခံစားသော ရင်သွေးငယ်သည် ဆယ်လပတ်လုံးမျှ၏"ဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် နို့တိုက်မိခင်၏မေတ္တာနှင့် ရင်သွေးငယ်များအတွက် နို့ချိုရည်ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ "မာတုလောဟိတံ = မိခင်၏ သွေးသည် တံဌာနံ" ထိုရင်သီးမြတ်သို့ သမ= ရောက်သည် ရှိသော် သိနေသေန = ချစ်ခြင်းမေတ္တာဖြင့်၊ ပဏ္ဍုရံ = ဖြူသည်၊ ဟောတိ = ဖြစ်၏" ဟု ဖွင့်ဆိုထားသည်ကို ကြည့်ခြင်းအားဖြင့် မွေးမိခင်ကျေးဇူးရှင်၏ အနန္တမေတ္တာ၊ ကရုဏာနှင့် ကိုယ်ဝန်ဆောင်ထားရသည့် အာဝေဏိကဒုက္ခကို ထင်ရှားစွာ တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

အလားတူ သားဖွားမီးယပ်နှင့် ဆေးပညာရပ်တွင်လည်း မိခင်၏ဝမ်းတွင်း၌ သန္ဓေသားအဆင့်ဆင့် ကြီးထွားလာပုံနှင့် စပ်လျဉ်း၍ ဖခင်၏သုက်ရည်နှင့် မိခင်၏မျိုးဥတို့ပေါင်းစပ်ပြီး သားစုသည် သားအိမ်ထဲသို့ရောက်သွားသည့်အခါ "အပ်ပေါက်ဝ" လောက်ပမာဏရှိသည့် အလုံးကလေးဖြစ်လာသည်။ ထိုမှ ရက်သတ္တ လေးပတ်ကျော်လာသည့်အခါ သန္ဓေသား၏ အရွယ်မှာ ၁ လက်မ၏ ၅ ပုံ ၂ ပုံခန့် ရှိလာသည်။ ရက်သတ္တ ခြောက်ပတ်ကျော်လွန်လာသောအခါ သန္ဓေသားသည် ဦးခေါင်း၊ ခြေလက်များ ဖြစ်ပေါ်လာသည်။ ရက်သတ္တပတ် ၁၆ ပတ်/ ၄ လ ရောက်သည့်အခါ သန္ဓေသားသည် ၅ လက်မ ခန့်ရှည်လာကာ လူပုံသဏ္ဌာန်ပေါ်လာသဖြင့် သားယောကျ်ားကလေးလား၊ သမီး မိန်းကလေးလား စသည်ဖြင့် ခွဲခြားနိုင်သည့်အခြေအနေသို့ ရောက်ရှိလာတော့သည်။ ရက်သတ္တပတ် ၄၀ ပြည့်လာသည့်အခါ သန္ဓေသား၏ အရှည်မှာ လက်မ ၂၀ ခန့်ရှိလာပြီး ကိုယ်အလေးချိန်မှာ ၇ ပေါင်ခန့် ရှိလာသည်။ သည်လိုနှင့် သန္ဓေသားသည် ၉ လတိုင်အောင် အညစ်အကြေးများကို မိခင်၏သွေးထဲသို့ စွန့်ပစ်ပြီး မိခင်၏သွေးထဲမှ အောက်ဆီဂျင်ဓာတ်နှင့် အာဟာရများကို ရယူသည်ကိုတွေ့ရပါသည်။

### နှိုင်းတုမရသည့် မိဘမေတ္တာ

မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးရှင် မွေးမိခင်နှင့် ဖခင်တို့အားဟူ၍ နှိုင်းဆိုထားသည်မှာ အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်၏ ဒေသနာတော်အရ ဖြစ်ပါသည်။ စကြဝဠာကြီးထဲတွင် မြင်းမိုရ်တောင်ကြီးသည် ယူဇနာပေါင်း ၈၄၀၀၀ အမြင့်ဆောင်၍ တောင်ဟူသမျှတို့တွင် အမြင့်ဆုံးတောင်ကြီးပင်ဖြစ်သည်။ ( ၁ ယူဇနာသည် ၁၃ မိုင်နှင့်ညီမျှပြီး ယူဇနာ ပေါင်း ၈၄၀၀၀ အမြင့်ရှိသော မြင်းမိုရ်တောင်၏ အမြင့်ကို မိုင်ဖြင့်တွက်ချက်ကြည့်လျှင် မိုင်ပေါင်း ၁၀၉၂၀၀၀ မိုင်ရှိပါသည်။)

ထိုမြင်းမိုရ်တောင်ကြီး၏ အရံဖြစ်သော တောင်စဉ်ခုနစ်တန်ရှိရာ (၁) ယုဂန္ဓိုရ်တောင်၊ (၂) ဣသရတောင်၊ (၃) ကရဝိကတောင်၊ (၄) သုဒဿနတောင်၊ (၅)နေမိန္ဓရတောင်၊ (၆) ဝိနာတလတောင်၊ (၇) အဿကဏ္ဏတောင် ဟူ၍ ဖြစ်ကြသည်။ ထိုတောင်စဉ် ခုနစ်ထပ်တို့တွင် ယုဂန္ဓိုရ်တောင်သည် အမြင့်ဆုံးဖြစ်နေသော်လည်း မြင်းမိုရ်တောင်ကြီးနှင့် နှိုင်းယှဉ်လိုက်လျှင် တစ်ဝက်သာရှိပြီး ယူဇနာပေါင်း ၄၂၀၀၀ (မိုင်ပေါင်း ၅၄၆၀၀၀)သာ ရှိပါသည်။ လူသားတို့ လူ့ပြည်မှ မြင်တွေ့ကြရသော နေလနက္ခတ်ကြယ်တာရာတို့မှာ ယုဂန္ဓိုရ်တောင်၏ အမြင့်နှင့်အမျှ မိုးကောင်းကင် အာကာသတစ်ခွင်၌ တည်ရှိနေကြသည်။ ထိုတောင်စဉ် ခုနစ်ထပ်ထက် ထက်ဝက်ခန့်ပို၍မြင့်မားသော မြင်းမိုရ်တောင်ကြီး၏ အမြင့်ထက် မွေးမိခင် ဖခင်ကျေးဇူးရှင်တို့၏ ဂုဏ်ကျေးဇူးများက ပိုမိုမြင့်မားလှကြောင်း သုံးလောကထွတ်ထား မြတ်ဗုဒ္ဓဘုရားက ဟောကြားညွှန်ပြတော်မူခဲ့ပါသည်။

စာမျက်နှာ ၉ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ

နေပြည်တော်  ဇွန် ၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ (၂၀၂၁ ခုနှစ်၊ ဧပြီလ) စာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။**

အဆိုပါ စာအုပ်တွင် ၂၀၂၁ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်း စုစုပေါင်း ၁၄ ပုဒ်ကို စုစည်းဖော်ပြထားသည်။

ဧပြီလ ၄ ရက်နေ့တွင် ကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံသည့် အခမ်းအနားတွင် "၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်ခဲ့ရာတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသဖြင့် တပ်မတော်က နည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့ကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည် ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့် စာမေးပွဲကို မတန်တဆ အမှတ်လိုချင်သဖြင့် မသမာသည့် နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေပါကြောင်း၊ ထိုသို့ မဲစာရင်း မှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက် ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာကာ ယာယီ သမ္မတ၏ လွှဲအပ်ချက်အရ တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း" ပြောကြားသည့် အမှာစကားများအပါအဝင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းများနှင့် အမှာစကားများ ကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**




*စာမျက်နှာ ၈ မှ*

**ရင်သွေးကလေးများ ပန်းကလေးလို လှနေတာပဲကြည့်နေချင်သည်**

လူငယ်လူရွယ် မောင်မယ်တို့၏ ဘဝဥယျာဉ်မှူးများဖြစ်ကြသည့် မိဘရှင်တိုင်းသည် "ရင်သွေးဟူက၊ ချစ်မဝ၍၊ လောကအားလုံး၊ သားသမီးကို မုန်းတယ်လို့ ထုံးစံဘယ်မှာရှိလိမ့်" ဟူသော ဆိုရိုးစကားနှင့်အညီ ရင်သွေးသည်းချာ၊ သားလှရတနာ၊ သမီးလှ ရတနာတို့ကို မိမိတို့၏ အသည်းနှလုံးသဖွယ် မြတ်နိုးတွယ်တာလျက်ရှိကြသည်။ ဖြစ်နိုင်လျှင် မိဘတိုင်းသည် သားသမီးများကို ဆီးဖြူဖန်ခါးပမာ ငုံထားမလောက် ချစ်ခင်ကြပါသည်။

သာဓကဆောင်၍ တင်ပြရလျှင် သာမန်ပုထုဇဉ်လူသားတို့အဖို့ လက်တွေ့လှူဒါန်းရန် မဆိုထားနှင့် အိပ်မက်မျှပင် လုံးဝမမက်ရဲသည့် လှူဒါန်းခြင်းမျိုးကို ရက်ရောကြည်ဖြူစွာ ပေးလှူခဲ့သည့် ဘုရားလောင်းလျာ ဒါနပါရမီရှင် ဝေဿန္တရာမင်းကြီးသည် မင်းစည်းစိမ်နှင့် ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာမှန်သမျှကို လှူဒါန်းခဲ့ရာတွင် လည်းကောင်း၊ ပစ်မငြီးနိုင်သည့် ချစ်ဇနီး မဒ္ဒီဒေဝီမိဖုရားကြီးကို လှူဒါန်းခဲ့ရာတွင် လည်းကောင်း ကျောက်ဆစ်ရုပ်ကဲ့သို့ မတုန်မလှုပ်တည်ငြိမ်ကြည်ဖြူရက်ရောစွာ ပေးကမ်းလှူဒါန်းခဲ့သည်။

သို့တစေ ဇူဇကာပုဏ္ဏားကြီးသည် မင်းကြီး၏ သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို အခိုင်းအစေလုပ်ရန် လာရောက်အလှူခံ၍ လှူဒါန်းခဲ့လေသည်။ ထိုအခါ မိဘနှင့် တစ်ခါဆိုတစ်ခါမျှ မခွဲခွာခဲ့ကြဖူးသည့် သားတော်ကလေးနှင့် သမီးတော်ကလေးတို့မှာ ရှန့်ရင်းကြမ်းတမ်း၍ ကြောက်စရာ ကောင်းလွန်းလှသော ဇူဇကာပုဏ္ဏားကြီးနောက်သို့ မလိုက်လိုကြသဖြင့် ငိုကြွေးကာ ရုန်းကန်နေခဲ့ကြလေသည်။ သားချင်း သမီးချင်း လုံးဝမစာနာတတ်သော သူယုတ်မာ ဇူဇကာပုဏ္ဏားကြီးက ဇာလီနှင့် ကဏှာဇိန်တို့ကို ခေါ်ယူ၍မရသဖြင့် အလှူရှင်ဖခမည်းတော် ဝေဿန္တရာမင်းကြီး၏ ရှေ့မှောက်တွင်ပင် ရိုက်ပုတ်ညှဉ်းဆဲနေလေသည်။ ထိုမြင်ကွင်းဆိုးကို မိမိ၏ မျက်စိရှေ့မှောက်တွင် မြင်တွေ့နေရသော ဝေဿန္တရာမင်းကြီးမှာ ရုတ်တရက် ဒေါသထွက်ကာ သန်လျက်တော်ကို ဆွဲလိုက်မိသည်အထိ ဖြစ်ခဲ့ရသည်။ ရုတ်ခြည်းပင် ရင်ထဲကဝေဒနာကို သတိတရားနှင့် အသိတရား ကပ်ကာ ဖြေသိမ့်လိုက်ရပြီးနောက် မျက်လုံးအိမ်မှ ကြေးနီအဆင်းသဏ္ဌာန်ရှိသော မျက်ရည်များ တသွင်သွင် စီးကျလာသည်အထိ ရင်နင့်စွာ ခံစားတော်မူခဲ့ရရှာသည်။

ဟိမဝန္တာတောနက်ကြီးထဲသို့ သွားရောက်၍ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို ရှာဖွေရသည့် မယ်မဒ္ဒီမိဖုရား ပြန်လာသောအခါ မိမိ၏ ရင်သွေးသည်းချာ သားလှရတနာ၊ သမီးလှရတနာကို ဇူဇကာပုဏ္ဏားကြီးအား ပေးလှူလိုက်ကြောင်း ကြားသိလိုက်ရသည်နှင့် တစ်ပြိုင်နက် ရွှေရင်ဆို့ကာ အရုပ်ကြိုးပြတ်သည့်နှယ် သတိလစ်မေ့မြောသွားသည်အထိ ခံစားရရှာတော့သည်။ သို့ကလောက် ကျေးဇူးရှင် မိဘတို့၏ မေတ္တာကား နှိုင်းတုမရအောင် ကြီးမားလှပါဘိ။

**တိရစ္ဆာန်တွင်လည်း မိဘမေတ္တာနှင့်**

လောကတွင် အသိဉာဏ်အရှိဆုံးနှင့် အသိဉာဏ်ကို အသုံးချတတ်ဆုံးသော လူသားတို့၏ မေတ္တာတရားကို ထားပါဦး။ အသိဉာဏ်ကင်းမဲ့လှသော တိရစ္ဆာန်များသည်ပင်လျှင် မိဘ၏ မေတ္တာစွမ်းအင်ကြီးမား ထက်မြက်လှသည်ကို တွေ့ရသည်။ ဥဒါဟရုဏ်ပြရလျှင် ဥဒေါင်းငှက်မ၊ လိပ်မများသည် မိမိတို့၏ သန္ဓေသားဥပေါ်တွင် မိမိတို့၏ ခန္ဓာကိုယ်ဖြင့်တက်၍ ဝပ်လိုက်လျှင် သန္ဓေသားဥများ ပေါက်ကွဲကြေမွပျက်စီး ဆုံးရှုံးသွားမည်ကို စိုးရိမ်ပူပန်ကြသဖြင့် အခြားတစ်နေရာသို့သွား၍ နေထိုင်ကာ အဝေးမှနေ၍ မေတ္တာပို့သပေးခြင်းဖြင့် သန္ဓေသားဥများကို အောင်မြင်ဖြစ်ထွန်းစွာ ပေါက်ဖွားစေပါသည်။ တစ်စုံတစ်ခုသော အကြောင်းကြောင့် မိခင်များဖြစ်ကြသည့် ဥဒေါင်းမများ၊ လိပ်မများ သေဆုံးသွားပါက မိခင်၏ မေတ္တာပို့သမှု မခံယူရသော သန္ဓေသားဥများမှာ အလိုအလျောက် ပုပ်သိုးပျက်စီးသွားကြရရှာသည်။ ထိုဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် အသိဉာဏ်မဲ့သော တိရစ္ဆာန်လောကတွင်ပင် မိဘ၏မေတ္တာ စွမ်းအင်ကြီးမားလှသည်မှာ အခိုင်အမာ ထင်ရှားလှပါသည်။

**နှလုံးသားချင်းစကားပြောကြပါသည်**

မိဘများနှင့် သားသမီးများ စုန်ရေဆန်ရေပမာ အပြန်အလှန်ထားရှိကြသည့် အေးမြကြည်လင် သန့်စင်နက်ရှိုင်းလှသော ငါးရာ့နှစ်ဆယ်ရှစ်သွယ်သော မေတ္တာတရား၏ စွမ်းပကားကို ထားပါဦး၊ ယုတ်စွအဆုံးပြောရလျှင် ဘဝကြင်ဖော်ကြင်ဖက်ချင်း ထားရှိကြသည့် တစ်ထောင့်ငါးရာ ကိလေသာချစ်မေတ္တာ၏ အစွမ်းထက်မြက်ပုံကိုလည်း အံ့မခန်းတွေ့ရှိရပါသည်။ စိတ်ပညာရှင် သုတေသီများ၏ လက်တွေ့စမ်းသပ် တွေ့ရှိချက်များအရ ပေါ်ထွက်လာသော "တယ်လီပသီနည်း" (Telepathy = Communication of impressions from mind to mind without aid of the senses) ခေါ် "ဝေးနေစိတ်ချင်း စကားပြောဆက်သွယ်နည်း" ဖြင့် လက်ထပ်ရန် ဆုံးဖြတ်ထားကြသည့် ချစ်သူနှစ်ဦး၏ အလျား အနံမသိသော်လည်း အသွားအပြန်ရှိသော ချစ်ခြင်းမေတ္တာတရား၏ စွမ်းအားကို လက်တွေ့စမ်းသပ် ဖော်ထုတ်ခဲ့ကြပါသည်။

လက်တွေ့စမ်းသပ်ပုံမှာ လက်ထပ်ရန် ဆုံးဖြတ်ထားသော ချစ်သူစုံတွဲနှစ်ဦးကို တစ်မြို့တစ်နေရာစီ ခွဲခြားထားရှိကာ ထပ်တူထပ်မျှဖြစ်သော အချိန်တစ်ချိန်တည်းမှာပင် နှစ်ဦးကိုယ်စီအား စိတ်ညို့ထားပြီး တစ်ဦးကို တစ်ဦး အာရုံပြုခိုင်းထားစေသည်။ သူတို့နှစ်ဦးကိုယ်စီအား စိတ်မှန်းဖြင့် တစ်ဦး၏ အဝတ်အစားအရောင်အသွေးများနှင့် လှုပ်ရှားပြုမူဆောင်ရွက်ခဲ့ပုံများကို မှန်းဆပြောခိုင်းကြည့်ရာ နှစ်ဦးကိုယ်စီ၏ မှန်းဆပြောဆိုချက်များသည် ၉၅ ရာခိုင်နှုန်းခန့် ထပ်တူထပ်မျှ မှန်ကန်နေကြောင်း စမ်းသပ်တွေ့ရှိရသည်။ ထိုမေတ္တာထက် အတိုင်းအဆများစွာ ကြီးမားလှသော ငါးရာ့နှစ်ဆယ်ရှစ်သွယ်သော မိဘတို့၏ မေတ္တာတရားစွမ်းအားမှာ မည်ရွေ့မည်မျှ စူးရှထိရောက်မည်ဆိုသည်ကို မှန်းဆကြည့်နိုင်မည် ဖြစ်ပါသည်။

**သားသမီးချင်း၊ မိဘချင်းကိုယ်ချင်းမစာနာ**

နိုင်ငံရေးမသမာသူများ၊ ခေါင်းဆောင်တုခေါင်းဆောင်ယောင်များ၊ သူခိုးကိုဓားရိုးကမ်းပေးနေသည့် အမျိုးသားရေး သစ္စာဖောက်ပုဆိန်ရိုးအဖျက်သမားများ၊ ပွဲလန့်၍ဖျာခင်းရုံမက ကုလားထိုင်ပါခင်းလိုသည့် အာဏာရူးတို့သည် ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် စိတ်ယုတ်မာဖြင့် လေယူရာတိမ်း ယိမ်းတတ်သည့် ပဲ့ပြားပင်ကဲ့သို့ပင် အလွယ်တကူ ယိမ်းလွယ်ယိုင်လွယ် တတ်ကြသောပျိုမြစ် နုနယ် ဆယ်ကျော်သက်ရွယ်လူငယ်မောင်မယ်တို့ကို အဖျက်မှိုင်းသွင်း၍ ဖြားယောင်းသိမ်းသွင်းကာ အာဏာကို ဖြတ်လမ်းကရယူကြရန် သူတို့ကလေးများကို ခုတုံးလုပ် အသုံးချကာ နင်းချေဖျက်ဆီးရက်ကြသည်။ အာဏာရမွှက် ဖုံးနေသော နိုင်ငံရေးမသမာသူ အကြမ်းဖက်သမားများသည် ကောက်ကျစ်စဉ်းလဲပြီး သားသမီးချင်း၊ မိဘချင်း မစာနာတတ်သော ဇူဇကာပုဏ္ဏားကြီးထက် အဆတစ်ရာ မိုက်မဲယုတ်မာ ရက်စက်လှသည်။

ပြည်ပြေးဝရမ်းပြေး အကြမ်းဖက်အဖွဲ့နှင့် အဖွဲ့ဝင်များဖြစ်နေပါလျက်နှင့် အစိုးရဆိုင်းဘုတ်တပ်၍ ပြည်ပက အဆိပ်ပင်ရေလောင်းပေးနေကြသည့်သူများ၏ ပေးစာကမ်းစာများကို ရယူကာ မက်လုံးပေးဆွဲဆောင်ပြီး လက်နက်ကိုင်လမ်းစဉ်ဖြင့် အကြမ်းဖက်တိုက်ပွဲများကို ဆင်နွှဲခိုင်းကြသည်။

စာသင်ကျောင်း အဆောက်အအုံများ၊ ပြည်သူပိုင် အဆောက်အအုံများ၊ လမ်းတံတားများကို ဗုံးခွဲ၊ မီးရှို့ဖျက်ဆီးစေပြီး အလုံးစုံပျက်သုဉ်းရေးကို မျက်ကန်းတစ္ဆေမကြောက်သည့်အလား ရာဇဝတ်မှုကြီးများကို ကျူးလွန်နေကြသည်။ ကြွက်မနိုင်၍ ကျီကို မီးရှို့နေသည့် အဖျက်အမှောင့်လုပ်ငန်းသက်သက်ဖြင့် တိုင်းရင်းသားပြည်သူတို့ကို ဒုက္ခပေးနေကြခြင်းသာဖြစ်သည်။

လုပ်ငန်းတာဝန် ထမ်းဆောင်လျက်ရှိသော တာဝန်သိသစ္စာရှိ ဝန်ထမ်းများကိုလည်း အဖျက်မှိုင်းတိုက်ကာ "ရုံးမတက်နှင့်ရုန်းထွက်ကြ" ဟု ခြိမ်းလုံးခြောက်လုံးပေါင်းစုံဖြင့် အကျပ်ကိုင်သလို ပညာသင်ကြားလျက်ရှိသည့် နိုင်ငံ့ရတနာများဖြစ်ကြသော ကျောင်းသား ကျောင်းသူ ကလေးများနှင့် အနန္တောအနန္တ ငါးပါးဂိုဏ်းဝင် ကျေးဇူးရှင် ဆရာ ဆရာမများကိုလည်း "ကျောင်းမတက်နှင့် ကျောင်းထွက်ကြ" ဟု ဟန့်တားခြိမ်းခြောက်နေကြသည်မှာ အယုတ်ညံ့ဆုံးသော အဖျက်လုပ်ငန်းဖြစ်၍ ဥပဒေကြောင်းအရ မည်သို့မျှခွင့်လွှတ်၍ မရနိုင်ပါ။

*(ဆက်လက်ဖော်ပြပါမည်)*

◆ **ပြည်ပြေးဝရမ်းပြေး အကြမ်းဖက်အဖွဲ့နှင့် အဖွဲ့ဝင်များဖြစ်နေပါလျက်နှင့် အစိုးရဆိုင်းဘုတ်တပ်၍ ပြည်ပက အဆိပ်ပင်ရေလောင်း ပေးနေကြသည့်သူများ၏ ပေးစာကမ်းစာများကိုရယူကာ မက်လုံးပေးဆွဲဆောင်ပြီး လက်နက်ကိုင်လမ်းစဉ်ဖြင့် အကြမ်းဖက်တိုက်ပွဲများကို ဆင်နွှဲခိုင်းကြသည်။ စာသင်ကျောင်းအဆောက်အဦများ၊ ပြည်သူပိုင်အဆောက်အဦများ၊ လမ်းတံတားများကို ဗုံးခွဲ၊ မီးရှို့ဖျက်ဆီးစေပြီး အလုံးစုံပျက်သုဉ်းရေးကို မျက်ကန်းတစ္ဆေမကြောက်သည့်အလား ရာဇဝတ်မှုကြီးများကို ကျူးလွန်နေကြသည်။ ကြွက်မနိုင်၍ ကျီကိုမီးရှို့နေသည့် အဖျက်အမှောင့် လုပ်ငန်းသက်သက်ဖြင့် တိုင်းရင်းသားပြည်သူတို့ကို ဒုက္ခပေးနေကြခြင်းသာဖြစ်သည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ မြဝတီက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းထားမှုကို ပြန်လည်ဖြေကြားခြင်း

**မေး(၁)** ။ ။ မေလ ၂၈ ရက်နေ့ ည ၁၀ နာရီ ၄၅ မိနစ် အချိန်က မြိုင်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ဗုံးကွဲမီးလောင်မှုကြောင့် အဆောက်အအုံတစ်ခု မီးလောင်ကျွမ်းပျက်စီးခဲ့မှုဟာ စစ်ကောင်စီလက်ချက်လို့ မေလ ၂၉ ရက်နေ့ ခေတ်သစ်မီဒီယာက သတင်းဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါနဲ့ ပတ်သက် ပြီး မှန်/မမှန် သိလိုပါတယ်ခင်ဗျာ။

**ဖြေ** ။ ။ မေလ ၂၉ ရက်နေ့မှာ ခေတ်သစ်မီဒီယာက တင်ထားတဲ့ မြိုင်မြို့နယ် အထက ၂ ကျောင်း ဗုံးကွဲမီးလောင်တာ တပ်မတော်ကြောင့်ဆိုတဲ့ သတင်းကတော့ လုပ်ကြံသတင်းပါ။ ကျောင်းအပ်နှံရေးကာလ COVID–19 ကပ်ရောဂါကြောင့် ကျောင်းတွေ ပိတ်ထားခဲ့ရတဲ့အတွက် ကလေးတွေ ပညာရေးမှာ တစ်နှစ်လည်းနောက်ကျပြီးပါပြီ။ ဒါကို COVID–19 ရောဂါ ကာကွယ်ရေး စည်းမျဉ်းတွေနဲ့အညီ ကျောင်းတွေပြန်လည်ဖွင့်လှစ်ပြီး ပညာရေး နောက်ကျမှုမဖြစ်စေဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ အလေးထားဆောင်ရွက်နေတာကို ကျောင်းမတက်ရေး လှုံ့ဆော်မှုတွေ၊ ဆရာ ဆရာမတွေကို CDM လုပ်ဖို့ ဖိအားပေးနေတာ တွေကို အကြမ်းဖက်အဖွဲ့တွေက လုပ်ဆောင်နေတာကိုလည်း အားလုံးမြင်နေ၊ တွေ့နေကြရတာပဲ။ စာသင်ကျောင်းတွေ ပြန်လည်မဖွင့်လှစ်နိုင်ဖို့ နည်း မျိုးစုံနဲ့ နှောင့်ယှက်နေတာလည်း အားလုံးသိပြီးသားပါ။ ဒီ မြိုင် အထက (၂) မီးလောင်တဲ့ ဖြစ်စဉ်ကလည်း NUG နဲ့ CRPH ပြည်ပြေးအဖွဲ့ကို ထောက်ခံတဲ့ အကြမ်းဖက်ဆူပူသူတွေရဲ့ လုပ်ဆောင်ချက်ပဲ ဖြစ်ပါတယ်။

**မေး(၂)** ။ ။ **SNA ဒုတိယ စစ်ဦးစီးချုပ်ဖြစ်သူ စဝ်ခွန်ကျော်ကို အာဏာသိမ်းစစ်တပ်က လုပ်ကြံခြင်းဖြစ်ကြောင်း SNA ပြောခွင့်ရ ဗိုလ်မှူးကြီး အဆင့်ရှိသူ ဆေးစိုင်းထွန်းက ဧရာဝတီက သတင်းဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မှန်/ မမှန် သိလိုပါ တယ်ခင်ဗျာ။**

**ဖြေ** ။ ။ SNA ရဲ့ ဒုဦးစီးချုပ်ဆိုသူဟာ ယခင်က ABSDF အဖွဲ့ကပါ။ ပါဂျောင်မှာဖြစ်ခဲ့တဲ့ ကျောင်းသားတွေကို အစုအလိုက်အပြုံလိုက် လူမဆန်တဲ့ နည်းတွေနဲ့ သတ်ခဲ့သူ၊ ကျောင်းသူအချင်းချင်း လူမြင်ကွင်းမှာ လိင်ဆက်ဆံစေသူဆိုပြီး နာမည်ကြီး ပါဂျောင်လူသတ်ပွဲရဲ့ တရားခံလို့လည်း အမည်ရှိသူပါ။ ကြိုးလေးကြိုး သေဒဏ်ပေးခံရပြီးပြီးခဲ့တဲ့ NLD အစိုးရလက်ထက်မှာ လွတ်ငြိမ်းချမ်းသာခွင့်ထဲပါလာလို့ အငြင်းပွားခံနေရတဲ့ သူလည်း ဖြစ်ပါတယ်။ မြေပြင်သတင်းအရတော့ သူ့အဖွဲ့က မကြိုက်တဲ့ အခြားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ကို ဆက်သွယ်ရာကနေ အဖွဲ့အတွင်း သဘောထားကွဲလွဲတာတွေ ရှိတယ်လို့တော့ ကြားသိရပါတယ်။

**မေး(၃)** ။ ။ **တပ်မတော်စစ်ကြောင်းက စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၊ အင်တိုင်းကြီးကျေးရွာကို ၂၉ ရက်နေ့ နေ့လယ် ၁ နာရီခွဲခန့်က ကားတွေနဲ့ရောက်ရှိလာပြီး ကျေးရွာအတွင်း ဝင်ရောက် ဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ သောက်စားမူးယစ်ခြင်းများ ပြုလုပ်ပြီး ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပြန်သွားကြောင်းနဲ့ ဦးတင်အေး(NLD လက်ထက် အုပ်ချုပ်ရေးမှူးဟောင်း) အိမ်ကနေ ငွေ ၈ သိန်း၊ ရွှေဆွဲကြိုးနဲ့ လက်စွပ်များ ယူဆောင်သွားကြောင်း၊ အခြားရွာသားများအိမ်မှ ပဲဆီ ၂ ပုံး၊ ဘီယာဖာများ၊ မုန့်၊ ပေါင်းအိုး၊ အအေးဘူး အပါအဝင် စားသောက်စရာများ လုယူသွားကြောင်း Khit Thit Media က ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မှန်/မမှန် သိရှိလိုပါတယ်ခင်ဗျာ။**

**ဖြေ** ။ ။ ဒီသတင်းနဲ့ပတ်သက်ပြီး ခင်ဦးမြို့နယ် အင်တိုင်းကြီးကျေးရွာဘက်မှာ တပ်မတော်နဲ့ ရဲကနေပြီး လုံခြုံရေးဆောင်ရွက်နေတာမရှိပါဘူး။ လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ မင်းမဲ့စရိုက်ဆန်တာတွေ လုပ်ဆောင်လို့မရပါဘူး။ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းတွေရှိပြီးသားပါ။ အဲဒီလို လုပ်ဆောင်မှုတွေ ရှိရင်လည်း စစ်ဆေးပြီး အရေးယူရတာပါ။ တကယ်ဖြစ်ခဲ့တယ်ဆိုရင် မီဒီယာကနေ ပြောနေမယ့်အစား တရားဝင်အထောက်အထားတွေနဲ့ တိုင်ကြားလို့ရပါတယ်။




ဒါကြောင့် လုပ်ကြံဖန်တီးပြီး ဝါဒဖြန့်တဲ့သတင်းမှားသာ ဖြစ်ပါတယ်။

**မေး(၄)** ။ ။ **Mizzima News In Burmese က မေလ ၃၀ ရက်နေ့မှာ ဖော်ပြတဲ့ သတင်းထဲမှာ တပ်မတော်က ဖားကန့်မြို့နယ် တာမခန်းမြို့သစ်မှာ ရက်ပေါင်း ၁၀၀ ကျော်အတွင်း အပြစ်မဲ့ပြည်သူ ၈၀၀ ကျော် ရက်စက်စွာ ဖမ်းဆီးသတ်ဖြတ်ခဲ့တယ်ဆိုပြီး ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အဖြစ်မှန်သိချင်လို့ပါ ခင်ဗျာ။**

**ဖြေ** ။ ။ ဖားကန့်မြို့နယ် တာမခန်းမြို့သစ်မှာ ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူ ၈၀၀ ကျော်ကို သတ်ဖြတ်ခဲ့တယ်ဆိုတဲ့ သတင်းကတော့ဗျာ ဖတ်ကြည့်တာနဲ့ လုပ်ကြံဖန်တီးထားတဲ့ သတင်းဆိုတာ သိသာနေတာပဲ။ ဒီသတင်းမီဒီယာအနေနဲ့ နိုင်ငံပျက်စီးရာပျက်စီးကြောင်းနဲ့ ပြည်သူတွေစိုးရိမ်ကြောက်လန့်အောင် ကောလာဟလသတင်းတွေ အမြဲတမ်း ထုတ်လွှင့်နေတာပါ။ ဒီသတင်းဌာနကတင်တဲ့ သတင်းတွေကို ပြည်သူတွေအနေနဲ့ ချင့်ချိန်ပြီး နားထောင်ကြဖို့ တိုက်တွန်းပါတယ်။




**မေး(၅)** ။ ။ **NLD ပါတီဝင်ကို စစ်တပ်က ဖမ်းမမိတဲ့အတွက် သားသမီးတွေကို ဖမ်းဆီးပြီး ရွှေထည်၊ ကျပ်သိန်း ၃၀၀ ကျော်ဖိုးယူသွားတယ်လို့ DVB သတင်းဌာနက ဖော်ပြထားတာ တွေ့ရပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး အဖြစ်မှန် သိလိုပါတယ်ခင်ဗျာ။**

**ဖြေ** ။ ။ မေလ ၂၇ ရက်နေ့က ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်ကို ညှိစာရင်း စစ်ဆေးခဲ့တာရှိပါတယ်။ အဲဒီလိုစစ်ဆေးတဲ့အခါမှာ တပ်၊ ရဲနဲ့ ရပ်ကွက်က တာဝန်ရှိသူတွေပါပါတယ်။ လမ်း ၅၀ နဲ့ ၅၁ လမ်းကြား၊ ၁၀၅(A) လမ်း မှာရှိတဲ့ NLD ပါတီရပ်/ကျေး ဘဏ္ဍာရေးမှူး ဒေါ်မေသူ အိမ်ကို စစ်ဆေးတဲ့အခါမှာလည်း ကလေး တွေကိုပဲ တွေ့လို့ သူတို့အမေဘယ်သွားလဲ မေးခဲ့တာပဲရှိပါတယ်။ ဖမ်းတာဆီးတာမရှိပါဘူး။ ရွှေ သိန်း ၃၀၀ ဖိုးနဲ့ ငွေ ၁၀ သိန်း ယူတယ်ဆိုတာလည်း မဟုတ်ပါဘူး။ လီဆယ်လုပ်ကြံပြီး သတင်းမှား ဖြန့်ချိတာပဲ ဖြစ်ပါတယ်။

Myanmar Now သတင်း Page ကလည်း ဒီငွေသိန်း ၃၀၀ ကျော် ရွှေနဲ့ငွေ ယူသွားတာကို ကာယကံရှင်က အတည်ပြုတယ်လို့ ရေးထားတာပဲ တွေ့ရပါတယ်။ အဖြေကတော့ ရှင်းရှင်းလေးပါ။ တပ်မတော်က ညှိစာရင်းဝင်စစ်ချိန် ရဲနဲ့ ရပ်ကွက်က တာဝန်ရှိသူ အရပ်သားတွေ ပါပါတယ်။ လူ




အများကြီးပါ။ ပစ္စည်းကိုယူရင် အရေးယူခံရမှာပါ။ အပေါင်ဆိုင်ဖြစ်တဲ့အတွက် အပေါင်ဆိုင်ပိုင်ရှင် ဒေါ်မေသူ က ပစ္စည်းတွေယူသွားတယ်လို့ လီဆယ်လုပ်ကြံပြီး ပစ္စည်းအပျောက်ဖျောက်တာပဲ ဖြစ်နိုင်ပါတယ်။









*စာမျက်နှာ ၇ မှ*

**မေး ။ ။ အခု NLD ဘက်ကလည်း အမျိုးသားစည်းရုံးရေး အစိုးရအနေနဲ့ ဖွဲ့စည်းတာတွေလည်းရှိသလို လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ဖွဲ့စည်းမယ်ဆိုတဲ့ ပြောဆိုချက်တွေလည်း ကြားနေရပါတယ်။ အဲဒီတော့ နိုင်ငံရဲ့ တရားဝင်တပ်မတော်အနေနဲ့ ဘယ်လိုထင်မြင်ယူဆချက် ရှိပါသလဲ။**

ဖြေ။ ။သူတို့ကတော့ တကယ်တမ်းပြောရရင်တော့ မတရားအသင်းပါပဲ။ မတရားအသင်း ကြေညာထားတယ်။ အကြမ်းဖက်အဖွဲ့လို့လည်း ကြေညာထားတယ်။ ပထမတော့ နိုင်ငံရေးအရ လုပ်လာတဲ့အခါမှာ မတရားအသင်းလို့ ကြေညာတယ်။ နောက်တော့ လက်နက်ကိုင်ပြီးတော့ ဆန့်ကျင်တာတွေဖြစ်လာတဲ့အတွက်ကြောင့်၊ အဖျက်လုပ်ငန်းတွေ ပါလာတဲ့အတွက်ကြောင့် အကြမ်းဖက်အဖွဲ့လို့ ကြေညာထားတယ်။ နိုင်ငံတကာမှာ မတရားအသင်းကြေညာထားတယ်၊ အကြမ်းဖက်အဖွဲ့လို့ ကြေညာထားတယ်ဆိုရင် လုံးဝအသိအမှတ်ပြုလို့မရပါဘူး။ ကျွန်တော်တို့က သူတို့ကိုလည်း လုံးဝအသိအမှတ်မပြုပါဘူး။ သူတို့က လေထဲမှာလုပ်နေတဲ့ အဖွဲ့တွေပဲဖြစ်ပါတယ်။

**မေး။ ။ဒီလိုမျိုးဖြစ်နေတဲ့အတွက် ပြည်တွင်းစစ်ပုံစံမျိုးတွေရောဖြစ်ပေါ်လာနိုင်တဲ့ အနေအထားမျိုးတွေ ရောက်လာနိုင်ပါသလား။ ဘယ်လိုများထင်မြင်ပါသလဲ။**

ဖြေ။ ။ကျွန်တော်ကတော့ မထင်ပါဘူး။ ကျွန်တော်တို့ နိုင်ငံရဲ့ လက်ရှိ မြန်မာပြည်တွင်းရဲ့ အခြေအနေဟာ နယ်စပ်ဒေသနဲ့ နယ်အချို့မှာပဲ ပဋိပက္ခဖြစ်တာပဲရှိတာ။ အားလုံးတည်ငြိမ် အေးချမ်းလျက်ရှိတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခဖြစ်လာတာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရကတည်းက ဖြစ်လာတယ်။ အဲဒီကနေပြီးတော့ လက်ရှိ ၂၀၁၁ ခုနှစ်မှာ ကျွန်တော်တို့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တင်နိုင်ခဲ့ပြီးဖြစ်တယ်။ ငြိမ်းချမ်းရေးတွေလည်း ကျွန်တော်တို့ ယူခဲ့ပြီးဖြစ်တယ်။ ငြိမ်းချမ်းရေးလည်း ၂၀၁၂ ခုနှစ်မှာ ဆွေးနွေးပြီးတော့ ၂၀၁၅ ခုနှစ်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ခဲ့ပြီး ဖြစ်တယ်။ အဲဒီအချိန်အထိ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခပဲဖြစ်တယ်။ ပြည်တွင်းစစ်မဖြစ်ခဲ့ဘူး။ အခုက အဲဒီအခြေအနေတွေထက် အများကြီးကောင်းပါတယ်။ ဒါကြောင့် လက်နက်ကိုင်ပဋိပက္ခဖြစ်တယ်ဆိုတာတော့ ရှိတော့ရှိမယ်။ ဘာလို့လဲဆိုတော့ EAOs တွေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ရှိနေသေးတာကိုး။ သူတို့ နယ်စပ်ဒေသမှာ အများကြီးရှိနေသေးတယ်။ ဒါကြောင့် ပြဿနာတော့ ရှိကောင်းရှိနိုင်သေးတယ်။ ပြည်တွင်းစစ်ဖြစ်လောက်တဲ့ အခြေအနေမျိုးတော့ လုံးဝမဖြစ်နိုင်ဘူး။

**မေး။ ။အဲဒီတော့ အခု သူတို့ပြန်ပြီးတော့ အသစ်ဖွဲ့ထားတယ်ဆိုတဲ့ဟာတွေလည်း ရှိကြပါတယ်။ အဲဒီသူတွေဆီကို ရောက်နေတဲ့ အထောက်အကူပြုပစ္စည်းတွေ၊ နောက်ပြီး သူတို့ဆီမှာ ရောက်နေတဲ့ လက်နက်တွေ အဲဒီအရင်းအမြစ်ကိုရော ဘယ်လိုများ မှန်းဆနိုင်ပါသလဲ။**

ဖြေ။ ။သူတို့တကယ် တိုက်ပွဲဝင်နေတဲ့ လက်နက်တွေကတော့ နယ်စပ်မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဆီက ရနိုင်တာလည်း ရှိတယ်။ ဝယ်လို့ရတာလည်းရှိတယ်။ နိုင်ငံတကာမှာလည်း လက်နက်တွေ အများကြီးဝယ်လို့ရတာ မှောင်ခိုဝယ်လို့ရတာ အများကြီးရှိတယ်။ ကိုယ်ကိုယ်တိုင်လုပ်လို့ရတဲ့ လုပ်သေနတ်တွေရှိတယ်။ ဒါတွေကြောင့် ရတယ်လို့ ကျွန်တော် ယူဆပါတယ်။ လက်နက်တွေ ဝယ်လို့ရတာတော့ အမှန်ပဲ။

**မေး။ ။နောက်ထပ်မေးချင်တာကတော့ ဒေါ်အောင်ဆန်းစုကြည် အခြေအနေကို သိချင်ပါတယ်ခင်ဗျ ။ နောက်ပြီးသူ့အနေနဲ့ကရော အခြားအပြင်ထွက်ပြီး တရားရင်ဆိုင်တာတို့ အခြားအပြင်ထွက်လာနိုင်တဲ့အခြေအနေမျိုးတွေ ရှိလားဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးကောင်းပါတယ်။ သူ့ရဲ့အိမ်မှာပဲ စနစ်တကျရှိပါတယ်။ ကျန်းကျန်းမာမာလည်းရှိပါတယ်။ မကြာခင်ရက်ပိုင်းအတွင်း တရားရုံးမှာပဲ သူတို့တရားဥပဒေအရ ရင်ဆိုင်ဖို့ရှိပါတယ်။ ရက်ပိုင်းအတွင်းမှာ သူထွက်လာဖို့ရှိပါတယ်။

**မေး။ ။သူ့ရဲ့တရားခံဘက်က ရှေ့နေရော သူနဲ့တွေ့ခွင့်ရှိပါသလား။**

ဖြေ။ ။ရှိပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ယခုနှစ်အတွင်း တစ်နိုင်ငံလုံး၌ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၁၂ ဒသမ ၀၇၅ သိန်း ငါးမျိုးစိုက်ထည့်သွားမည်

**နေပြည်တော် ဇွန် ၃**



ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ ပေါင်းလောင်းချောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ငါးမျိုးစိုက်ထည့်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ၌ ရေချိုငါးသယံဇာတများ ရှင်သန်တည်ရှိ ပွားများရန် သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင် ဧက ၂၀ ဒသမ ၅ သန်း၊ ရေဝပ်ဧရိယာ- ဧက ၁၅ သန်း၊ ဆည်တမံနှင့် ရေလှောင်ကန် ဧက ၄ ဒသမ ၅ သန်း၊ စပါးစိုက်ဧက ၁၃ ဒသမ ၃၈ သန်း စုစုပေါင်း ဧက ၅၃ ဒသမ ၃၈ သန်း ရှိနေကြောင်း၊ အဆိုပါ သဘာဝရေချိုရေပြင်များ၌ ရှင်သန်တည်ရှိနေသည့် ငါးသယံဇာတများသည် ငါးဖမ်းဆီးမှု၊ သဘာဝအလျောက် သေဆုံးမှု၊ ရေထုညစ်ညမ်းလာမှု၊ ရောဂါကျရောက်မှု၊ အချင်းချင်းသတ်ဖြတ်စားမှု၊ ရာသီဥတု ဖောက်ပြန်မှုတို့ကြောင့် ငါးအရေအတွက်များ လျော့ကျစေလျက်ရှိကြောင်း၊ သို့ပါ၍ ငါးသားပေါက်များကို အစီအမံကောင်းများဖြင့် လွှတ်ပေးခြင်း၊ သဘာဝ ငါးနေ ငါးထိုင် ပတ်ဝန်းကျင်များကို ထိန်းသိမ်းထားခြင်းအပါအဝင် နည်းလမ်းစုံဖြင့် ငါးသယံဇာတများ ပြန်လည်ဖြစ်တည်လာစေရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းလျက်ရှိကြောင်း၊ ငါး၊ ပုစွန်၊ ကဏန်း အစရှိသော ရေနေ သယံဇာတ အမယ်စုံကို သဘာဝရေပြင်မှ စဉ်ဆက်မပြတ် ထုတ်နုတ်စားသုံးနေပါက တစ်ချိန်ချိန်တွင် ကုန်ခန်းသွားနိုင်သည့် အခြေအနေကို သတိပြုမိကြရန်လိုကြောင်း၊ ငါးသယံဇာတ စဉ်ဆက်မပြတ် တည်တံ့နေစေရေးအတွက် ပြည်သူများက ကိုယ်စီကိုယ်င တာဝန်ရှိသည်ဟူသော အသိတရားကိုခံယူပြီး အားလုံးလက်တွဲ ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ပေါင်းလောင်းချောင်းအတွင်းသို့ ၂ လက်မအရွယ် ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂ သိန်း ငါးမျိုးစိုက်ထည့်သည့် အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များတက်ရောက်၍ ငါးမျိုးများစိုက်ထည့်ကြသည်။

ငါးသယံဇာတတိုးပွားရေးနှင့် ငါးရိက္ခာဖူလုံစေရေး၊ ငါးလုပ်ငန်းကိုအခြေခံ၍ ကျေးလက်နေပြည်သူများ၏ ဘဝစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်တို့ကို ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြစ်၊ ချောင်း၊ ဆည်၊ ကန်များအတွင်းသို့ ၂ လက်မအရွယ် ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးလျက်ရှိရာ ယနေ့အထိ ကောင်ရေ ၁၄၃သိန်း စိုက်ထည့်ပြီး ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၁၀၁၂ ဒသမ ၀၇၅ သိန်း ငါးမျိုးစိုက်ထည့်သွားမည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ငါးသားပေါက်ကောင်ရေ သိန်း ၄၀ မျိုးစိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိကာ ယနေ့အထိ ငါးသားပေါက်ကောင်ရေ ၂၂၀၀၀၀ စိုက်ထည့်ပြီးဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ သင်တန်းများတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဘာသာရပ် ထည့်သွင်းပို့ချနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ သင်တန်းများတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဘာသာရပ် ထည့်သွင်းပို့ချနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နှင့် (အောက်မြန်မာပြည်) တို့၌ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများတွင် **ဘေးအန္တရာယ်စီမံခန့်ခွဲမှုဘာသာရပ်**ကို ထပ်တိုးပို့ချနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ပြုစုအသုံးပြုနေသည့် သင်ရိုးညွှန်းတမ်း၏ မူလဦးတည်ချက်နှင့် လိုက်လျောညီထွေရှိစေရေးနှင့် နည်းပညာရပ်ဆိုင်ရာ ပူးပေါင်းပံ့ပိုးဆောင်ရွက်နိုင်ရေးတို့အတွက် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ပါကြောင်း။

အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သည့် သင်တန်းများတွင်လည်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဘာသာရပ်ကို ပို့ချပေးလျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ ပို့ချချက်များဆောင်ရွက်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်းများကို နိုင်ငံတကာစံချိန်စံနှုန်းများ၊ မူဘောင်များနှင့် လိုက်လျောညီထွေဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ သင်တန်းသား/သူများကို သဘာဝဘေး အသိပညာများ ဆက်လက်ဖြန့်ဝေနိုင်ရန် ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ဆည်းပူးရရှိသည့် ပညာဗဟုသုတများဖြင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေး ရှေးရှုဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက တစ်နိုင်ငံလုံးတွင် နိုင်ငံ့ဝန်ထမ်းဦးရေ ၇ သန်းခန့်ရှိရာ မြန်မာနိုင်ငံလူဦးရေ၏ ၂ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အဆိုပါဝန်ထမ်းများ၏ ခံယူချက်၊ စွမ်းဆောင်ရည်နှင့် ဗဟုသုတများ မြင့်မားလာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လုပ်ငန်းပိုင်းဆိုင်ရာ သိသည့်သိထိုက်သည်များသာမက ပို့ချမှုများဆောင်ရွက်ရန် ပြင်ဆင်နေပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုများကြောင့် သင်တန်းများ ခေတ္တရပ်နားခဲ့ရသော်လည်း ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သင်တန်းများ ပြန်လည်ဖွင့်လှစ်သွားရန် ဆောင်ရွက်နေကြောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဘာသာရပ်အား ထည့်သွင်းပို့ချနိုင်ခြင်းဖြင့် အုပ်ချုပ်ရေးယန္တရားတွင် ပါဝင်သည့်ဝန်ထမ်းများ သဘာဝဘေးအသိတိုးတက်ကာ ပြည်သူများအတွက် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ခံယူချက်၊ ကျွမ်းကျင်မှု၊ အသိပညာ၊ မျှော်မြင်တတ်မှုနှင့် စိတ်သဘောထားတို့ တိုးတက်ကောင်းမွန်ခြင်းဖြင့် ပြည်သူများကို ဝန်ဆောင်မှုများပေးရာတွင် အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ဆောင်ရွက်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၃ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဝန်ကြီးဌာနတွင်း ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးနှင့် ပန်းချီ၊ ပန်းပု ပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်



**နေပြည်တော် ဇွန် ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးနှင့် ပန်းချီ၊ ပန်းပုပြိုင်ပွဲ ကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃၅) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပါတီစုံဒီမိုကရေစီစနစ် ပထမငါးနှစ်သက်တမ်း အစိုးရလက်ထက်တွင် နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းပေးခဲ့ပါကြောင်း၊ တိုင်းရင်းသားတို့၏ အဆို၊ အက၊ အတီးများကိုပါ ထည့်သွင်း၍ ယှဉ်ပြိုင်စေသည်အထိ ဖြစ်လာခဲ့သည်ကို သိရှိရပါကြောင်း၊ ဒုတိယငါးနှစ်သက်တမ်း အစိုးရလက်ထက်တွင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်သာ ကျင်းပခဲ့ပြီး နောက်နှစ်များတွင် ဆက်လက်ကျင်းပခြင်းမရှိသည့်အတွက် ပြည်သူများ မြန်မာ့ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးများနှင့် ကင်းဝေးခဲ့ပါကြောင်း၊ ရွှေတိဂုံစေတီပုံရိပ်ပေါ်၌ နိုင်ငံခြားအက ကသည့်အထိ ဘာသာရေးနှင့် ယဉ်ကျေးမှုပျက်စီးခဲ့ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရ တာဝန်ယူသည့် တိုတောင်းသောကာလအတွင်း အဆက်ပြတ်သွားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အတီးပြိုင်ပွဲများကို မိမိတို့ဝန်ကြီးဌာနက တတ်နိုင်သည့် အတိုင်းအတာအလျောက် ပြန်လည်ဖော်ထုတ်ပေးရန် ရည်ရွယ်ပါကြောင်း၊ ပြိုင်ပွဲဝင်အဆင့်အနေဖြင့် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်ဟူ၍ အဆင့်နှစ်ဆင့်ခွဲ၍ ယှဉ်ပြိုင်သွားရမည်ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာအဆင့်တွင် ကျား၊ မ ဟူ၍ နှစ်မျိုးခွဲခြားထားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ ယှဉ်ပြိုင်ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ အခြေခံပညာအဆင့်တွင်လည်း ကျား၊ မ ဟူ၍ နှစ်မျိုးခွဲခြားထားပြီး အနုပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်ရမည် ဖြစ်ပါကြောင်း၊ ဘာသာရပ်အနေဖြင့် အဆိုဘာသာရပ်၊ အကဘာသာရပ်၊ ရုပ်သေးဘာသာရပ်၊ အတီးဘာသာရပ်နှင့် ပန်းချီ၊ ပန်းပုဘာသာရပ်တို့ ဖြစ်ပါကြောင်း၊ အတီးဘာသာရပ်တွင် ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပန်းချီဘာသာရပ်တွင် ရေဆေး၊ ဆီဆေးနှစ်မျိုးဖြင့် ရေးဆွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲနှင့်ပတ်သက်ပြီး တက်ရောက်လာသော ဌာနအသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းပေးကြပါရန် ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် ပါမောက္ခချုပ်များက ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ် သို့မဟုတ် ဒီဇင်ဘာလ ပထမပတ်တွင် ကျင်းပမည့်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သွားမည် ဖြစ်ပါကြောင်းနှင့် စီမံချက်ပါအတိုင်း လိုအပ်သည်များ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုပြိုင်ပွဲသည် နိုင်ငံတော်အဆင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအသေးစားဖြစ်ကြောင်း ပြောကြားပြီး ပြိုင်ပွဲကို ကမ္ဘာ့ကပ်ရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်ထိန်းချုပ်ရေး တားဆီးရေး လမ်းညွှန်ချက်များနှင့်အညီ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၁၁၃/ ၂၀၂၁ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၂၆ ရက်)**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ဖော်ပြပါ ဓာတုပစ္စည်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖြစ်သည်ဟု သတ်မှတ်လိုက်သည်-

(က) **၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်သည့် ကမ္ဘာ့ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ ဇယား(၁)ပါ ထိန်းချုပ်ဓာတုပစ္စည်းများ-**

ဇယား (၁)

| | | |
|---|---|---|
| (၁) | Acetic anhydride | အက်စစ်တစ် အင်ဟိုက်ဒရိုက် |
| (၂) | N-Acetylanthranilic acid | အင်-အက်စီတိုင်းလ် အင်သရာနီလစ်အက်စစ် |
| (၃) | 4-Anilino-N-phenethylpiperidine (ANPP) | ၄-အနီလီနို-အင်-ဖီနိုင်သိုင်းလ် ပိုင်ပါရီဒင်း(အေအင်ပီပီ) |
| (၄) | Ephedrine | အက်ဖီဒရင်း |
| (၅) | Ergometrine | အာဂိုမတ်ထရင်း |
| (၆) | Ergotamine | အာဂိုတမင်း |
| (၇) | Isosafrole | အိုင်ဆိုဆာဖရိုးလ် |
| (၈) | Lysergic acid | လိုက်ဆာဂျစ် အက်စစ် |
| (၉) | 3,4-MDP-2-P methyl glycidate | ၃၊၄-အမ်ဒီပီ-၂-ပီ မီသိုင်းဂလိုက်စီဒိတ် |
| (၁၀) | 3,4-MDP-2-P methyl glycidic acid | ၃၊၄-အမ်ဒီပီ-၂-ပီ မီသိုင်း ဂလိုက်စီဒစ်အက်စစ် |
| (၁၁) | 3,4-Methylenedi-oxy phenyl-2-propanone | ၃၊၄-မီသိုင်းလ်လင်ဒိုင်အောက်ဆီဖီနိုင်းလ်-၂-ပရိုပန်နုန်း |
| (၁၂) | Norephedrine | နော်အက်ဖီဒရင်း |
| (၁၃) | N-Phenethyl-4-piperidone (NPP) | အင်-ဖီနိုင်သိုင်းလ်-၄-ပိုက်ပါရီဒုန်း (အင်ပီပီ) |
| (၁၄) | Phenylacetic acid | ဖီနိုင်းလ်အက်စစ်တစ် အက်စစ် |
| (၁၅) | 1-Phenyl-2-propanone | ၁-ဖီနိုင်းလ်-၂-ပရိုပန်နုန်း |
| (၁၆) | alpha-Phenylaceto-acetamide (APAA) | အလ်ဖာ-ဖီနိုင်းလ် အက်စီတိုအက်စီတမိုက် (အေပီအေအေ) |
| (၁၇) | alpha-Phenylaceto-acetonitrile (APAAN) | အလ်ဖာ-ဖီနိုင်းလ် အက်စီတိုအက်စီတို နိုက်ထရေး (အေပီအေအေအန်) |
| (၁၈) | Piperonal | ပိုင်ပါရိုနယ်လ် |
| (၁၉) | Potassium permanganate | ပိုတက်စီယမ် ပါမင်းဂနိတ် |
| (၂၀) | Pseudoephedrine | ဆူဒိုအက်ဖီဒရင်း |
| (၂၁) | Safrole | ဆာဖရိုးလ် |

(ခ) **၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်သည့် ကမ္ဘာ့ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ ဇယား(၂)ပါ ထိန်းချုပ်ဓာတုပစ္စည်းများ-**

ဇယား (၂)

| | | |
|---|---|---|
| (၁) | Acetone | အက်စီတုန်း |
| (၂) | Anthranilic acid | အင်သရာနီလစ်အက်စစ် |
| (၃) | Ethyl ether | အီသိုင်းလ် အီသာ |
| (၄) | Hydrochloric acid | ဟိုက်ဒရိုကလိုရစ် အက်စစ် |
| (၅) | Methyl ethyl ketone | မီသိုင်းလ် အီသိုင်းလ် ကီတုံး |
| (၆) | Piperidine | ပိုင်ပါရီဒင်း |
| (၇) | Sulphuric acid | ဆာလ်ဖြူရစ် အက်စစ် |
| (၈) | Toluene | တော်လူအင်း |

(ဂ) မြန်မာနိုင်ငံ၏ လိုအပ်ချက်အရ သတ်မှတ်သည့် ဇယား(၃)ပါ ထိန်းချုပ်ဓာတုပစ္စည်းများ -

ဇယား (၃)

| | | |
|---|---|---|
| (၁) | Ammonium Chloride | အမိုနီယမ် ကလိုရိုက် |
| (၂) | Ammonium Nitrate | အမိုနီယမ် နိုက်ထရိတ် |
| (၃) | Caffeine | ကေဖင်း |
| (၄) | Lead Acetate | လိဒ် အစီတိတ် |
| (၅) | Methylamine/ Methylamine Hydrochloride | မီသိုင်းလမင်း/ မီသိုင်းလမင်း ဟိုက်ဒရိုကလိုရိုက် |
| (၆) | Sodium Acetate | ဆိုဒီယမ် အစီတိတ် |
| (၇) | Sodium Cyanide | ဆိုဒီယမ် ဆိုင်ယာနိုက် |
| (၈) | Safrole rich oil | ဆာဖရိုးကြွယ်ဝသော အဆီ |
| (၉) | Tartaric Acid | တာတာရစ် အက်ဆစ် |
| (၁၀) | Thionyl Chloride | သိုင်အိုနိုင်းလ် ကလိုရိုက် |


၂။ ဤအမိန့်ကြော်ငြာစာဖြင့် ယခင် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂၊ ၆/၂၀၁၀ နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၈၊ ၁၇/၂၀၂၀ နှင့် ၁၈/၂၀၂၀ တို့အား လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# မြန်မာနိုင်ငံရှိကျောင်းများတိုက်ခိုက်ခံရမှု ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ပြစ်တင်ရှုတ်ချ

**နယူးယောက် ဇွန် ၃**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က မြန်မာ့ကျောင်းများနှင့် ပညာရေးဝန်ထမ်းများအပေါ် တိုက်ခိုက်မှုများကို ပြစ်တင်ရှုတ်ချလိုက်သည်။ အဆိုပါအကြမ်းဖက်မှုများသည် လက်သင့်မခံနိုင်ကြောင်းနှင့် ကလေးများ၏အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ ယူနီဆက်ဖ်မြန်မာက သက်ဆိုင်ရာအဖွဲ့အစည်းများအား ကျောင်းများကို လုံခြုံစိတ်ချရအောင် လုပ်ဆောင်ရန် တိုက်တွန်းပြောကြားလိုက်သည်။



ယူနီဆက်ဖ်မြန်မာ စာမျက်နှာတွင် ဖော်ပြထားမှုကို တွေ့ရစဉ်။

ကျောင်းတွင်းအနီးဝန်းကျင် ဒေသများတွင် ဖြစ်ပွားသော အကြမ်းဖက်မှုများသည် ဘယ်တော့မှ လက်ခံနိုင်စရာမရှိကြောင်း၊ ကျောင်းများနှင့် တခြား ပညာရေးအဆောက်အအုံများကို ပဋိပက္ခများနှင့် မငြိမ်သက်မှုများမှ ကာကွယ်သွားရမည်ဖြစ်ကြောင်း ယူနီဆက်ဖ်က ထုတ်ပြန်လိုက်သော ကြေညာချက်တွင် ဖော်ပြလိုက်သည်။ ပညာသင်ကြားရေး၊ ဆရာ ဆရာမများနှင့် ပညာရေးအဆောက်အအုံများကို တိုက်ခိုက်ခြင်းသည် ကလေးများ၏အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောသည်။

ဖေဖော်ဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ စာသင်ကျောင်းများနှင့် ပညာရေးဝန်ထမ်းများကို တိုက်ခိုက်မှု ၅၄ ခုထက်မနည်းရှိခဲ့သည်။ မေလတစ်လတည်းတွင် တိုက်ခိုက်မှု ၃၉ ခုရှိခဲ့သည်။ ပေါက်ကွဲမှုများသည် အများပြည်သူနေရာများတွင် ဖြစ်ပွားခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် တစ်နှစ်ကျော်ကြာ ကျောင်းများပိတ်ထားခဲ့ရပြီးနောက် အင်္ဂါနေ့က ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ယူနီဆက်ဖ်က မြန်မာနိုင်ငံရှိအဖွဲ့အစည်းများကို ဘေးကင်းလုံခြုံစွာဖြင့် ပညာသင်ကြားနိုင်ရန် ဦးစားပေးလုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး ၇၀၄ ဒသမ ၈ သန်းကျော်ထိုးပေး

**ပေကျင်း ဇွန် ၃**

ဇွန် ၂ ရက်အထိ တရုတ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး ၇၀၄ ဒသမ ၈ သန်းကျော် ထိုးပေးခဲ့ပြီဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က ဇွန် ၃ ရက်တွင် ပြောကြားလိုက်သည်။

ကာကွယ်ဆေးထိုးမှုများကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိရာ မတ် ၂၇ ရက်က ကာကွယ်ဆေး သန်း ၁၀၀ အထိ ထိုးပေးနိုင်ခဲ့ပြီး နောက်ထပ် ၂၅ ရက်အတွင်း နောက်ထပ် သန်း ၂၀၀ အထိ ထိုးပေးနိုင်ခဲ့သည်။ သန်း ၆၀၀ မှ သန်း ၇၀၀ အထိ ရောက်ရှိရန် ငါးရက်သာကြာခဲ့သည်။

လွန်ခဲ့သောနှစ်ကတည်းက တရုတ်နိုင်ငံတွင် ကာကွယ်ဆေးအမျိုးပေါင်း ၂၀ ခန့်ကို နောက်ဆုံးအဆင့် စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

ပြည်တွင်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများ၊ သုတေသနလုပ်ဆောင်ချက်များ၊ ကာကွယ်ဆေးတိုးတက်ထုတ်လုပ်မှုများကို လျင်မြန်စွာလုပ်ဆောင်လာသည့်အတွက် တရုတ်နိုင်ငံသည် ၎င်း၏ ကိုဗစ်-၁၉ ကာကွယ်ဆေးဖြင့် ကမ္ဘာလုံးဆိုင်ရာပြည်သူများကောင်းစားစေရမည်ဟူသည့် ကတိကဝတ်ကို ကောင်းစွာအကောင်အထည်ဖော်လျက်ရှိသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၈ သန်းကျော်ရှိလာ

နယူးဒေလီ ဇွန် ၃

**အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် ဇွန် ၃ ရက်က ၁၃၄၁၅၄ ဦး တိုးလာပြီး စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၈၄၄၁၉၈၆ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။**

ဇွန် ၂ ရက် နံနက်ပိုင်းကတည်းက ကိုဗစ်-၁၉ ကြောင့် ၂၈၈၇ ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၃၇၉၈၉ ဦးအထိ တိုးလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၁၇၁၃၄၁၃ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၀၂၃၂ ဦး လျော့နည်းလာခဲ့သည်။ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပမာဏသည် လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ကျဆင်းခဲ့သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကင်းစင်သွားပြီး ဆေးရုံမှ ဆင်းလာသူ ၂၆၃၉၀၅၈၄ ဦး ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံအနှံ့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ဇန်နဝါရီလတွင် စတင်ခဲ့ပြီး ယခုအချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၂၂၁ သန်းကျော်ရှိခဲ့သည်။


အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

လတ်တလောတွင် တတိယအသုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အသက် ၁၈ နှစ်နှင့် အထက်ရှိသူများကို လွှမ်းခြုံ ကာကွယ်ဆေးထိုးပေးသွားမည် ဖြစ်သည်။ သို့သော်လည်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံအလောက်မရှိသေးကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ကာကွယ်ဆေးသုံးမျိုး ထိုးပေးလျက်ရှိပြီး ၎င်းတို့မှာ ကိုဗီရှီးလ်၊ ကိုဗက်ဇင်နှင့် ရုရှားလုပ်စပွတ်နစ်ဗွီကာကွယ်ဆေးများ ဖြစ်သည်။ **ဆင်ဟွာ**

## သင်္ဘောမီးလောင်ပေါက်ကွဲမှုဖြစ်စဉ်ကို သိရှိရန် ကုန်တင်သင်္ဘော၏ ရေကြောင်းမှတ်တမ်းအချက်ပြကိရိယာကို သီရိလင်္ကာရှာဖွေ

**ကိုလံဘို ဇွန် ၃**

ကိုလံဘိုဆိပ်ကမ်း အဝေးတစ်နေရာတွင် မီးလောင်ခဲ့သော နိုင်ငံခြားပိုင် အိတ်ပရက်စ်ပုလဲ ကုန်တင်သင်္ဘော၏ ရေကြောင်း မှတ်တမ်းအချက်ပြ ကိရိယာ တည်နေရာကို ရှာဖွေမှုများ စတင် လုပ်ဆောင်ခဲ့ကြောင်း သီရိလင်္ကာ အစိုးရက ဇွန် ၃ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါအချက်ပြကိရိယာကို မီးလောင်ပေါက်ကွဲမှု မဖြစ်မီနှင့် ပေါက်ကွဲမှုဖြစ်နေစဉ်အတွင်း သင်္ဘောမာလိန်မှူးနှင့် အဖွဲ့ဝင်များ၏ ပြောစကားများကို နားထောင်ရာတွင် အသုံးပြုလိမ့်မည်ဖြစ်ကြောင်း၊ ကိုလံဘိုတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အရာရှိများက ပြောသည်။


လောင်ကျွမ်းပေါက်ကွဲခဲ့သော ကုန်တင်သင်္ဘောကို တွေ့ရစဉ်။

အဆိုပါ ကိရိယာသည် သင်္ဘော ဘာကြောင့်မီးလောင်ကျွမ်းခဲ့သလဲဆိုသည့် တိကျသောအကြောင်းပြချက်ကို ရှာဖွေရာတွင် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း အစိုးရက ပြောခဲ့သည်။

ကိုလံဘိုဆိပ်ကမ်းနှင့် ၁၈ ဒသမ ၅ ကီလိုမီတာအကွာတွင် သင်္ဘောပေါက်ကွဲလောင်ကျွမ်းနေစဉ်တွင် ဆီများယိုဖိတ်ခြင်းရှိ၊ မရှိ ရှာဖွေခဲ့ကြောင်း သီရိလင်္ကာရေတပ်က ပြောကြားခဲ့သည်။ သင်္ဘော နောက်ပိုင်းသည် ပင်လယ်ကြမ်းပြင်ကို ထိပြီးနောက် ယင်းထက်ပိုမိုနက်သည့် ပင်လယ်အတွင်းသို့ နောက်ထပ် ကျဆင်းနိုင်စရာမရှိသည့်အတွက် ဇွန် ၂ ရက်က စတင်ခဲ့သော သင်္ဘောဆယ်ယူခြင်း လုပ်ငန်းများကို ရာသီဥတုဆိုးရွားမှုကြောင့် ခေတ္တရပ်နားခဲ့ရသည်။

အဆိုပါ ကုန်တင်သင်္ဘောသည် လောင်စာဆီ ၃၂၁ တန် တင်ဆောင်ခဲ့ပြီး လောင်စာဆီများက မီးလောင်မှုကို ဖြစ်စေခဲ့သည်လားဆိုပြီး စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုန်တင်သင်္ဘောသည် စင်ကာပူအလံလွှင့်ထူထားပြီး ကုန်သေတ္တာပေါင်း ၁၄၈၆ လုံး၊ နိုက်ထရစ်အက်စစ် ၂၅ တန်နှင့် အခြား ဓာတုပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို တင်ဆောင်ခဲ့ပြီး မေ ၁၅ ရက်တွင် အိန္ဒိယနိုင်ငံ ဟာဇီရာဆိပ်ကမ်းမှ ထွက်ခွာခဲ့သည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှား အရှေ့ပိုင်းတွင် ငလျင်လှုပ်

**ဂျကာတာ ဇွန် ၃**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ပြည်နယ်ဖြစ်သည့် မာလူကူမြောက်ပိုင်း၌ အင်အား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း၊ သို့သော်လည်း ဆူနာမီ သတိပေးချက် ထုတ်ပြန်ထားခြင်းမရှိကြောင်း မိုးလေဝသဌာနက ပြောကြားလိုက်သည်။

ဂျကာတာ စံတော်ချိန် ညနေ ၁၇ နာရီ ၉ မိနစ်တွင် တာနိတ်မြို့ အနောက်တောင်ဘက်ကို ဗဟိုပြု၍ လှုပ်ခဲ့သည်။

ငလျင်လှုပ်ခတ်မှုကို အနီးနားဝန်းကျင်များတွင် တွေ့ကြုံခံစားခဲ့ရသော်လည်း အကြီးစားပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၂၂ ဦး တွေ့ရှိ၊ ၃ ဦးထပ်မံသေဆုံး

## (၃–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၄၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၂၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၂၆,၄၆၈) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၉၄၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၄၀၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၂၁) ဦး ရှိပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၁၃) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၉၀) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၄) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၄၃) ခု | (၁၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၇) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၅၅) ခု | (၇၅) ဦး |
| စုစုပေါင်း | (၁,၄၄၈) ခု | (၁၂၂)ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၃

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၁၇) ကို ဇွန် ၄ ရက် ညပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၇)၏ COVID–19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့်ဆုမြလှိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇွန် (၄ ၊ ၅ ၊ ၆ ) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်




## ဝသန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇွန် ၃

ဝသန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၁)ကို ဇွန် ၄ ရက် ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၊ သံစုံတီးဝိုင်းအဖွဲ့တို့နှင့်အတူ အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့၏ တီးခတ်မှုဖြင့် နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် ကေတုဝင်းထွဋ်၊ မောင်မောင်အေး (အလင်္ကာဝတ်ရည်)၊ စိုးစန္ဒာထွန်း၊ ရဲထိုက်၊ ယဉ်ဝေယံထွန်း၊ ရွှေယမင်းဦး၊ ရဲရင့်ဝေလွင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇွန် ၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၃-၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၁၅၄၇၆၇ | ၂၇၉၈၆၅၄၂ | ၆၁၁၀၃၇ |
| ၂။ | အိန္ဒိယ | ၂၈၄၅၁၆၃၅ | ၂၆၃၉၀၅၈၄ | ၃၃၈၀၈၂ |
| ၃။ | ဘရာဇီး | ၁၆၇၂၀၀၈၁ | ၁၅၁၆၈၃၃၀ | ၄၆၇၇၀၆ |
| ၄။ | ပြင်သစ် | ၅၆၈၅၉၁၅ | ၅၃၇၁၈၀၅ | ၁၀၉၇၅၈ |
| ၅။ | တူရကီ | ၅၂၆၃၆၉၇ | ၅၁၃၁၄၅၃ | ၄၇၇၆၈ |
| ၆။ | ရုရှား | ၅၀၉၉၁၈၂ | ၄၇၁၁၉၈၂ | ၁၂၂၆၆၀ |
| ၇။ | ဗြိတိန် | ၄၄၉၄၆၉၉ | ၄၂၉၃၉၇၇ | ၁၂၇၇၉၄ |
| ၈။ | အီတလီ | ၄၂၃၃၂၀၀ | ၃၈၈၆၈၆၇ | ၁၂၆၂၈၃ |
| ၉။ | အာဂျင်တီးနား | ၃၈၅၂၁၅၆ | ၃၄၀၉၃၁၆ | ၇၉၃၂၀ |
| ၁၀။ | ဂျာမနီ | ၃၆၉၈၈၆၃ | ၃၅၁၈၆၀၀ | ၈၉၅၃၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၃၇၁၂၆ | ၁၆၉၁၅၉၃ | ၅၁၀၉၅ |
| ဖိလစ်ပိုင် | ၁၂၄၇၈၉၉ | ၁၁၇၀၇၅၂ | ၂၁၃၅၇ |
| မလေးရှား | ၅၉၅၃၇၄ | ၅၀၈၉၄၇ | ၃၀၉၆ |
| ထိုင်း | ၁၆၉၃၄၈ | ၁၁၈၂၀၄ | ၁၁၄၆ |
| မြန်မာ | ၁၄၃၉၄၅ | ၁၃၂၄၀၈ | ၃၂၂၁ |
| စင်ကာပူ | ၆၂၁၄၅ | ၆၁၅၂၃ | ၃၃ |
| ကမ္ဘောဒီးယား | ၃၂၁၈၉ | ၂၄၇၆၃ | ၂၃၆ |
| ဗီယက်နမ် | ၈၀၆၃ | ၃၀၈၅ | ၄၉ |
| လာအို | ၁၉၄၃ | ၁၆၅၄ | ၃ |
| ဘရူနိုင်း | ၂၄၄ | ၂၃၁ | ၃ |

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

# ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မဲရုံ ၅၈ ရုံ | ၉၄၁၅၃ | ၇၇၂၂၀ | ၇၆၀၅ | ၇၂၄ | ၈၉၃၄ |
| ၂ | ကချင်ပြည်နယ် မိုးမောက်မြို့နယ် မဲရုံ ၄၅ ရုံ | ၅၀၃၀၀ | ၅၅၄၅၂ | ၁၆၀၀ | ၂၆၆ | ၄၃၂၄ |
| ၃ | ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မဲရုံ ၁၆၉ ရုံ | ၁၀၄၈၂၀ | ၈၄၃၀၇ | ၂၂၀၅၆ | ၇၇၉ | ၁၁၁၂၆ |
| | **စုစုပေါင်း** မဲရုံ ၂၇၂ ရုံ | ၂၄၉၂၇၃ | ၂၁၆၉၇၉ | ၃၁၂၆၁ | ၁၇၆၉ | ၂၄၃၈၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၂၇၂ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၈၁၈၈၇ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၇၂၁၇၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၀၉၇၁၀၊ မြေပြင်လက်ကျန် ၁၀၅၄၅၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၅၈၉၅ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၆၃၉ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဝိုင်းမော်မြို့နယ် | ၅၈ | ၁၀၂၀၄၈ | ၅၈၂၃၈ | ၄၃၈၁၀ | ၄၃၅၃၇ | ၃၀၃ | ၃၀ |
| ၂ | မိုးမောက်မြို့နယ် | ၄၅ | ၅၇၈၀၅ | ၃၅၀၀၇ | ၂၂၇၉၈ | ၂၂၈၀၄ | ၁၄ | ၂၀ |
| ၃ | မိုးညိုမြို့နယ် | ၁၆၉ | ၁၂၂၀၃၄ | ၇၈၉၃၂ | ၄၃၁၀၂ | ၃၉၁၁၃ | ၅၅၇၈ | ၁၅၈၉ |
| | **စုစုပေါင်း** | ၂၇၂ | ၂၈၁၈၈၇ | ၁၇၂၁၇၇ | ၁၀၉၇၁၀ | ၁၀၅၄၅၄ | ၅၈၉၅ | ၁၆၃၉ |

**ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၇ အုပ်စု၊ မဲရုံပေါင်း ၅၈ ရုံအတွက် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၅၈၅၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၇၇၅၁၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၈၀၉၉ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၃၇၈၂၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ ကျေးမဲလက်မှတ် | ၉၅၈၅၀ | ၅၇၇၅၁ | ၃၈၀၉၉ | ၃၇၈၂၆ | ၃၀၃ | ၃၀ |
| ၂ | မြို့နယ်မဲလက်မှတ် | ၆၁၉၈ | ၄၈၇ | ၅၇၁၁ | ၅၇၁၁ | | |
| | **စုစုပေါင်း** | ၁၀၂၀၄၈ | ၅၈၂၃၈ | ၄၃၈၁၀ | ၄၃၅၃၇ | ၃၀၃ | ၃၀ |

၆။ ဝိုင်းမော်မြို့နယ်၊ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၇ အုပ်စုရှိ မဲရုံ ၅၈ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၀၃ စောင် ပျောက်ဆုံးနေပြီး စောင်ရေ ၃၀ ပိုနေသည်ကို စိစစ်တွေ့ရှိ ရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၅၇၁၁ စောင်ဖြစ်ပြီး မြေပြင်လက်ကျန်နှင့် ကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိရသည်။

၇။ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ် (၁) ရပ်ကွက် | ၄၁၅၀ | ၂၅၆၉ | ၁၅၈၁ | ၁၅၇၆ | ၅ | |
| ၂ | အမှတ် (၂) ရပ်ကွက် | ၂၇၀၀ | ၁၇၆၂ | ၉၃၈ | ၉၃၈ | | |
| ၃ | အမှတ် (၃) ရပ်ကွက် | ၅၀၀၀ | ၂၉၈၁ | ၂၀၁၉ | ၂၀၀၇ | ၁၂ | |
| ၄ | အမှတ် (၄) ရပ်ကွက် | ၃၀၀၀ | ၁၈၇၆ | ၁၁၂၄ | ၁၁၂၂ | ၂ | |
| ၅ | အမှတ် (၅) ရပ်ကွက် | ၁၇၀၀ | ၁၁၂၉ | ၅၇၁ | ၅၇၀ | ၁ | |
| ၆ | မုတ်လွဲကျေးရွာအုပ်စု | ၁၉၀၀ | ၁၃၀၄ | ၅၉၆ | ၅၉၂ | ၄ | |
| ၇ | ခတ်ချိုကျေးရွာအုပ်စု | ၉၁၀၀ | ၅၃၇၁ | ၃၇၂၉ | ၃၆၆၁ | ၆၈ | |
| ၈ | မခန္တီးကျေးရွာအုပ်စု | ၂၁၅၀ | ၁၃၆၉ | ၇၈၁ | ၇၉၁ | | ၁၀ |
| ၉ | နောင်ဟီးကျေးရွာအုပ်စု | ၁၇၅၀ | ၁၁၈၉ | ၅၆၁ | ၅၆၁ | | |
| ၁၀ | စန်းကားကျေးရွာအုပ်စု | ၄၇၀၀ | ၂၃၉၉ | ၂၃၀၁ | ၂၃၀၃ | | ၂ |
| ၁၁ | အောင်မြေ(၁)ကျေးရွာအုပ်စု | ၃၆၀၀ | ၁၉၂၆ | ၁၆၇၄ | ၁၆၂၆ | ၄၈ | |
| ၁၂ | အောင်မြေ(၂)ကျေးရွာအုပ်စု | ၉၅၀ | ၅၅၃ | ၃၉၇ | ၃၉၇ | | |
| ၁၃ | ရွှေညောင်ပင်ကျေးရွာအုပ်စု | ၄၃၅၀ | ၂၄၅၄ | ၁၈၉၆ | ၁၈၄၄ | ၅၂ | |
| ၁၄ | နောင်စီပေါကျေးရွာအုပ်စု | ၁၉၀၀ | ၁၃၅၂ | ၅၄၈ | ၅၄၈ | | |
| ၁၅ | နန်ဆန်ယန်ကျေးရွာအုပ်စု | ၁၁၅၀ | ၈၅၂ | ၂၉၈ | ၂၉၆ | ၂ | |
| ၁၆ | မဒိန်ကျေးရွာအုပ်စု | ၃၇၀၀ | ၂၅၄၇ | ၁၁၅၃ | ၁၁၅၃ | | |
| ၁၇ | ဝူယန်ကျေးရွာအုပ်စု | ၄၃၀၀ | ၂၇၂၀ | ၁၅၈၀ | ၁၅၈၀ | | |
| ၁၈ | နန့်ဝါကျေးရွာအုပ်စု | ၂၃၀၀ | ၁၇၆၄ | ၅၃၆ | ၅၃၆ | | |
| ၁၉ | ဝါးရှောင်ကျေးရွာအုပ်စု | ၃၀၅၀ | ၂၀၅၇ | ၉၉၃ | ၉၉၃ | | |
| ၂၀ | ဒိန်ဂျန်ယန်ကျေးရွာအုပ်စု | ၁၃၅၀ | ၈၈၃ | ၄၆၇ | ၄၆၇ | | |
| ၂၁ | မန်ဝိန်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၂၁၁ | ၆၈၉ | ၆၈၁ | ၈ | |
| ၂၂ | ဆိုင်လော်ကျေးရွာအုပ်စု | ၉၅၀ | ၆၁၂ | ၃၃၈ | ၃၃၈ | | |
| ၂၃ | ဖုန်တန်ကောင်ကျေးရွာအုပ်စု | ၅၅၀ | ၂၈၉ | ၂၆၁ | ၂၆၁ | | |
| ၂၄ | မန်ဒေါင်ကျေးရွာအုပ်စု | ၁၀၀၀ | ၆၈၁ | ၃၁၉ | ၃၁၈ | ၁ | |
| ၂၅ | ရှငေါ်ကျေးရွာအုပ်စု | ၃၀၀ | ၂၂၆ | ၇၄ | ၇၄ | | |
| ၂၆ | မဂရန်းကျေးရွာအုပ်စု | ၂၀၀ | ၁၅၄ | ၄၆ | ၄၆ | | |
| ၂၇ | နောင်တာလောကျေးရွာအုပ်စု | ၁၉၅၀ | ၁၅၀၀ | ၄၅၀ | ၄၅၀ | | |
| ၂၈ | မိုင်းနားကျေးရွာအုပ်စု | ၁၃၂၅၀ | ၆၆၆၂ | ၆၅၈၈ | ၆၄၉၄ | ၉၄ | |
| ၂၉ | နောင်ချိန်းကျေးရွာအုပ်စု | ၅၁၀၀ | ၂၇၁၅ | ၂၃၈၅ | ၂၃၈၉ | | ၄ |
| ၃၀ | အမှတ်(၁)ရပ်ကွက်၊ ဆဒုံးမြို့ | ၅၅၀ | ၃၅၇ | ၁၉၃ | ၁၉၁ | ၂ | |
| ၃၁ | အမှတ်(၂)ရပ်ကွက်၊ ဆဒုံးမြို့ | ၉၅၀ | ၄၃၈ | ၅၁၂ | ၅၀၈ | ၄ | |
| ၃၂ | အမှတ်(၃)ရပ်ကွက်၊ ဆဒုံးမြို့ | ၆၀၀ | ၃၆၉ | ၂၃၁ | ၂၃၁ | | |
| ၃၃ | အမှတ်(၄)ရပ်ကွက်၊ ဆဒုံးမြို့ | ၅၀၀ | ၂၆၆ | ၂၃၄ | ၂၃၄ | | |
| ၃၄ | အမှတ်(၅)ရပ်ကွက်၊ ဆဒုံးမြို့ | ၅၀၀ | ၂၅၄ | ၂၄၆ | ၂၄၆ | | |

စာမျက်နှာ ၁၆ သို့ ☆



ဝိုင်းမော်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ဝိုင်းမော်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

☆ စာမျက်နှာ ၁၅ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၅ | အမှတ်(၁)ရပ်ကွက်၊ ကန်ပိုက်တီမြို့ | ၃၀၀ | ၂၁၀ | ၉၀ | ၉၀ | | |
| ၃၆ | အမှတ်(၂)ရပ်ကွက်၊ ကန်ပိုက်တီမြို့ | ၃၅၀ | ၂၁၄ | ၁၃၆ | ၁၃၈ | | ၂ |
| ၃၇ | အမှတ်(၃)ရပ်ကွက်၊ ကန်ပိုက်တီမြို့ | ၁၅၀ | ၉၉ | ၅၁ | ၅၁ | | |
| ၃၈ | ဝေ့ချို့ကျေးရွာအုပ်စု | ၂၂၅၀ | ၁၁၇၈ | ၁၀၇၂ | ၁၀၈၂ | | ၁၀ |
| ၃၉ | ဇခုန်ကျေးရွာအုပ်စု | ၇၀၀ | ၅၈၉ | ၁၁၁ | ၁၁၃ | | ၂ |
| ၄၀ | ဆနာကျေးရွာအုပ်စု | ၁၀၀၀ | ၆၇၀ | ၃၃၀ | ၃၃၀ | | |
| | ရပ်/ ကျေးချုပ် စုစုပေါင်း | ၉၅၈၅၀ | ၅၇၇၅၁ | ၃၈၀၉၉ | ၃၇၈၂၆ | ၃၀၃ | ၃၀ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၁၉၈ | ၄၈၇ | ၅၇၁၁ | ၅၇၁၁ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၀၂၀၄၈ | ၅၈၂၃၈ | ၄၃၈၁၀ | ၄၃၅၃၇ | ၃၀၃ | ၃၀ |

## မိုးမောက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၂ အုပ်စုတို့ရှိ မဲရုံပေါင်း ၄၅ ရုံမှ ထုတ်ယူခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၁၄၅၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများမှာ ၃၃၇၃၈ ဖြစ်သဖြင့် ကျန်ရှိရမည့် အရေအတွက်မှာ ၁၇၇၁၂ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၁၇၇၁၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၅၁၄၅၀ | ၃၃၇၃၈ | ၁၇၇၁၂ | ၁၇၇၁၇ | ၁၄ | ၁၉ |
| ၂ | မြို့နယ်မဲလက်မှတ် | ၆၃၅၅ | ၁၂၆၉ | ၅၀၈၆ | ၅၀၈၇ | | ၁ |
| | စုစုပေါင်း | ၅၇၈၀၅ | ၃၅၀၀၇ | ၂၂၇၉၈ | ၂၂၈၀၄ | ၁၄ | ၂၀ |

၉။ မိုးမောက်မြို့နယ်အတွင်း ရပ်ကွက် ၁၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၂ အုပ်စုရှိ မဲရုံပေါင်း ၄၅ ရုံတွင် ဆန္ဒမဲလက်မှတ်အရေအတွက် ၁၄ စောင် ပျောက်ဆုံးနေပြီး ၁၉ စောင်ပိုနေသည်ကို စစ်ဆေးတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် မြေပြင်လက်ကျန် ဆန္ဒမဲလက်မှတ်အရေအတွက် ၅၀၈၇ ကျန်ရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကျန်ရှိရမည့် ဆန္ဒမဲလက်မှတ်ထက် ၁ စောင်ပိုနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

၁၀။ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ခါနန်ရပ်ကွက် | ၂၄၅၀ | ၁၆၂၈ | ၈၂၂ | ၈၂၂ | | |
| ၂ | အလင်းကောင်ရပ်ကွက် | ၁၇၅၀ | ၁၁၅၇ | ၅၉၃ | ၅၉၃ | | |
| ၃ | ကြေးနန်းရပ်ကွက် | ၂၃၀၀ | ၁၄၈၅ | ၈၁၅ | ၈၁၅ | | |
| ၄ | မံပုံကျေးရွာအုပ်စု | ၂၅၅၀ | ၁၄၇၆ | ၁၀၇၄ | ၁၀၇၄ | | |
| ၅ | ကျရီဒဂေါ်ကျေးရွာအုပ်စု | ၇၅၀ | ၅၈၃ | ၁၆၇ | ၁၆၇ | | |
| ၆ | ကျောက်စခန်းကျေးရွာအုပ်စု | ၆၅၀ | ၅၁၁ | ၁၃၉ | ၁၃၉ | | |
| ၇ | ကုန်ပြီကျေးရွာအုပ်စု | ၂၅၀ | ၁၆၉ | ၈၁ | ၈၁ | | |
| ၈ | ပန်မူကျေးရွာအုပ်စု | ၂၅၀ | ၁၄၉ | ၁၀၁ | ၁၀၁ | | |
| ၉ | စိန်လုံကျေးရွာအုပ်စု | ၃၀၀ | ၂၂၇ | ၇၃ | ၇၃ | | |
| ၁၀ | အောင်မင်္ဂလာရပ်ကွက် | ၇၅၀ | ၄၆၀ | ၂၉၀ | ၂၈၈ | ၂ | |
| ၁၁ | အောင်သီရိရပ်ကွက် | ၇၀၀ | ၄၆၆ | ၂၃၄ | ၂၃၂ | ၂ | |
| ၁၂ | အောင်ချမ်းသာရပ်ကွက် | ၁၁၅၀ | ၄၉၅ | ၆၅၅ | ၆၅၇ | | ၂ |
| ၁၃ | အောင်သစ္စာရပ်ကွက် | ၆၀၀ | ၃၉၆ | ၂၀၄ | ၂၀၄ | | |
| ၁၄ | အောင်ဇေယျာရပ်ကွက် | ၁၅၀၀ | ၆၉၇ | ၈၀၃ | ၈၀၅ | | ၂ |
| ၁၅ | ကောင်နန်ရပ်ကွက် | ၂၅၀ | ၁၇၈ | ၇၂ | ၇၂ | | |
| ၁၆ | ဆိုင်းဂျာရပ်ကွက် | ၆၅၀ | ၄၇၈ | ၁၇၂ | ၁၇၂ | | |
| ၁၇ | ဝိန်းခန်းကျေးရွာအုပ်စု | ၆၅၀ | ၃၆၂ | ၂၈၈ | ၂၈၈ | | |
| ၁၈ | ကွမ်ဘန်ကျေးရွာအုပ်စု | ၃၅၀ | ၂၄၈ | ၁၀၂ | ၁၀၂ | | |
| ၁၉ | ကျခန်းဒပ်ကျေးရွာအုပ်စု | ၅၅၀ | ၄၂၄ | ၁၂၆ | ၁၂၅ | ၁ | |
| ၂၀ | ဂွယ်ကထောင်ကျေးရွာအုပ်စု | ၅၀၀ | ၄၂၀ | ၈၀ | ၈၈ | | ၈ |
| ၂၁ | အမှတ်(၁)ရပ်ကွက် | ၈၀၀ | ၄၄၀ | ၃၆၀ | ၃၅၉ | ၁ | |
| ၂၂ | အမှတ်(၂)ရပ်ကွက် | ၂၅၀ | ၂၀၃ | ၄၇ | ၄၇ | | |
| ၂၃ | အမှတ်(၃)ရပ်ကွက် | ၄၅၀ | ၃၀၁ | ၁၄၉ | ၁၄၈ | ၁ | |
| ၂၄ | ဖာကေကျေးရွာအုပ်စု | ၂၃၀၀ | ၁၄၂၁ | ၈၇၉ | ၈၇၉ | | |
| ၂၅ | သိန်လုံကျေးရွာအုပ်စု | ၈၅၀ | ၆၆၁ | ၁၈၉ | ၁၈၉ | | |
| ၂၆ | တိန်းဘုရားကျေးရွာအုပ်စု | ၁၂၀၀ | ၆၉၁ | ၅၀၉ | ၅၀၆ | ၃ | |
| ၂၇ | တာဆိုင်ကျေးရွာအုပ်စု | ၁၀၅၀ | ၈၄၆ | ၂၀၄ | ၂၀၂ | ၂ | |
| ၂၈ | မံမော်ကျေးရွာအုပ်စု | ၇၅၀ | ၅၄၅ | ၂၀၅ | ၂၀၅ | | |
| ၂၉ | မံသဲကျေးရွာအုပ်စု | ၅၅၀ | ၃၄၅ | ၂၀၅ | ၂၀၅ | | |
| ၃၀ | နားလုံကျေးရွာအုပ်စု | ၄၅၀ | ၃၅၅ | ၉၅ | ၉၇ | | ၂ |
| ၃၁ | မံပိန်ကျေးရွာအုပ်စု | ၆၅၀ | ၄၄၈ | ၂၀၂ | ၂၀၄ | | ၂ |
| ၃၂ | မြို့သစ်ကျေးရွာအုပ်စု | ၂၄၀၀ | ၁၅၁၁ | ၈၈၉ | ၈၈၉ | | |
| ၃၃ | မင်းကျမ်းကျေးရွာအုပ်စု | ၂၇၅၀ | ၁၅၉၃ | ၁၁၅၇ | ၁၁၅၅ | ၂ | |
| ၃၄ | စီကော်ကျေးရွာအုပ်စု | ၁၀၀၀ | ၈၃၂ | ၁၆၈ | ၁၆၈ | | |
| ၃၅ | ခုန်ဆင့်ကျေးရွာအုပ်စု | ၁၂၀၀ | ၈၉၁ | ၃၀၉ | ၃၀၉ | | |
| ၃၆ | မန်နောင်ကျေးရွာအုပ်စု | ၂၉၅၀ | ၂၂၄၂ | ၇၀၈ | ၇၀၉ | | ၁ |
| ၃၇ | နှင်းအီကျေးရွာအုပ်စု | ၁၅၀၀ | ၁၀၄၃ | ၄၅၇ | ၄၅၉ | | ၂ |
| ၃၈ | ပန်ချိုးဟိုင်ကျေးရွာအုပ်စု | ၁၉၅၀ | ၁၂၀၇ | ၇၄၃ | ၇၄၃ | | |
| ၃၉ | မခွယ်ကျေးရွာအုပ်စု | ၁၄၀၀ | ၈၉၅ | ၅၀၅ | ၅၀၅ | | |
| ၄၀ | နောင်းကွမ်ကျေးရွာအုပ်စု | ၉၅၀ | ၇၄၈ | ၂၀၂ | ၂၀၂ | | |
| ၄၁ | နောင်းကုန်ကျေးရွာအုပ်စု | ၁၁၅၀ | ၈၆၉ | ၂၈၁ | ၂၈၁ | | |
| ၄၂ | မိုင်းခတ်ကျေးရွာအုပ်စု | ၃၅၀၀ | ၁၉၃၉ | ၁၅၆၁ | ၁၅၆၁ | | |
| ၄၃ | တာလီကျေးရွာအုပ်စု | ၁၄၅၀ | ၁၁၅၄ | ၂၉၆ | ၂၉၆ | | |
| ၄၄ | နွယ်လန်းကျေးရွာအုပ်စု | ၉၅၀ | ၄၇၆ | ၄၇၄ | ၄၇၄ | | |
| ၄၅ | အူထန်ယန်ကျေးရွာအုပ်စု | ၁၀၀ | ၇၃ | ၂၇ | ၂၇ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၅၁၄၅၀ | ၃၃၇၃၈ | ၁၇၇၁၂ | ၁၇၇၁၇ | ၁၄ | ၁၉ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၃၅၅ | ၁၂၆၉ | ၅၀၈၆ | ၅၀၈၇ | | ၁ |
| | မြို့နယ်ချုပ် စုစုပေါင်း | ၅၇၈၀၅ | ၃၅၀၀၇ | ၂၂၇၉၈ | ၂၂၈၀၄ | ၁၄ | ၂၀ |

စာမျက်နှာ ၁၇ သို့ ☆

- ❖ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ မိုးညိုမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေးမဲလက်မှတ်ထုတ်ယူရရှိမှုမှာ ၁၁၀၆၅၀ ဖြစ်ပြီး ၇၈၆၇၄ စောင် ဆန္ဒမဲပေးအသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၃၁၉၇၆ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၈၄၆၃ စောင်သာ စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံတစ်ခုချင်းအလိုက် စိစစ်ချက်အရ မဲရုံ ၆၆ ရုံတွင် မဲလက်မှတ် ၅၁၀၂ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၂၈ ရုံတွင် တရားမဝင် မဲလက်မှတ် ၁၅၈၉ စောင် အပိုရှိနေခဲ့ကြောင်း တွေ့ရှိရ
- ❖ မြေပြင်စစ်ဆေးချက်အရ မြို့နယ်ကြိုတင်မဲလက်မှတ် ၅၈၄ စောင်အနက် ၂၅၈ စောင်အား ကြိုတင်မဲအဖြစ် ဆန္ဒမဲပေးအသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၃၂၆ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၃၀၀ စောင်သာ ကျန်ရှိနေသည့်အတွက် မဲလက်မှတ် ၂၆ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိကြောင်း စိစစ်တွေ့ရှိရ
- ❖ အလားတူ မြို့နယ်လက်ကျန်(အရန်) မဲလက်မှတ် ၁၀၈၀၀ စောင်အား အသုံးပြုထားခြင်းမရှိသော်လည်း မြေပြင်တွင် ၁၀၃၅၀ စောင်သာ ကျန်ရှိနေသည့်အတွက် မဲလက်မှတ် ၄၅၀ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရှိရ
- ❖ မိုးညိုမြို့နယ်တွင် ထုတ်ယူရရှိခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၂၂၀၃၄ စောင်အနက် ၇၈၉၃၂ စောင်အား ဆန္ဒမဲပေးအသုံးပြုခဲ့ကြောင်း တွေ့ရှိရပြီး ဆန္ဒမဲလက်မှတ် ၃၉၁၁၃ စောင်ကို အသုံးမပြုဘဲ ကျန်ရှိနေသည့် မဲလက်မှတ်များအဖြစ် မြေပြင်တွင်စစ်ဆေးတွေ့ရှိရ

☆ စာမျက်နှာ ၁၆ မှ

### မိုးညိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်တွင် မဲရုံပေါင်း ၁၆၉ ရုံရှိပြီး စုစုပေါင်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ် ၁၂၂၀၃၄ အနက် ၁၁၀၆၅၀ စောင်အား ရပ်/ကျေးမဲလက်မှတ်၊ ၅၈၄ စောင်အား မြို့နယ်ကြိုတင်မဲလက်မှတ်နှင့် ၁၀၈၀၀ စောင်အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲထုတ်ပေး အသုံးပြုထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၁၀၆၅၀ | ၇၈၆၇၄ | ၃၁၉၇၆ | ၂၈၄၆၃ | ၅၁၀၂ | ၁၅၈၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၈၄ | ၂၅၈ | ၃၂၆ | ၃၀၀ | ၂၆ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၈၀၀ | | ၁၀၈၀၀ | ၁၀၃၅၀ | ၄၅၀ | |
| | စုစုပေါင်း | ၁၂၂၀၃၄ | ၇၈၉၃၂ | ၄၃၁၀၂ | ၃၉၁၁၃ | ၅၅၇၈ | ၁၅၈၉ |

၁၂။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ မိုးညိုမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေးမဲလက်မှတ် ထုတ်ယူရရှိမှုမှာ ၁၁၀၆၅၀ ဖြစ်ပြီး ၇၈၆၇၄ စောင် ဆန္ဒမဲပေးအသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၃၁၉၇၆ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၈၄၆၃ စောင်သာ စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံတစ်ခုချင်းအလိုက် စိစစ်ချက်အရ မဲရုံ ၆၆ ရုံတွင် မဲလက်မှတ် ၅၁၀၂ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၂၈ ရုံတွင် တရားမဝင် မဲလက်မှတ် ၁၅၈၉ စောင် အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၃။ မြေပြင်စစ်ဆေးချက်အရ မြို့နယ်ကြိုတင်မဲလက်မှတ် ၅၈၄ စောင်အနက် ၂၅၈ စောင်အား ကြိုတင်မဲအဖြစ် ဆန္ဒမဲပေးအသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၃၂၆ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၃၀၀ စောင်သာ ကျန်ရှိနေသည့်အတွက် မဲလက်မှတ် ၂၆ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အလားတူ မြို့နယ်လက်ကျန်(အရန်) မဲလက်မှတ် ၁၀၈၀၀ စောင်အား အသုံးပြုထားခြင်းမရှိသော်လည်း မြေပြင်တွင် ၁၀၃၅၀ စောင်သာ ကျန်ရှိနေသည့်အတွက် မဲလက်မှတ် ၄၅၀ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၁၄။ မိုးညိုမြို့နယ်တွင် ထုတ်ယူရရှိခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၂၂၀၃၄ စောင်အနက် ၇၈၉၃၂ စောင်အား ဆန္ဒမဲပေးအသုံးပြုခဲ့ကြောင်း တွေ့ရှိရပြီး ဆန္ဒမဲလက်မှတ် ၃၉၁၁၃ စောင်ကို အသုံးမပြုဘဲ ကျန်ရှိနေသည့် မဲလက်မှတ်များအဖြစ် မြေပြင်တွင်စစ်ဆေးတွေ့ရှိရပါသည်။

၁၅။ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဇောတိကရပ်ကွက် | ၁၆၀၀ | ၁၂၉၇ | ၃၀၃ | ၃၀၃ | | |
| ၂ | သခင်လှရှိန်ရပ်ကွက် | ၁၉၀၀ | ၁၄၆၆ | ၄၃၄ | ၄၃၄ | | |
| ၃ | ရွှေဥဒေါင်းရပ်ကွက် | ၂၀၀၀ | ၁၅၂၀ | ၄၈၀ | ၄၈၀ | | |
| ၄ | မြို့မရပ်ကွက် | ၁၉၅၀ | ၁၃၁၆ | ၆၃၄ | ၆၃၄ | | |
| ၅ | ရွှေပြည်သာရပ်ကွက် | ၁၀၀၀ | ၇၄၀ | ၂၆၀ | ၂၆၀ | | |
| ၆ | စပါယ်မျှောင်ကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၁၉ | ၄၈၁ | ၄၈၁ | ၅၀ | ၅၀ |
| ၇ | ဝဲကြီးကျေးရွာအုပ်စု | ၂၈၅၀ | ၁၉၅၈ | ၈၉၂ | ၉၉၂ | ၁၀၀ | ၂၀၀ |
| ၈ | ညောင်ဝိုင်းကျေးရွာအုပ်စု | ၅၀၀၀ | ၃၅၁၇ | ၁၄၈၃ | ၁၃၈၃ | ၁၅၀ | ၅၀ |
| ၉ | ရေကင်းကျေးရွာအုပ်စု | ၄၉၅၀ | ၃၄၄၅ | ၁၅၀၅ | ၁၂၀၅ | ၃၅၀ | ၅၀ |
| ၁၀ | ကျွန်းညိုကျေးရွာအုပ်စု | ၂၀၅၀ | ၁၃၈၆ | ၆၆၄ | ၆၁၄ | ၅၀ | |
| ၁၁ | ဆုံကုန်းကျေးရွာအုပ်စု | ၃၅၀၀ | ၂၆၂၀ | ၈၈၀ | ၈၈၀ | ၁၀၀ | ၁၀၀ |
| ၁၂ | ကရင်ချောင်ကျေးရွာအုပ်စု | ၃၀၀၀ | ၁၉၃၆ | ၁၀၆၄ | ၉၆၄ | ၁၅၀ | ၅၀ |
| ၁၃ | အိုးဘိုကျွန်းကျေးရွာအုပ်စု | ၃၉၀၀ | ၂၅၇၄ | ၁၃၂၆ | ၁၁၇၆ | ၂၀၀ | ၅၀ |
| ၁၄ | ဆင်မနိုင်ကျေးရွာအုပ်စု | ၂၆၀၀ | ၂၀၄၉ | ၅၅၁ | ၅၀၁ | ၁၀၀ | ၅၀ |
| ၁၅ | ဆင်ခေါင်းကျေးရွာအုပ်စု | ၄၀၀၀ | ၂၉၄၉ | ၁၀၅၁ | ၁၀၀၁ | ၁၀၀ | ၅၀ |
| ၁၆ | လက်ပံခုံကျေးရွာ | ၂၄၀၀ | ၁၈၄၃ | ၅၅၇ | ၆၀၇ | ၁၀၀ | ၁၅၀ |
| ၁၇ | မြေဇာကျေးရွာအုပ်စု | ၁၄၅၀ | ၁၁၂၇ | ၃၂၃ | ၃၂၃ | | |
| ၁၈ | မင်းဒူးကျေးရွာအုပ်စု | ၁၄၅၀ | ၁၁၅၅ | ၂၉၅ | ၂၉၅ | | |
| ၁၉ | ရှားတောကျွန်းကျေးရွာအုပ်စု | ၁၃၀၀ | ၁၀၈၂ | ၂၁၈ | ၂၁၈ | | |
| ၂၀ | ဖလန်ချောင်းကျေးရွာအုပ်စု | ၁၃၀၀ | ၁၀၃၀ | ၂၇၀ | ၂၇၀ | ၅၀ | ၅၀ |
| ၂၁ | ဖန်ခါးပင်ကျေးရွာအုပ်စု | ၃၂၀၀ | ၂၀၉၀ | ၁၁၁၀ | ၈၃၆ | ၂၇၄ | |
| ၂၂ | ဟင်္သာချောင်ကျေးရွာအုပ်စု | ၃၀၀၀ | ၁၉၁၄ | ၁၀၈၆ | ၆၈၆ | ၄၀၀ | |
| ၂၃ | ရေလယ်သောင်ကျေးရွာအုပ်စု | ၁၉၅၀ | ၁၅၆၈ | ၃၈၂ | ၃၈၂ | | |
| ၂၄ | ညောင်လေးပင်ကျေးရွာအုပ်စု | ၂၉၅၀ | ၂၁၅၂ | ၇၉၈ | ၇၁၆ | ၁၅၀ | ၆၈ |
| ၂၅ | ဇီးပင်ကျေးရွာအုပ်စု | ၃၆၀၀ | ၂၅၁၉ | ၁၀၈၁ | ၁၀၇၁ | ၁၁၀ | ၁၀၀ |
| ၂၆ | တက်ဆွဲကျေးရွာအုပ်စု | ၁၈၀၀ | ၁၂၉၇ | ၅၀၃ | ၄၅၃ | ၅၀ | |
| ၂၇ | မတော့ကုန်းကျေးရွာအုပ်စု | ၂၃၀၀ | ၁၄၈၅ | ၈၁၅ | ၆၁၅ | ၃၀၀ | ၁၀၀ |
| ၂၈ | သာယာကုန်းကျေးရွာအုပ်စု | ၃၇၅၀ | ၂၆၆၀ | ၁၀၉၀ | ၉၄၀ | ၁၅၀ | |
| ၂၉ | ငါးကယ်ကျေးရွာအုပ်စု | ၃၅၅၀ | ၂၈၀၇ | ၇၄၃ | ၆၄၃ | ၂၀၀ | ၁၀၀ |
| ၃၀ | ဇင်းချောင်းကျေးရွာအုပ်စု | ၂၁၅၀ | ၁၃၄၆ | ၈၀၄ | ၅၅၄ | ၂၅၀ | |
| ၃၁ | မြောက်လုပ်ကုန်းကျေးရွာအုပ်စု | ၁၉၅၀ | ၁၃၃၂ | ၆၁၈ | ၅၄၈ | ၇၀ | |
| ၃၂ | ပေါက်ကုန်းကျေးရွာအုပ်စု | ၃၀၅၀ | ၂၀၆၄ | ၉၈၆ | ၉၀၆ | ၁၅၀ | ၇၀ |
| ၃၃ | ကြို့ပင်သာကျေးရွာအုပ်စု | ၃၁၅၀ | ၂၂၂၄ | ၉၂၆ | ၆၆၆ | ၃၁၀ | ၅၀ |
| ၃၄ | ရွာသာယာကျေးရွာအုပ်စု | ၁၄၀၀ | ၁၀၀၇ | ၃၉၃ | ၃၄၃ | ၅၀ | |
| ၃၅ | ကျောက်ဝကျေးရွာအုပ်စု | ၂၄၅၀ | ၁၉၄၄ | ၅၀၆ | ၅၀၆ | ၁၀၀ | ၁၀၀ |
| ၃၆ | ရွှေခဲကျေးရွာအုပ်စု | ၂၄၀၀ | ၁၅၁၁ | ၈၈၉ | ၇၈၉ | ၁၀၀ | |
| ၃၇ | အင်းတွေ့ဘ်လုပ်ကျေးရွာအုပ်စု | ၄၁၀၀ | ၂၅၄၉ | ၁၅၅၁ | ၉၆၃ | ၅၈၈ | |
| ၃၈ | မြစ်သာကျေးရွာအုပ်စု | ၂၀၀၀ | ၁၃၅၆ | ၆၄၄ | ၆၄၄ | | |
| ၃၉ | ပတွော်ကျေးရွာအုပ်စု | ၂၅၅၀ | ၁၈၃၂ | ၇၁၈ | ၇၁၉ | ၅၀ | ၅၁ |
| ၄၀ | ဘုရားငူကျေးရွာအုပ်စု | ၉၅၀ | ၆၆၉ | ၂၈၁ | ၂၈၁ | | |
| ၄၁ | ထိန်တောကျေးရွာအုပ်စု | ၆၆၅၀ | ၄၈၆၉ | ၁၇၈၁ | ၁၅၈၁ | ၂၅၀ | ၅၀ |
| ၄၂ | ထန်းပင်ကုန်းကျေးရွာအုပ်စု | ၁၇၅၀ | ၁၁၅၀ | ၆၀၀ | ၆၀၀ | ၅၀ | ၅၀ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၁၀၆၅၀ | ၇၈၆၇၄ | ၃၁၉၇၆ | ၂၈၄၆၃ | ၅၁၀၂ | ၁၅၈၉ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၈၄ | ၂၅၈ | ၃၂၆ | ၃၀၀ | ၂၆ | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၈၀၀ | | ၁၀၈၀၀ | ၁၀၃၅၀ | ၄၅၀ | |
| | မြို့နယ်ချုပ် စုစုပေါင်း | ၁၂၂၀၃၄ | ၇၈၉၃၂ | ၄၃၁၀၂ | ၃၉၁၁၃ | ၅၅၇၈ | ၁၅၈၉ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မန္တလေးမစိုးရိမ်တိုက်သစ်ဆရာတော်များ ည ၈ နာရီ ပရိတ်ရွတ်ချိန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆဲဆိုပစ်ခတ်သဖြင့် သံဃာအချို့ဒဏ်ရာရရှိကြောင်း သတင်းမှားများ ဖော်ပြနေမှုနှင့်ပတ်သက်၍ သတင်းအမှန် ပြန်လည်ရှင်းလင်းခြင်း

နေပြည်တော် ဇွန် ၃

**မီဒီယာအချို့အနေဖြင့် လူမှုကွန်ရက်စာမျက်နှာ (Facebook)အား အသုံးပြုကာ မှန်ကန်မှုမရှိသော သတင်းများအား အများပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန်၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများကြား အမုန်းတရားများ ကြီးထွားလာစေရန်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်မှုများအား အထင်အမြင်လွဲမှားစေရန် စသည့်ရိုးသားမှုမရှိသော မသမာသော ရည်ရွယ်ချက်များဖြင့် မီဒီယာကျင့်ဝတ်အား ချိုးဖောက်ကာ မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။**



ရေးသားဖော်ပြထားမှုနှင့်ပတ်သက်၍ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းမှ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်အား အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူက သွားရောက်လျှောက်ထား အတည်ပြုနေမှု။

ထိုသို့ လုပ်ကြံရေးသားလျက်ရှိရာ ဇွန် ၁ ရက်တွင် Khit Thit Media အမည်ဖြင့် မီဒီယာတစ်ခုမှ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် "မန္တလေးမစိုးရိမ်တိုက်သစ်မှ သံဃာတော်များက ယနေ့ည ၈ နာရီ ပရိတ်ရွတ်ဖတ်နေချိန် စစ်ကောင်စီက လာရောက်ပြီး ကျောင်းအပေါက်ဝအထိ ဆဲဆိုပါတယ်၊ ပရိတ်ရွတ်ဖတ်ပူဇော်နေတာကို ပစ်ခတ်ဖြိုခွင်းပါတယ်၊ သံဃာအချို့ ထိခိုက်ဒဏ်ရာရရှိပါတယ်၊ တစ်ပါးမှတော့ အဖမ်းခံရတာ မရှိပါဘူး"အစရှိသဖြင့် မစိုးရိမ်တိုက်သစ်မှ သံဃာတော်တစ်ပါးမှ အမှန်တကယ်မိန့်ကြားခဲ့သယောင် မဟုတ်မမှန် ရေးသားထားသည်ကို တွေ့ရှိရသည်။

ရေးသားဖော်ပြထားမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား စိစစ်ရာတွင် ၎င်းတို့ရေးသားဖော်ပြထားသည့် နေ့ရက်နှင့် အချိန်အတွင်း မည်သည့်လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးတစ်ယောက်ကမှ ထိုကဲ့သို့ ပြုမူဆောင်ရွက်ခဲ့ခြင်းမရှိသည်ကိုလည်းကောင်း၊ ဇွန် ၃ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ၈၉ လမ်းနှင့် ၃၈ လမ်းရှိ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းတွင် သီတင်းသုံးသည့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်အား အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက အဆိုပါရေးသားဖော်ပြထားမှုနှင့်ပတ်သက်၍ သွားရောက်လျှောက်ထား အတည်ပြုရာတွင်လည်း ရေးသားဖော်ပြထားမှုသည် မှန်ကန်မှုမရှိဘဲ လုပ်ကြံရေးသားထားခြင်းဖြစ်ကြောင်း စိစစ်သိရှိရသည်။

သို့ဖြစ်ပါ၍ အများပြည်သူလူထုအနေဖြင့် မီဒီယာအချို့၏ သတင်းမီဒီယာကျင့်ဝတ်အား ချိုးဖောက်ကာ မဟုတ်မမှန် လုပ်ကြံရေးသားနေမှုများအား အသိ၊ သတိဖြင့်ယှဉ်ကာ ချင့်ချိန်ဝေဖန် သုံးသပ်နိုင်ပါရန် အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ တရားခံများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရရှိ

နေပြည်တော် ဇွန် ၃

**မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိလျက်ရှိသည်။**



ထိုသို့ ဖော်ထုတ်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက် ညပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအနီး လက်ဖက်ရည်ဆိုင်၌ ဆူပူအကြမ်းဖက်ခေါင်းဆောင်များ ရောက်ရှိနေသည်ဟု သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရာ ရဲလင်းအောင် (၂၆နှစ်)၊ စိုင်းရန်နောင်စိုး (၃၀နှစ်)၊ အောင်ခိုင်ဝင်း (၁၉နှစ်)၊ သန့်ဇင်ဝင်း(၄၁နှစ်)နှင့် ထက်လျှံအောင် (၂၈နှစ်)တို့ ငါးဦးကို ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံများဖြစ်သော အောင်ဇော်လတ် (၂၆နှစ်) နှင့် ကျော်သီဟ(၁၈နှစ်) တို့နှစ်ဦးကို မေ ၂၄ ရက် ညပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ် ၅၂ လမ်း ၁၂၆ လမ်းထောင့် (၈)ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ M-22 ရှစ်လက်၊ ကျည်အိမ် ရှစ်ခု၊ ၎င်းကျည် ၁၀၃ တောင့်၊ လက်ပစ်ဗုံး ၁၀ လုံးတို့အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ဇော်လတ်၏ ထွက်ဆိုချက်အရ မေ ၂၅ ရက် ညပိုင်းတွင် ဆက်စပ်တရားခံ ရာဇာမင်းသန့်(ခ)ဗိုလ်ချက် (၂၅နှစ်)ကို ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းနှင့် သိပ္ပံလမ်းရှိ အညာမြေလက်ဖက်ရည်ဆိုင်တွင် လည်းကောင်း၊ စိုင်းဝဏ္ဏထွန်း (၂၇နှစ်)၊ ချမ်းသာကျော် (၂၅နှစ်)နှင့် မျိုးခိုင်(၄၅နှစ်) တို့သုံးဦးကို ချမ်းမြသာစည်မြို့နယ် ရန်ကုန်-မန္တလေးလမ်းရှိ မင်းသားကြီးဟိုတယ် အခန်းအမှတ်(၁၁၃) တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စိုင်းဝဏ္ဏထွန်း၏ ထွက်ဆိုချက်အရ မေ ၂၅ ရက် ညပိုင်းတွင် ဆက်စပ်တရားခံ ဌေးဝင်းနှင့် မင်းခိုင်တို့နှစ်ဦးကို ပြည်ကြီးတံခွန်မြို့နယ် ၆၁x၆၂ လမ်းကြား ၁၃၁ လမ်းရှိ OK Mandalar ကားအရောင်းစင်တာတွင် M-22 ၁၂ လက်၊ ကျည်အိမ် ၁၃ ခု၊ ၎င်းကျည် ၄၆ တောင့်နှင့် လက်ပစ်ဗုံး ၁၂၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ သတင်းအရ မေ ၂၅ ရက် ညပိုင်းတွင် တရားခံဌေးဝင်း၏ မိခင်နေအိမ် ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက် လမ်းသွယ်(၁)ရှိ အမှတ်(ဃ-၆)သို့ ဝင်ရောက်ရှာဖွေခဲ့ရာ M-22 တစ်လက်၊ M-16 တစ်လက်၊ လက်လုပ်သေနတ်တစ်လက်၊ M-22 ကျည်အိမ်တစ်ခု၊ M-16 ကျည်အိမ်နှစ်ခု၊ M-22 ကျည် ၁၉ တောင့်၊ M-16 ကျည် ၄၉ တောင့်၊ ဒီတိုနေတာ အချောင်း ၂၄၀၀၊ မိုင်းရှာစက်တစ်လုံးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဌေးဝင်း၏ ထွက်ဆိုချက်အရ မေ ၂၆ ရက် ညနေပိုင်းတွင် ၎င်း၏ မိခင်နေအိမ်အား ထပ်မံသွားရောက်ရှာဖွေခဲ့ရာ ၂၀၀ ဂရမ်ရှိ TNT ယမ်းတောင့် ၁၉ တောင့်၊ လက်လုပ်ဗုံး ခြောက်လုံး၊ စနက်ကြိုး ၁၈ ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်၌ တရားခံ ၁၃ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ M-22 ၂၁ လက်၊ M-16 တစ်လက်၊ ကျည်အိမ် ၂၄ ခု၊ ကျည် ၂၁၇ တောင့်၊ ၉၁ လက်ပစ်ဗုံး ၁၃၃ လုံး၊ လက်လုပ်လေသေနတ် တစ်လက်၊ လက်လုပ်ဗုံး ၁၆ လုံး၊ ဒီတိုနေတာ အချောင်း ၂၄၀၀၊ TNT ယမ်းတောင့် ၁၉ တောင့်၊ မိုင်းရှာစက် တစ်လုံး၊ စနက်ကြိုး ၁၈ ချောင်းတို့ အပါအဝင် ဖောက်ခွဲရေးပစ္စည်းပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းနှင့်ဆက်စပ်ပစ္စည်းမျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ စိုင်းဝဏ္ဏထွန်း၏ ထွက်ဆိုချက်အရ ၎င်းသည် တမူးမြို့ PDF ဖြစ်မြောက်ရေး ဗဟိုကော်မတီအဖွဲ့ဝင်ခြောက်ဦးတွင် ပါဝင်သူဖြစ်ပြီး ယခု ဖြစ်စဉ်ပါ ဖမ်းဆီးရမိ လက်နက်/ ခဲယမ်းများအား တမူးမြို့ PDF အဖွဲ့ ဖွဲ့စည်းရာတွင် တပ်ဆင်ရန်အတွက်ဖြစ်ကြောင်း၊ တမူးမြို့ PDF အဖွဲ့ ရန်ပုံငွေရရှိရေးအတွက် NUG အနောက်ပိုင်းစစ်ဒေသတာဝန်ခံ ဆလိုင်းအိုက်ဇက်ခမ်းမှတစ်ဆင့် ကလေးမြို့ရှိ CRPH အဖွဲ့ဝင် ဒေါ်ရှားမီး (NLD ပါတီ၊ ကလေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) မှ ရူပီးငါးသိန်း၊ မြန်မာငွေသိန်း ၅၀ ခန့်လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် တမူးမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများထံမှလည်း အလှူငွေများ လက်ခံရယူခဲ့ကြောင်း သိရှိရသည်။

အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုဘဝလုံခြုံရေးကို ခြိမ်းခြောက်အန္တရာယ်ပြုသည့် အကြမ်းဖက်တရားခံများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၃**

မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒညင်းကုန်း ရပ်ကွက်နေ ကျော်စွာဝင်း(ခ)မဲလုံး၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တံငါမြောက်ရွာနေ မကျော့ဆုမွန်(ခ)ကျော့ကျော့၊ အမရပူရမြို့နယ် တောင်ကြီးတိုက်နယ် အရှေ့ဆင်တိုင်ရပ်ကွက်နေ ဒေါ်တင်တင်ညို့နှင့် မနုနုအေးတို့က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တံငါ မြောက်ရွာနေ မ x x x (၂၅နှစ်)၊ မ x x x (၂၃နှစ်) အမရပူရမြို့နယ် တောင်ကြီးတိုက်နယ် အရှေ့ဆင်တိုင်ရပ်ကွက်နေ မ x x x (၂၈နှစ်) နှင့် မ x x x (၃၈ နှစ်) တို့ကို တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားရန်စီစဉ်ခဲ့မှုအား သိန်းနီမြို့မရဲစခန်း (ပ)၂၈/၂၀၂၀၊ လူကုန် ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး လားရှိုးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၁ ရက်တွင် တရားခံ ကျော်စွာဝင်း(ခ)မဲလုံး၊ မကျော့ဆုမွန် (ခ)ကျော့ကျော့၊ မနုနုအေးနှင့် ဒေါ်တင်တင်ညိုတို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဟိန္ဒားသတ္တုတွင်းနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်

**ထားဝယ် ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဟိန္ဒားသတ္တုတွင်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဦးတင်အောင်က မြန်မာပွန်ပီပက် ကုမ္ပဏီလီမိတက်သည် ဟိန္ဒားသတ္တုတွင်းတွင် အစဉ်အဆက်လုပ်လာသော ကုမ္ပဏီဖြစ်ပြီး နောက်ထပ် သက်တမ်းတိုးရန် ကြိုးစားနေသော ကုမ္ပဏီဖြစ်ကြောင်း၊ ၎င်းအပေါ်တွင် မူတည်ပြီး သက်ဆိုင်ရာဌာနများတွင် သဘောထား မှတ်ချက်များ တောင်းထားကြောင်း၊ သဘောထားမှတ်ချက်များတွင် အားသာချက်၊ အားနည်းချက်များအပေါ် ညှိနှိုင်းပြီး လုပ်ငန်းများ လုပ်ဆောင်ရာ အပိုင်းများတွင် ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာပွန်ပီပက်ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာဦးခိုင်ထွန်းက ဟိန္ဒားသတ္တုတွင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပိုစတာ




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၇၆၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅ | ကျပ် | ၁၀၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၄ | ကျပ် |
| အောက်တိန်း ၉၂ | ၉၉၀ | ကျပ် | ၁၀၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၂၅ | ကျပ် | ၁၁၂၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၇၄၅ | ၁၅၇၀၅၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၃၁၆၇ | ၁၁၀၈၄၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၀ | ၁၉၅၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၈၀ | ၂၂၈၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဂျပန်နိုင်ငံ)

**မေမြန်မာ**

**နိဒါန်း**

ဂျပန်နိုင်ငံ၏အမည်ကို ဖော်ကျူးထားသော စကားလုံးများမှာ "နေမှဆင်းသက်လာသော တိုင်းပြည်"ဟု အဓိပ္ပာယ်ရပြီး လူဦးရေ ၁၂၈ သန်းခန့်ရှိ၍ ကမ္ဘာပေါ်တွင် ဒသမမြောက် လူဦးရေအများဆုံး နိုင်ငံဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏လွှတ်တော်ရေးရာနိုင်ငံရေးစနစ်မှာ ဗြိတိန်နိုင်ငံတွင် ကျင့်သုံးသည့်စနစ်နှင့် လွန်စွာနီးစပ်မှုရှိပြီး အောက်လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့အနက်မှတစ်ဦးအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်အဆိုပြုနိုင်သည်။ ဝန်ကြီးချုပ်မှာ အများအားဖြင့် အနိုင်ရပါတီ၏ ခေါင်းဆောင်ဖြစ်ပြီး အစိုးရအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူကာ ၎င်းနှင့်နိုင်ငံရေး မူဝါဒတူသူများဖြင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းသည်။ ဘုရင်အကီဟီတိုသည် ဂျပန်နိုင်ငံ၏ ဦးသျှောင်ဖြစ်ပြီး ၁၉၄၇ ခုနှစ်တွင် ရေးသားခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်နှင့် ပြည်သူလူထု၏ စည်းလုံးညီညွတ်မှု အမှတ်အသားလည်း ဖြစ်သည်။

**လွှတ်တော်များနှင့် ဥပဒေပြုရေး**

ဂျပန်နိုင်ငံတွင် Shugi-in သို့မဟုတ် House of Representatives ဟုခေါ်သည့် အောက်လွှတ်တော်နှင့် Sangi-in သို့မဟုတ် House of Councilors ဟုခေါ်သည့် အထက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ လွှတ်တော်နှစ်ရပ်အနက် အောက်လွှတ်တော်တွင် ပိုမိုအာဏာရှိသည်။ ဥပမာအားဖြင့် အောက်လွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီးသော ဥပဒေကြမ်းတစ်ရပ်အား အထက်လွှတ်တော်က ပယ်ချခဲ့လျှင် အောက်လွှတ်တော်၌ ဆန္ဒမဲသုံးပုံနှစ်ပုံဖြင့် ထပ်မံမဲခွဲ အတည်ပြုနိုင်ပါက ယင်းဥပဒေကြမ်းအား အတည်ပြုနိုင်သည်။

အောက်လွှတ်တော်နှင့် ဒေသန္တရလွှတ်တော်အများစုအတွက် ဝင်ရောက်ယှဉ်ပြိုင်သူများအတွက် အသက်သတ်မှတ်ချက်မှာ ၂၅ နှစ်ဖြစ်ပြီး အထက်လွှတ်တော်နှင့် စီရင်စု မြို့တော်ဝန်ရွေးကောက်ပွဲများအတွက် အသက်သတ်မှတ်ချက်မှာ ၃၀ ဖြစ်သည်။ Single-Seat Constituency စနစ်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်သူများအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် တင်သွင်းငွေမှာ ဂျပန်ယန်း သုံးသန်း (အမေရိကန်ဒေါ်လာ ၂၇၀၀၀) ဖြစ်ပြီး PR စနစ်အတွက် ဂျပန်ယန်း ခြောက်သန်း (အမေရိကန်ဒေါ်လာ ၅၄၀၀၀) ခန့် ဖြစ်သည်။ အောက်လွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအတွက် အသက်သတ်မှတ်ချက်မှာ ၂၅ နှစ်ဖြစ်ပြီး အထက်လွှတ်တော်အတွက် အသက်သတ်မှတ်ချက်မှာ ၃၀ ဖြစ်ပါသည်။

**အောက်လွှတ်တော် (House of Representatives)**

Shugi-in သို့မဟုတ် House of Representatives ဟုခေါ်သည့် အောက်လွှတ်တော်တွင် ယခင်က အမတ်နေရာ ၄၇၅ နေရာရှိပြီး ၂၀၁၇ ခုနှစ်တွင် ၄၆၅ နေရာသို့ လျှော့ချခဲ့သည်။ အမတ်နေရာ ၂၈၉ နေရာအား single member constituency (ကိုယ်စားလှယ်တစ်ဦးတည်း ရွေးချယ်သည့် မဲအများဆုံးရသူအနိုင်ယူ) စနစ်ဖြင့် ရွေးချယ်ပြီး ကျန် ၁၇၆ နေရာအား Closed- list PR ဖြင့် ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်၏သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး ကိုယ်စားလှယ် တစ်ဝက်စီအတွက် ရွေးကောက်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပသည်။ အမတ်နေရာအားလုံးအတွက် တစ်ပြိုင်နက်တည်း ရွေးကောက်တင်မြှောက်မှု မဖြစ်စေရန် စီစဉ်ဆောင်ရွက်ရသည်။ အမတ်နေရာ ၁၇၆ နေရာအတွက် closed - list PR စနစ်ကိုကျင့်သုံးပြီး မဲဆန္ဒရှင်များက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ ကျန်နေရာ ၂၈၉ နေရာအတွက် single member constituency (ကိုယ်စားလှယ်တစ်ဦးတည်းရွေးချယ်သည့် မဲအများဆုံးရသူ အနိုင်ယူ) စနစ်ကို ကျင့်သုံးသည်။

**အထက်လွှတ်တော် (House of Councilors)**

Sangi-in သို့မဟုတ် House of Councilors ဟုခေါ်သည့် အထက်လွှတ်တော်တွင် ယခင်က လွှတ်တော်အမတ် ၂၄၂ နေရာ ရှိသည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အတည်ပြုကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲဥပဒေပြင်ဆင်ချက်အရ စုစုပေါင်းလွှတ်တော် နေရာ ၂၄၈ နေရာရှိလာခဲ့ပြီး မဲအများဆုံးရသူအနိုင်ယူစနစ် (Majority) ဖြင့် ရွေးချယ်သည့် အမတ်နေရာအား ၁၄၆ မှ ၁၄၈ နေရာသို့ တိုးမြှင့်ပြောင်းလဲခဲ့ပြီး အချိုးကျစနစ် (Proportional Representation) ဖြင့်ရွေးချယ်သည့် အမတ်နေရာများအား ၉၆ နေရာမှ ၁၀၀ သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ အထက်လွှတ်တော်၏ သက်တမ်းမှာ ခြောက်နှစ်ဖြစ်ပြီး ရွေးကောက်ပွဲများကို သုံးနှစ်တစ်ကြိမ် ကျင်းပသည်။ အမတ်နေရာ ၁၀၀ အတွက် PR စနစ်ကိုကျင့်သုံးပြီး မဲဆန္ဒရှင်များက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ ၁၄၈ နေရာအတွက် Majority စနစ်ကို ကျင့်သုံးသည်။ ထို့ကြောင့် သုံးနှစ်လျှင်တစ်ကြိမ် Single non- transferable စနစ်ဖြင့် ၇၄ နေရာစီ၊ Open-list PR ဖြင့် ၅၀ နေရာစီကို ရွေးချယ်သည်။

> **ဂျပန်နိုင်ငံတွင် အသုံးပြုဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲစနစ်များသည် ယင်းနိုင်ငံ၏ ပထဝီအနေအထား၊ လူဦးရေ၊ နိုင်ငံရေး အခြေအနေ၊ လိုအပ်ချက်တို့နှင့် ကိုက်ညီမှုရှိနိုင်သကဲ့သို့ အားနည်းချက်၊ အားသာချက်များလည်း ရှိနိုင်ပါသည်။ ယနေ့ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသော မြန်မာနိုင်ငံသည် မိမိနိုင်ငံနှင့်သင့်လျော်သည့် ရွေးကောက်ပွဲစနစ်များကို ပြောင်းလဲကျင့်သုံးရာတွင် ဒေသတွင်းနိုင်ငံများ၏ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်နိုင်**

**ရွေးကောက်ပွဲများနှင့် မဲပေးခြင်းစနစ်**

ဂျပန်နိုင်ငံတွင် ရွေးကောက်ပွဲအမျိုးအစား သုံးမျိုးရှိပါသည်။ အထက်လွှတ်တော်ရွေးကောက်ပွဲ၊ အောက်လွှတ်တော်ရွေးကောက်ပွဲနှင့် ဒေသန္တရရွေးကောက်ပွဲများဖြစ်ပြီး အောက်လွှတ်တော်ရွေးကောက်ပွဲကို လွှတ်တော်အား ဆောလျင်စွာ ဖျက်သိမ်းသည့်အခြေအနေတစ်ရပ်မှလွဲ၍ လေးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပပါသည်။ အထက်လွှတ်တော် ရွေးကောက်ပွဲများအား သုံးနှစ်တစ်ကြိမ်ကျင်းပပြီး ဒေသန္တရ ရွေးကောက်ပွဲများကို သက်ဆိုင်ရာ စီရင်စုနှင့် မြူနီစီပယ်များတွင် လေးနှစ်တစ်ကြိမ် ကျင်းပပါသည်။ ရွေးကောက်ပွဲများအား ရွေးကောက်ပွဲစီမံခန့်ခွဲရေး ဗဟိုကော်မီတီ၏ ညွှန်ကြားမှုအောက်ရှိ အုပ်ချုပ်မှုအဆင့်တိုင်းတွင် ဖွဲ့စည်းထားသော ရွေးကောက်ပွဲအုပ်ချုပ်ရေးကော်မရှင်များက ကြီးကြပ်ကျင်းပပါသည်။ ရွေးကောက်ပွဲစီမံခန့်ခွဲရေးဗဟိုကော်မီတီသည် ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ အထူးအစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ မဲပေးခြင်းစနစ်မှာ မဲမပေးမနေရစနစ်မဟုတ်ဘဲ အသက် ၂၀ ပြည့်ပြီးသူတိုင်း မဲပေးပိုင်ခွင့်ရှိခြင်းအစား အသက် ၁၈ နှစ်ပြည့်လျှင် မဲပေးခွင့်သတ်မှတ်ချက်အား ၂၀၁၆ ခုနှစ် ဇွန်လတွင် ပြင်ဆင်သတ်မှတ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများသာ မဲပေးခွင့်ရှိသည်။

အောက်လွှတ်တော်ရွေးကောက်ပွဲများကျင်းပရာတွင် အမတ်နေရာများကို နည်းလမ်းနှစ်မျိုးဖြင့် ရွေးချယ်သည့်အတွက် ဂျပန်နိုင်ငံသားများအနေဖြင့် ဆန္ဒမဲ နှစ်မျိုးပေးရပြီး တစ်မျိုးမှာ ကိုယ်စားလှယ်လောင်းများကိုပေးခြင်းဖြစ်ကာ အခြားတစ်မဲမှာ ပါတီအတွက် ရွေးချယ်ပေးရခြင်းဖြစ်သည်။ မဲပေးခြင်းနှစ်မျိုးအနက် ပထမတစ်မျိုးမှာ Single-seat constituency ဖြစ်ပြီး မဲဆန္ဒရှင်များသည် သက်ဆိုင်ရာ မဲဆန္ဒနယ် (ခရိုင်) တစ်ခုစီတွင် ကိုယ်စားလှယ်လောင်းစာရင်းမှ နှစ်သက်ရာပုဂ္ဂိုလ်ကို ရွေးချယ်မဲပေးရပြီး မဲအများဆုံးရရှိသူက အနိုင်ရသည်။ ဒုတိယမဲမှာ ပြည်နယ်တစ်ခုစီတွင် မဲဆန္ဒရှင်များသည် မိမိနှစ်သက်ရာပါတီကို စာရင်းမှ ရွေးချယ်မဲပေးခြင်းဖြစ်သည်။ ၎င်းတို့ရရှိသည့် မဲရာခိုင်နှုန်းများအလိုက် အောက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာများ ခွဲဝေရရှိသည်။

**အောက်လွှတ်တော်လွှတ်တော်ရွေးကောက်ပွဲ (၄၆၅ နေရာ)**
**ရွေးချယ်မှုပုံစံ**

| ↓ | ↓ |
|---|---|
| single seat constituency ဖြင့် ကိုယ်စားလှယ်လောင်းများ အားမဲပေးခြင်း (၂၉၅ နေရာ) | proportional representation ဖြင့် ပါတီအားရွေးချယ် မဲပေးခြင်း (၁၈၀ နေရာ) |

ဥပမာအားဖြင့် အောက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၄၇၅ နေရာရှိသည်။ ဂျပန်နိုင်ငံတွင် ရွေးကောက်ပွဲခရိုင် ၂၉၅ ခရိုင်ဟူ၍ ခွဲခြားသတ်မှတ်ထားသဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ် ခရိုင်အလိုက် မဲဆန္ဒရှင်များသည် ၎င်းတို့အား ကိုယ်စားပြုမည့် ကိုယ်စားလှယ်လောင်းများကို မဲပေးရွေးချယ်ရသည်။ ကျန်နေရာ ၁၈၀ ကို Proportional Representation ဖြင့် ရွေးချယ်တင်မြှောက်သည့်အတွက် နိုင်ငံတစ်နိုင်ငံလုံးအား မဲဆန္ဒနယ် ၁၁ နယ်အဖြစ် ခွဲခြားသတ်မှတ်သည်။ အဆိုပါ မဲဆန္ဒနယ်တစ်နယ်အတွင်းရှိ မဲဆန္ဒရှင်များသည် သက်ဆိုင်ရာနိုင်ငံရေးပါတီများကို မဲပေးကြရပြီး ပါတီများက ကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ကြသည်။ ပါတီအလိုက်ရရှိသည့် မဲအရေအတွက်အပေါ် မူတည်ပြီး လွှတ်တော်အတွင်းတွင် ကိုယ်စားလှယ်နေရာများရရှိကြသည်။

ထို့ကြောင့် ဂျပန်နိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်အရ အောက်လွှတ်တော် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများသည် single-seat constituency တွင် အနိုင်မရရှိသော်လည်း multi-seat constituency (proportional representation) ဖြင့်ပေးသည့် မဲများဖြင့် ကိုယ်စားလှယ်လောင်းဖြစ်ခွင့်ရှိနေပါသည်။

**မဲဆန္ဒရှင်စာရင်းနှင့် မဲပေးခြင်း**

ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ အရ မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ထားခြင်းမရှိလျှင် မဲပေးပိုင်ခွင့်ရှိသူများဖြစ်သော်လည်း မဲပေးခွင့်မရှိပါ။ မဲစာရင်းအား သက်ဆိုင်ရာမြူနီစီပယ်အလိုက် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးကော်မတီများက ပြုစုပြီး ထိန်းသိမ်းထားရှိပါသည်။ ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၀ အရ မဲဆန္ဒရှင်စာရင်းတွင် မဲဆန္ဒရှင်၏ အမည်၊ လိပ်စာ၊ လိင်၊ မွေးသက္ကရာဇ် စသည်ဖြင့် ပါရှိပါသည်။ မဲစာရင်းတွင် တစ်ကြိမ်ပါဝင်ပြီးပါက အဆိုပါမဲဆန္ဒရှင် သေဆုံးသည့်အခါ သို့မဟုတ် ယင်း၏နိုင်ငံသားဖြစ်မှု မရှိတော့သည့်အခါ သို့မဟုတ် ၎င်းနေထိုင်ရာနေရာမှ အခြားနေရာတစ်ခုသို့ ပြောင်းရွှေ့နေထိုင်သည့်အခါများ၌သာ မဲစာရင်းကို ပြင်ဆင်ပါသည်။ မဲစာရင်းကို အခြေချနေထိုင်မှု အခြေခံမှတ်ပုံတင်စာရင်းစာအုပ်မှ အသက် ၁၈ နှစ်ပြည့်ပြီးသူများ၏စာရင်းဖြင့် ပြုစုခြင်းဖြစ်ပါသည်။ မဲဆန္ဒရှင်တစ်ဦးသည် အနည်းဆုံး သုံးလကျော်နေထိုင်မှုရှိသည့် နေရာ၌ မဲစာရင်းထည့်သွင်းနိုင်ပါသည်။

မဲပေးချိန်မှာ ယခင်က နံနက် ၈ နာရီမှ ည ၈ နာရီအထိဖြစ်သော်လည်း ၂၀၁၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သည့် ရွေးကောက်ပွဲဥပဒေပြင်ဆင်ချက်များအရ ဒေသခံအာဏာပိုင်များအနေဖြင့် မဲရုံဖွင့်ချိန်ကို အချိန် နှစ်နာရီစောဖွင့်ခြင်း သို့မဟုတ် မဲရုံပိတ်ချိန်ကိုည ၈ နာရီထက် နှစ်နာရီနောက်ကျပိတ်ခြင်းတို့ကိုဆောင်ရွက်ခွင့်ရရှိစေခဲ့သည်။ ပုံမှန်အချိန်ထက် မဲပေးချိန်ကို တိုးမြှင့်ရသည့် ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲတွင် ပိုမိုလာရောက်မဲပေးကြစေရေးအတွက် ဖြစ်ပါသည်။ မဲပေးသူဦးရေတိုးမြှင့်ရန် ဖြစ်ပါသည်။ ပုံမှန်အားဖြင့် နံနက် ၇ နာရီခန့်တွင် မဲစတင်ပေးလေ့ရှိပါသည်။

ယခင်က ရွေးကောက်ပွဲနေ့တွင် မဲပေးသည့် နေရာတစ်မျိုးတည်းသာရှိပြီး များသောအားဖြင့် ၎င်းတို့နေထိုင်ရာ နေရာအနီးတွင်ရှိသည့် ကျောင်းများ သို့မဟုတ် အစိုးရရုံးများတွင် မဲပေးရခြင်းဖြစ်သည်။

စာမျက်နှာ ၂၂ သို့

# မကွေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး ဇွန် ၃**

မကွေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက မကွေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယအကျော့အဖြစ် ပြန်လည် တွေ့လာရသည့်အတွက် တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာများ ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်ရေး တိုးမြှင့်ဆောင်ရွက်မည့် အစီအမံများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် အမြန်ဆုံး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောဂါကာကွယ်ရေးအတွက် အဓိကအခြေခံ အချက်များဖြစ်သည့် နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ လက်ကို စနစ်တကျ ဆေးကြောခြင်း၊ လူတစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်း၊ လူစုလူဝေးရှောင်ခြင်း စသည့်အခြေခံ လိုက်နာရမည့် အချက်များကို လူတိုင်းလိုက်နာကြရန် အဆက်မပြတ်နှိုးဆော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားသည်။



ဆက်လက်ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပြန်လည်တွေ့ရှိလာရသည့် အခြေအနေကို တင်ပြပြီး တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များက အထွေထွေ ဆွေးနွေးမှုများ ဆောင်ရွက်ကြောင်း သိရသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဆရာဝန်များ၊ ဓာတ်ခွဲကျွမ်းကျင်များ၊ လက်ထောက်ကျန်းမာရေးမှူးများနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များ ပါဝင်သော အဖွဲ့နှစ်ဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ သာမန်လူနာများအား တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံများတွင် စောင့်ကြည့်ကုသမှု လုပ်ငန်းများ ဆောင်ရွက်ရန် စီမံထားရှိပြီးဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

# ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂ ရက်က တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန့်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဦးလှစိုးက လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် အထူးအလေးထား ထည့်သွင်းထားရှိပြီး ဆောင်ရွက် လျက်ရှိကြောင်း၊ ရန်ကုန်တိုင်း ဒေသကြီးတွင်လည်း ယခင် အတွေ့အကြုံများကို အခြေခံပြီး လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရမည့် အချက်များနှင့် ထိရောက်စွာ တားဆီးနိုင်ရေးနှင့် ရောဂါဖြစ်ပွားမှုကို အချိန်မီထိန်းချုပ်နိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေး ပေးကြရန် ပြောကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးဇော်ဝင်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမင်း၊ ခရိုင်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ ဥက္ကဋ္ဌများက ကဏ္ဍအလိုက်ဆောင်ရွက်မည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ကော်မတီဝင်များနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်း ရောဂါ ကူးစက်ဖြစ်ပွားမှု များပြားလာပါက ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေး အသွားအလာ ကန့်သတ်စောင့်ကြည့်ရေး စင်တာများ၊ ကုသရေးစင်တာများ ထားရှိနိုင်မည့် နေရာများနှင့် အရန်နေရာများ ကြိုတင်ရွေးချယ် ဆောင်ရွက်ထားရန်၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ လိုက်နာရမည့် စည်းကမ်းချက်များအား ကျောင်းသား ကျောင်းသူများကို အသိပညာပေးရန်နှင့် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ၊ ကုန်ကျစရိတ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

မဲပေးသည့်နေရာသတ်မှတ်ခြင်းကို ရွေးကောက်ပွဲ အုပ်ချုပ်ရေးဆိုင်ရာအာဏာပိုင်များက ဆောင်ရွက်ခြင်းဖြစ်သည်။ အထက်ဖော်ပြပါရွေးကောက်ပွဲ ဥပဒေပြင်ဆင်ချက်များအရ ဒေသန္တရ အာဏာပိုင်များသည် ရွေးကောက်ပွဲနေ့တွင် မဲရုံများကို လက်ရှိနေရာများအပြင် အများပြည်သူ ပိုမိုအသုံးပြုနိုးစပ်ရာနေရာများဖြစ်သည့် ရထားဘူတာရုံများ၊ ဈေးဝယ်စင်တာများနှင့် အခြားသော အများပြည်သူသုံးနေရာများတွင် သတ်မှတ်ပိုင်ခွင့်ရှိသည်။

အခြားနိုင်ငံများတွင်ရောက်ရှိနေသော ဂျပန်နိုင်ငံသားများအား မဲပေးခွင့်ပြုထားပြီး သက်ဆိုင်ရာနိုင်ငံများရှိ သံရုံးများ၊ ကောင်စစ်ဝန်ရုံးများတွင် ရွေးကောက်ပွဲနေ့၌ ကိုယ်တိုင်သွားရောက်မဲပေးခွင့်ရှိသည်။ အမေရိကန်စနစ်နှင့်မတူညီသည့်အချက်မှာ နိုင်ငံပြင်ပသို့ ရောက်ရှိနေသည့် အမေရိကန်နိုင်ငံသားများသည် စာတိုက်မှတစ်ဆင့် မဲပေးနိုင်သော်လည်း နိုင်ငံပြင်ပရောက် ဂျပန်နိုင်ငံသားများမှာ ကိုယ်တိုင်သွားရောက်မဲပေးရပါသည်။

**ရွေးကောက်ပွဲစီမံအုပ်ချုပ်သည့် အဖွဲ့အစည်းများ**

ရွေးကောက်ပွဲစီမံခန့်ခွဲမှုဗဟိုကော်မတီအား အဖွဲ့ဝင် ငါးဦးဖြင့် ဖွဲ့စည်းပြီး လွှတ်တော်က အမည်စာရင်းတင်သွင်းသူများအား ဝန်ကြီးချုပ်က အတည်ပြုပြီး ခန့်အပ်သည်။ သက်တမ်းမှာ သုံးနှစ်ဖြစ်ပြီး အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရာတွင် တာဝန်ရှိသည်။

ခရိုင်/စီရင်စုအဆင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးကော်မတီများအား စီရင်စုလွှတ်တော်များက ခန့်အပ်ပြီး အဖွဲ့ဝင် လေးဦးခန့်ထားကာ လေးနှစ်သက်တမ်းဖြစ်သည်။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ရွေးကောက်ပွဲများ၊ စီရင်စုလွှတ်တော်ရွေးကောက်ပွဲများအတွက် တာဝန်ရှိသည်။

အဆိုပါကော်မတီများအပြင် မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ လေ့လာခြင်း၊ ကိုယ်စားလှယ်များအား ကြေညာခြင်း အစရှိသည်တို့အတွက် စီမံခန့်ခွဲရေးအဖွဲ့များ သီးခြားဖွဲ့စည်းထားရှိသည်။

**နိဂုံး**

၂၀၀၂ ခုနှစ်တွင် ဒေသန္တရရွေးကောက်ပွဲများ၌ လျှပ်စစ်သုံးမဲပေးစက်များကို စတင်အသုံးပြုခဲ့ပြီး ကြိုတင်မဲစနစ်ကို ၂၀၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပါသည်။ ဂျပန်နိုင်ငံ၏ လက်ရှိဖွဲ့စည်းပုံအခြေခံ ဥပဒေကို ၁၉၄၇ ခုနှစ် မေလ ၃ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅ နှင့် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉ အရ အသက် ၂၀ ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် အသက် ၁၈ နှစ်အဖြစ်သို့ ပြင်ဆင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄ နှင့် ၄၄ တို့အရ နိုင်ငံသားတိုင်း လူမျိုး၊ ဘာသာ၊ ကျား/မ၊ ပညာရေး၊ ပိုင်ဆိုင်မှု၊ လစာ အစရှိသည် မည်သည့်အကြောင်းရင်းပေါ်တွင်မျှ ခွဲခြားဆက်ဆံခြင်းမရှိစေရဘဲ လွှတ်တော်များအတွက် မဲပေးခွင့်ရှိသည်။ ဂျပန်နိုင်ငံတွင် ၁၉၄၅ ခုနှစ်မှ စတင်ပြီး အမျိုးသမီးများမဲပေးခွင့်ရရှိခဲ့သည်။ ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅ ၌ "ရွေးကောက်ပွဲများတွင် လျှို့ဝှက်မဲပေးမှုအား မချိုးဖောက်ရ၊ မဲဆန္ဒရှင်တစ်ဦးသည် မည်သည့်ရွေးချယ်မှုကို ပြုလုပ်ခဲ့သည်ဟူသော ၎င်း၏ဆုံးဖြတ်ချက်အား ပြောကြားခွင့်မရှိ"ဟု ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံတွင် အသုံးပြုဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲစနစ်များသည် ယင်းနိုင်ငံ၏ ပထဝီအနေအထား၊ လူဦးရေ၊ နိုင်ငံရေးအခြေအနေ၊ လိုအပ်ချက်တို့နှင့် ကိုက်ညီမှုရှိနိုင်သကဲ့သို့ အားနည်းချက်၊ အားသာချက်များလည်း ရှိနိုင်ပါသည်။ ယနေ့ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသော မြန်မာနိုင်ငံသည် မိမိနိုင်ငံနှင့် သင့်လျော်သည့် ရွေးကောက်ပွဲစနစ်များကို ပြောင်းလဲကျင့်သုံးရာတွင် ဒေသတွင်းနိုင်ငံများ၏ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်နိုင်စေရန် တင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုး**

- Election System in Japan by Local Governance (Policy Making and Civil Society) F.Y 2007
- Japan's Constitution of 1946
- Elections Guide by IFES (Japan)
- Elections in Japan, Wikipedia
- Electoral Systems in Japan, Wikipedia
- Election related news by The Japan Time

# အကြောင်းတရားမမဲ့သော အကျိုးတရားများ

## မျိုးငြိမ်းငယ်

အကြောင်းတရားနဲ့ အကျိုးတရားဆိုတာက ဒွန်တွဲနေတဲ့ လောကနိယာမတရား ဖြစ်ပါတယ်။ ဒါကြောင့် ဖြစ်နေတဲ့ အကျိုးတရားတွေကို အဖြေရှာဖို့ဆိုရင် အရင်းခံ အကြောင်းတရားကို ပြန်စစ်ရမှာ ဖြစ်ပါတယ်။

ထို့အတူပါပဲ။ ကိုယ်လုပ်လိုက်တဲ့ အကြောင်းတရားတစ်ခုဟာ အကျိုးဆက်အနေနဲ့ ဘာတွေဖြစ်နိုင်သလဲဆိုတာကလည်း ဆင်ခြင်တွေးတောရမယ့် လုပ်ငန်းစဉ်တစ်ခုပဲဖြစ်ပါတယ်။ အဲဒီလို မတွေးတော၊ မဆင်ခြင်ဘဲ လုပ်ကြမယ်ဆိုရင် ဖြစ်လာတဲ့ အကျိုးဆက်များဟာ ကောင်းကျိုးထက် ဆိုးကျိုးဘက်ဆီ ပိုများနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ အခုဆိုရင် အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ကိုယ်နဲ့ သဘောထားကွဲလွဲသူတွေကို သတ်ဖြတ်တာတွေ၊ ကျောင်းတွေကို မီးရှို့ဖျက်ဆီးတာတွေ၊ အများပြည်သူဆိုင်ရာ ရထားလမ်း၊ ကားလမ်း ဖျက်ဆီးတာတွေကို လုပ်ဆောင်နေကြတာတွေ့ရပါတယ်။ ဒီအကြမ်းဖက်လုပ်ရပ် လုပ်သူတွေရဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံရေးရည်ရွယ်ချက်လို့ ဆိုကြပေမယ့် လုပ်ကိုင်နေကြတာကတော့ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးလိုတဲ့ ရည်ရွယ်ချက်ဆိုတာ ပိုမိုသိသာနေပါတယ်။

**ဒီလို အကြမ်းဖက်လုပ်လိုက်တဲ့ အကြောင်းတရားတွေကြောင့် ဖြစ်လာတဲ့ အကျိုးဆက်များဟာ နိုင်ငံရေးရည်ရွယ်ချက်အသွင် မဆောင်တော့ဘဲ အလုံးစုံပျက်စီးရေး အသွင်ကို ဆောင်လာနေပါတယ်။**

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ နိုင်ငံရေးရည်မှန်းချက်အတွက် နယ်ချဲ့တော်လှန်ရေးကို အနုနည်းနဲ့ရော၊ အကြမ်းနည်းနဲ့ပါ လုပ်ဆောင်ခဲ့ကြပါတယ်။ တစ်နည်းအားဖြင့် Hard Power နဲ့ Soft Power နည်း နှစ်မျိုးစလုံးကို အသုံးပြုခဲ့ပါတယ်။ ဒါကလည်း နိုင်ငံနဲ့ ပြည်သူတွေရဲ့အခြေအနေ၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေ၊ အင်္ဂလိပ်တို့အခြေအနေ စတဲ့ ပြောင်းလဲနေတဲ့ အခြေအနေ အချိန်အခါအလိုက် အသုံးပြုခဲ့တာပါ။ နိုင်ငံရေးကျွမ်းကျင်မှုလို့ ဆိုရမှာပါ။

ဒါပေမယ့် အကြမ်းဖက်တဲ့နည်းနဲ့ ကိုယ့်ပြည်သူကို ကိုယ်ပြန်မနင်းခဲ့ပါဘူး။ ပြည်သူကို ခုတုံးလုပ်ပြီး မစတေးခဲ့ပါဘူး။ ဆရာ/ဆရာမတွေကို မသတ်ဖြတ်ခဲ့ပါဘူး။ အပြစ်မဲ့ ပြည်သူတွေကို မသတ်ဖြတ်ခဲ့ပါဘူး။ တော်လှန်ရေးတပ်သားတွေဟာ ကျောင်းတွေကို မီးမရှို့ခဲ့ပါဘူး။ ကိုယ့်နိုင်ငံပိုင်တဲ့ တစ်နည်းအားဖြင့် ပြည်သူ့ဘဏ္ဍာနဲ့ ဆောက်လုပ်ထားတဲ့ ပြည်သူပိုင်အဆောက်အဦတွေ၊ ရုံးတွေကို ဖျက်ဆီးတာ၊ မီးရှို့တာ မလုပ်ခဲ့ကြပါဘူး။ နိုင်ငံရေးရည်ရွယ်ချက်အတွက်ပဲ ဦးတည်လုပ်ဆောင်ခဲ့ကြတာပါ။ ဒီလို ရည်ရွယ်ချက်နဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အကြမ်းဖက် အဖွဲ့အစည်းတွေကပဲ လုပ်ကြတာပါ။

> **ဒီလို အကြမ်းဖက်လုပ်လိုက်တဲ့ အကြောင်းတရားတွေကြောင့် ဖြစ်လာတဲ့အကျိုးဆက်များဟာ နိုင်ငံရေးရည်ရွယ်ချက်အသွင် မဆောင်တော့ဘဲ အလုံးစုံ ပျက်စီးရေးအသွင်ကို ဆောင်လာနေပါတယ်။**

မိမိတို့ဆီမှာတော့ နိုင်ငံရေးရည်ရွယ်ချက်ဆိုပြီး နိုင်ငံရေးနဲ့မဆိုင်တဲ့၊ စစ်ရေးနဲ့မဆိုင်တဲ့ အများပြည်သူတွေ၊ အများပြည်သူတွေဆိုင်ရာ နေရာတွေ၊ စာသင်ကျောင်းတွေ၊ ဈေးတွေ၊ ရထားလမ်းတွေ၊ တံတားတွေကို ဖျက်ဆီးတိုက်ခိုက်နေတာတွေဟာ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ လုပ်ရပ်နဲ့ အသွင်လက္ခဏာတွေသာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းသား ကလေးငယ်တွေကို ကျောင်းမတက်ခိုင်းရင် ဖြစ်လာမယ့် အကျိုးဆက် ဘာလဲဆိုတဲ့ အကြောင်းတရားနဲ့ အကျိုးတရားကို ပစ္စုပ္ပန်ကျကျ၊ ဓမ္မဓိဋ္ဌာန်ကျကျ ကိုယ်ကိုယ်တိုင် စဉ်းစားကြဖို့ လိုပါတယ်။

အကြမ်းဖက်လုပ်ရပ် အကြောင်းတရားတွေကြောင့် တည်ငြိမ်အေးချမ်းတဲ့ ဒေသတွေ၊ မြို့တွေမှာ အခုဆို တိုက်ပွဲရှောင်တွေ များလာပြီး ပြည်သူတွေရဲ့ နေ့စဉ်ဘဝရပ်တည်ရေး ခက်ခဲလာတာဟာ နောက်ဆက်တွဲ အကျိုးဆက်များပဲ ဖြစ်ပါတယ်။ ဒါကို ဘေးထွက်ဆိုးကျိုးလို့ မပြောနိုင်ပါဘူး။ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြတာပါ။ ဒီလို အကြမ်းဖက်လုပ်ရပ်တွေ များလာရင် အပြစ်မဲ့ ပြည်သူတွေ ဒီလိုဖြစ်လာမယ်ဆိုတာ စဉ်းစားကြဖို့ လိုပါတယ်။ နိုင်ငံရေးနဲ့မဆိုင်တဲ့ လုပ်ရပ်တွေဖြစ်လို့ လက်ခံနိုင်ဖွယ်မရှိပါဘူး။ နိုင်ငံရေးဆိုရင်လည်း အဆင့်အတန်းမြင့်မားတဲ့၊ အကြောင်းအကျိုးပါတဲ့ စဉ်းစားဆင်ခြင်မှု၊ မြော်မြင်မှုတွေ လိုအပ်ပါလိမ့်မယ်။ စဉ်းစားတွေးခေါ်မှုမပါဘဲ ကျားကျားမီးယပ် နိုင်ငံရေး လုပ်နေတာဟာ နိုင်ငံရေးယဉ်ကျေးမှု အဆင့်အတန်းအားဖြင့် နိမ့်ကျတာကို ပြနေသလိုပါပဲ။ ဒါမှမဟုတ် နိုင်ငံရေးကို ကိုယ်ကျိုးအတွက် ရည်ရွယ်ချက်ရှိရှိ အသုံးချနေခြင်းသာ ဖြစ်ပါလိမ့်မယ်။

မိမိမျက်စိရှေ့အောက်ပဲ ဒုက္ခရောက်သွားတဲ့ ကလေးတွေ၊ မိသားစုတွေ၊ ကူသူ ကယ်သူမဲ့ ဖြစ်နေသူတွေကို မြင်တွေ့ရတဲ့အခါ များစွာ စိတ်ဆင်းရဲရပါတယ်။ ယခင်ကတော့ ရိုးရိုးသားသား နေထိုင်ခဲ့ပေမယ့် ပတ်ဝန်းကျင်ရဲ့ ဖိအားဒဏ်တွေ၊ သွေးထိုးမြှောက်ပင့်မှုတွေ၊ ခြိမ်းခြောက်မှုတွေ၊ ကိုယ်ကိုယ်တိုင်ရဲ့ ဆင်ခြင်မှု အားနည်းချက်တွေကြောင့် လက်တွေ့ ဒုက္ခတွေ့လာချိန်မှာ မိသားစုနဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းပါ သောကပင်လယ်ဝေနေတာကို မျက်စိရှေ့အောက်မှာ မြင်နေရပါတယ်။

**နိုင်ငံရေးရဲ့သဘော၊ ဆန့်ကျင်ဆန္ဒပြမှုရဲ့သဘော၊ တော်လှန်ရေးရဲ့သဘော၊ အကြမ်းဖက်မှုတွေရဲ့ သဘော၊ ကိုယ့်နိုင်ငံရဲ့အခြေအနေ၊ နိုင်ငံတကာရဲ့ အခြေအနေ၊ ကိုယ့်ရဲ့အခြေအနေ အားလုံးကို ကာလသုံးပါးအလိုက် ရှုမြင်နိုင်ဖို့ လိုအပ်ပါတယ်။ ကိုယ့်နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ နိုင်ငံရေးယဉ်ကျေးမှုကို ပိုပြီးနားလည်အောင် ကြိုးစားကြဖို့ လိုအပ်ပါတယ်။ ဒါမှ ဖြစ်နေတဲ့ အကြောင်းတရားတွေနဲ့ ဖြစ်လာနိုင်တဲ့ အကျိုးဆက် တွေကို ကြိုတင်မှန်းဆနိုင်မှာပါ။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှု အခြေအနေကို ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။**

နိုင်ငံရေးယဉ်ကျေးမှုဆိုတဲ့ စကားလုံးကို နိုင်ငံရေးသိပ္ပံနယ်ပယ်မှာ အသုံးပြုကြတာပါ။ နိုင်ငံရေးယဉ်ကျေးမှုဟာ နိုင်ငံရေးစနစ်တွေနဲ့ပတ်သက်လို့ ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းပေါ်မှာ အခြေခံပြီး ယုံကြည်မှုတွေ၊ ခံစားချက်တွေနဲ့ တန်ဖိုးတွေကို ညွှန်းဆိုကြပါတယ်။ အမေရိကန် နိုင်ငံရေးသိပ္ပံပညာရှင် Lucian Pye ကတော့ နိုင်ငံရေးလုပ်ငန်းစဉ်ရဲ့ အရင်းခံများဖြစ်တဲ့ အခြေခံတန်ဖိုးတွေ၊ ခံစားချက်တွေနဲ့ ဗဟုသုတတွေ ပေါင်းစပ်ထားတာကို နိုင်ငံရေးယဉ်ကျေးမှုလို့ ဖွင့်ဆိုပါတယ်။

အဲဒါတွေက နိုင်ငံသားတွေနဲ့ အစိုးရအကြားဆက်နွယ်မှုတစ်ခုအဖြစ် အသုံးချနိုင်ပါတယ်။ မတူညီတဲ့ နိုင်ငံတွေမှာ မတူညီတဲ့ နိုင်ငံရေးယဉ်ကျေးမှုတွေ ရှိကြပါတယ်။ အဲဒီ နိုင်ငံရေးယဉ်ကျေးမှုတွေက ဒီမိုကရေစီ တည်ဆောက်ရာမှာ အောင်မြင်ခြင်း ဒါမှမဟုတ် ကျဆုံးခြင်းတွေဖြစ်ဖို့ အကြောင်းတရားအချက်တစ်ခုအနေနဲ့ တွေ့မြင်ရပါတယ်။ ကိုယ့်နိုင်ငံရဲ့ ကိုယ်ပိုင် နိုင်ငံရေးယဉ်ကျေးမှုကို သဘောပေါက်နားလည်ခြင်းအားဖြင့် နိုင်ငံရေးဆိုင်ရာ ဆက်ဆံမှုတွေ၊ အပြုအမူတွေအတွက် သဲလွန်စတွေကို ရရှိစေနိုင်ပါတယ်။ သဘောကတော့ ကိုယ့်နိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှုနဲ့ကိုက်ညီတဲ့ နိုင်ငံရေးစနစ်၊ အုပ်ချုပ်မှုပုံစံ၊ အသွင်ကူးပြောင်းရေးအဆင့်တွေကို စဉ်းစားချင့်ချိန်နိုင်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးယဉ်ကျေးမှုဟာ နိုင်ငံရေးအယူအဆနဲ့ မတူပါဘူး။

"All the past is political culture." ဆိုတဲ့ စကားလိုပါပဲ။ မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုကို သိချင်ရင် ယခင်က မြန်မာ့နိုင်ငံရေးအခြေအနေတွေကို သမာသမတ်ကျကျ ရှုမြင်သုံးသပ်ကြဖို့ လိုပါတယ်။ ပစ္စုပ္ပန်မှာဖြစ်နေတဲ့ အခြေအနေလေးကိုပဲ ကွက်ပြီး ရှုမြင်သုံးသပ်ကြမယ်ဆိုရင် မှန်ကန်တဲ့အမြင်ရရှိဖို့ ခက်ခဲပါလိမ့်မယ်။ ဒီလိုအခြေအနေမှာ ကျားကျားမီးယပ် နိုင်ငံရေးတွေနဲ့ လုပ်ဆောင်နေကြတာကြောင့် ဆန့်ကျင်ဘက် အကျိုးဆက်တွေ ဖြစ်လာပါလိမ့်မယ်။ အခုလည်းပဲ ပျက်စီးခြင်း အကျိုးဆက်တွေ မြင်တွေ့နေရပါပြီ။ မမှန်ကန်တဲ့ အကြောင်းတရားတွေကြောင့် မမှန်ကန်တဲ့အကျိုးဆက်ပဲ ဖြစ်လာမှာပါ။

ဒီတော့ နိုင်ငံအတွက် ကောင်းကျိုးကို လိုလားရင်၊ ပြည်သူတွေအတွက် ကောင်းကျိုးကို လိုလားရင် မှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ မှန်ကန်တဲ့ အကြောင်းတရားတွေ လုပ်ဆောင်မှသာ ကောင်းမွန်တဲ့ အကျိုးဆက်ကို မျှော်မှန်းနိုင်မှာဖြစ်ပါတယ်။ ။

> **❖ ဒါပေမယ့် အကြမ်းဖက်တဲ့နည်းနဲ့ ကိုယ့်ပြည်သူကို ကိုယ်ပြန်မနင်းခဲ့ပါဘူး။ ပြည်သူကို ခုတုံးလုပ်ပြီး မစတေးခဲ့ပါဘူး။ ဆရာ / ဆရာမတွေကို မသတ်ဖြတ်ခဲ့ပါဘူး။ အပြစ်မဲ့ ပြည်သူတွေကို မသတ်ဖြတ်ခဲ့ပါဘူး။ တော်လှန်ရေးတပ်သားတွေဟာ ကျောင်းတွေကို မီးမရှို့ခဲ့ပါဘူး။ ကိုယ့်နိုင်ငံပိုင်တဲ့ တစ်နည်းအားဖြင့် ပြည်သူ့ဘဏ္ဍာနဲ့ ဆောက်လုပ်ထားတဲ့ ပြည်သူပိုင် အဆောက်အဦတွေ၊ ရုံးတွေကို ဖျက်ဆီးတာ၊ မီးရှို့တာ မလုပ်ခဲ့ကြပါဘူး။ နိုင်ငံရေးရည်ရွယ်ချက်အတွက်ပဲ ဦးတည် လုပ်ဆောင်ခဲ့ကြတာပါ။ ဒီလို ရည်ရွယ်ချက်နဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အကြမ်းဖက် အဖွဲ့အစည်းတွေကပဲ လုပ်ကြတာပါ**

## ဘိုကလေးမြို့နယ်ရှိ သဒ္ဓမ္မပါလပညာဒါန သင်တန်းကျောင်းကို အခမဲ့ဖွင့်လှစ်မည်

**ဘိုကလေး ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၈)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ သဒ္ဓမ္မပါလ ဓောတိကာရုံ ဘုန်းတော်ကြီးကျောင်းတိုက်၌ ဖွင့်လှစ်တည်ထောင်ထားသည့် သဒ္ဓမ္မပါလ ပညာဒါန အခမဲ့သင်တန်းကျောင်းတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းကို ဇွန် ၃ ရက်မှစ၍ ကျောင်းအပ်လက်ခံကာ ဇွန် ၁၀ ရက်တွင် စတင်ဖွင့်လှစ်၍ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ကျောင်းတက်ရောက်လိုသည့် နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအနေဖြင့် မိဘအုပ်ထိန်းသူများ ခေါ်ဆောင်၍ လာရောက်အပ်နှံ စုံစမ်းနိုင် ကြောင်းနှင့် သင်တန်းတွင် ဝါရင့် ဆရာ ဆရာမများက ဘာသာရပ်အလိုက် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ သဒ္ဓမ္မပါလ ပညာဒါန အခမဲ့သင်တန်းကျောင်းကို သဒ္ဓမ္မပါလ ဓောတိကာရုံကျောင်းတိုက် ဆရာတော် ဦးဇာဂရက ဦးစီး၍ ၂၀၀၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ကာ မြို့နယ်အတွင်းမှ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား အခမဲ့ ပညာ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မိုးစက်
(ဘိုကလေး)

# နေပြည်တော်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား

နေပြည်တော် ဇွန် ၃

**ကိုဗစ် – ၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှုများကြောင့် ခေတ္တပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၁– ၂၀၂၂ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်ပေးခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများတွင်လည်း ကိုဗစ် – ၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာ အတန်းအလိုက် သင်ခန်းစာများကို အေးချမ်းပျော်ရွှင်စွာ သင်ကြားလျက်ရှိသည်။**



ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရန် ကျောင်းတက်လာသည်ကို တွေ့ရစဉ်။

ယခုကဲ့သို့ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရန် အတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စာသင်ခန်း များတွင် ကိုဗစ် – ၁၉ စည်းကမ်း များနှင့်အညီ စာသင်ခုံများ နေရာ ချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျ စီမံထားခြင်း၊ ကျောင်းကြို/ ပို့ယာဉ်များ စီစဉ် ထားခြင်း၊ ကျောင်းများအတွင်း ကိုဗစ်– ၁၉ ရောဂါကြိုတင် ကာကွယ်ရေး အစီအမံများ စီစဉ် ထားခြင်းနှင့် ကျောင်းများဥပဓိရုပ် ကောင်းမွန်စေရေး ပြင်ဆင်ခြင်း တို့ကို ကျောင်းမဖွင့်မီကာလက ပင် ကြိုတင်စီစဉ်ဆောင်ရွက်ထား ခဲ့ကြောင်း သိရသည်။

အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းဝင်းမွန်က “ကျွန်မတို့ ကျောင်းအနေနဲ့ ကျောင်းသား ကျောင်းသူတွေကို သင်ကြားရေး အပိုင်းမှာ အထောက်အကူဖြစ်ဖို့ နိုင်ငံတော် ကနေ ဆရာ ဆရာမတွေကို မေလ နဲ့ဇွန်လမှာ မွမ်းမံသင်တန်း၊ စွမ်းရည်မြှင့်သင်တန်းတွေ ပေးခဲ့ တာကြောင့် သင်ကြားရေးအပိုင်း မှာ အားလုံးအဆင်ပြေပါတယ်။ ကျောင်းတက်ချိန်ကတော့တစ်သုတ် တက် ပုံမှန်ကျောင်းဖြစ်ပါတယ်။ ကျောင်းဥပဓိရုပ် ကောင်းဖို့ အတွက် နိုင်ငံတော်ကနေ ကျွန်မ တို့ ကျောင်းမဖွင့်ခင် ကျောင်း တစ်ကျောင်းလုံးကို ဆေးအသစ် ထပ်သုတ်ပေးပါတယ်။ ကျောင်း ဝင်းက ၁၆ ဒသမ ၆ ဧက ကျယ်ဝန်းပြီး ကိုဗစ်ကာလ ကျောင်းမဖွင့်တာလည်း တစ်နှစ် ကျော်ကြာပြီဖြစ်တဲ့ အတွက် ကြောင့် ကျောင်းဝင်းသန့်ရှင်းရေး ကို မြို့နယ်အုပ်ချုပ်ရေးကောင်စီ ရဲ့ အကူအညီနဲ့ လူအင်အား ၁၀၀ လာရောက်ပြီး ရှင်းလင်းပေးပါ တယ် ” ဟု ပြောသည်။

၂၀၂၁ – ၂၀၂၂ ပညာသင်နှစ် တွင် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရာတွင် မည်သည့် အခကြေးငွေမျှ မယူသည့်အပြင် ကျောင်းသား ကျောင်းသူများ အတွက် နိုင်ငံတော်က မူလတန်း အဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များ၊ ဗလာစာအုပ်တစ် ဒါဇင်၊ ခဲတံလေးချောင်းစီ၊ အလယ် တန်းနှင့်အထက်တန်း အဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံနှစ် ချောင်းနှင့် ဘောပင်နှစ်ချောင်းစီ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများတစ်ဦးလျှင် ပြန်လည်အသုံးပြုနိုင်သည့် Mask နှစ်ခုစီနှင့် Face Shield တစ်ခုစီ တို့ကို ထောက်ပံ့ပေးထားကြောင်း သိရသည်။

အခြေခံပညာကျောင်းများသို့ ကျောင်းတက်ရန်လာရောက်သည့် ကျောင်းသား ကျောင်းသူများ ကိုဗစ် – ၁၉ ရောဂါကူးစက် ပြန့်ပွားမှု မဖြစ်ပွားစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ လမ်းညွှန်ချက်များနှင့် အညီ ကျန်းမာရေးဝန်ထမ်းများ နှင့် တာဝန်ကျ ဆရာ ဆရာမများ က ကျောင်းသား ကျောင်းသူများ အား နှာခေါင်းစည်းများနှင့် Face Shield များ စနစ်တကျ တပ်ဆင် စေခြင်း၊ ကျောင်းအတွင်းသို့ မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း တို့ကို ဦးစွာဆောင်ရွက်ပေးပြီး ကျောင်းအတွင်း ထားရှိပေးထား သော လက်ဆေးဘေစင်များတွင် စနစ်တကျ လက်ဆေးနိုင်ရန် ဆောင်ရွက်ထားသည်ကိုလည်း တွေ့ရသည်။

“ကျောင်းစဖွင့်တဲ့ ဇွန် ၁ ရက် နေ့မှာ ကျောင်းတက်ရာခိုင်နှုန်းက ၇၆ ဒသမ ၂ ရာခိုင်နှုန်းရှိပါတယ်။ အခုကာလက ကိုဗစ်– ၁၉ ဖြစ်နေ တော့ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ COVID–19 Version 1.4 နဲ့အညီ ကျောင်းတွေကို ဖွင့်လှစ်တာဖြစ်တဲ့ အတွက် တချို့ကလေးတွေက ရာသီဥတု အလွန်ပူပြင်းတဲ့အခါ နည်းနည်းကိုယ်ပူတဲ့ လက္ခဏာ တွေ့ရတယ်။ ဒီလို တွေ့ရတဲ့ ကလေးတွေရဲ့ မိဘတွေကို သေချာပြောပြထားလို့ ကျောင်း မလွှတ်သေးတဲ့ကလေးတွေလည်း ရှိပါတယ်။ ကျောင်းအပ်ထားပြီး ရက်တရက် ပြန်မလာနိုင်လို့ ခွင့်တိုင်ကြားတဲ့ ကျောင်းသားတွေ လည်းရှိတယ်” ဟု ကျောင်းအုပ် ဆရာမကြီးက ပြောသည်။

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ် အန္တရာယ်နှင့် ဘေးအန္တရာယ် ကင်းရှင်းစွာ ပညာသင်ကြားနိုင် ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာ အခြေပြု ပြည်သူလူထုလုံခြုံရေး အဖွဲ့များပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

“ကျောင်းအပ်နှံရေး သီတင်း ပတ် ကျော်လွန်သွားပြီး ဖြစ်သော် လည်း ကျောင်းအပ်လက်ခံပေးနေ တယ်ဆိုတာကတော့ ကျောင်းသား တွေ ပညာသင်ယူခွင့် အခွင့်အရေး ကို မဆုံးရှုံးစေလိုတဲ့အတွက် လက်ခံပေးနေတာပါ။ အရင်နှစ်စဉ် နှစ်တိုင်းက ကျောင်းသားဦးရေ ၉၀၀ ကျော် ရှိပါတယ်။ အခု ကျောင်းအပ်ထားတဲ့ ကျောင်းသား ဦးရေ ဒီနေ့အပါအဝင်ဆိုရင် ကျောင်းသားဦးရေ ၈၀၀ ကျော် ရှိသွားပါပြီ။ တချို့ကျောင်းသား ဟောင်း မိဘတွေက ကျောင်းကို လာမအပ်နှံသေးပေမယ့် ခရီးလွန် နေတဲ့အတွက်ကျောင်းအပ်လက်ခံ ဖို့ ဖုန်းနဲ့အကြောင်းကြားလာတာ တွေလည်း ရှိပါတယ်။ ကျောင်းသား ဦးရေတိုးလာဖို့ ရှိသလို တချို့ အတန်းတွေမှာ မျှော်မှန်း ကျောင်းသား အင်အားထက် များနေတာ တွေ့ရတယ်” ဟု ကျောင်းအုပ် ဆရာမကြီးက ဆက်လက်ပြောကြားသည်။

၂၀၂၁ – ၂၀၂၂ ပညာသင်နှစ် အတွက် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားကာ ကျောင်းအပ်နှံ ရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့် ဆောင်ရွက် ပေးခဲ့ပြီး ဖြစ်သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ကျောင်း မအပ်ရသေးသည့် ကျောင်းသား ကျောင်းသူများ၏ ကျောင်းအပ်နှံမှုကို ကျောင်းဖွင့် နေစဉ်ကာလအတွင်း ဆက်လက် လက်ခံသွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်း– လုလင်ငယ်**
**ဓာတ်ပုံ–ကိုအေး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား



ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၃**

၂၀၂၁–၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီး ဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်း များအား ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ် လျက်ရှိရာ ယနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများ အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ များက ကိုဗစ်– ၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာ သင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင် ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင် ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြား ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၃

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ မြစ်ဆုံမြို့တွင် ၀ ဒသမ ၉၄ လက်မ၊ မိုးမိတ်မြို့၊ မင်းကင်းမြို့၊ ကော့ကရိတ်မြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၀ ဒသမ ၆၃ လက်မစီနှင့် သီပေါမြို့တွင် ၀ ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေသည့် မြင်ကွင်းများ

၂၀၂၁ ခုနှစ် ဇွန် ၁ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို စတင်ဖွင့်လှစ်ရာ ဇွန် ၃ ရက်တွင် မြို့နယ်အချို့၌ ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းတက်မှုနှင့် ပညာသင်ကြားနေမှုမြင်ကွင်းများကို စုစည်းဖော်ပြအပ်ပါသည်။



ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး ဘားအံမြို့နယ်ရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်မှုကြည့်ရှုစစ်ဆေးစဉ်။
စောမျိုးမင်းသိန်း (ပြန်/ဆက်)



ပခုက္ကူမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)



ထန်းတပင်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
ဇင်မင်းထိုက်(ထန်းတပင်)



မြို့သစ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရန် ကျောင်းတက်လာသည်ကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)

ကျောက်မဲမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



လှိုင်းဘွဲ့မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)





မုဒုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။
မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေသည့် မြင်ကွင်းများ

၂၀၂၁ ခုနှစ် ဇွန် ၁ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို စတင်ဖွင့်လှစ်ရာ ဇွန် ၃ ရက်တွင် မြို့နယ်အချို့၌ ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းတက်မှုနှင့် ပညာသင်ကြားနေမှုမြင်ကွင်းများကို စုစည်းဖော်ပြအပ်ပါသည်။



တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် အဖွဲ့ဝင်များ ထားဝယ်မြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားစဉ်။
တိုင်းဒေသကြီး (ပြန်/ဆက်)



ပင်လောင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု။ (ပြန်/ဆက်)



နောင်တရားမြို့နယ်၌ ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ယနေ့အထိ ကျောင်းသားဦးရေ ၂၉၃၄၈၈ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိ

**ရန်ကုန် ဇွန် ၃**

မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တွင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းလေးကျောင်းအပါအဝင် အခြေခံပညာကျောင်းပေါင်း ၂၇၅၈ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၃၀၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၇၃ ကျောင်း ဖွင့်လှစ်၍ ပညာသင်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းအပ်နှံမှု၊ တက်ရောက်ပညာသင်ကြားမှုနှင့် စပ်လျဉ်း၍ "ကျောင်းအပ်နှံမှုကို မေ ၂၄ ရက်က စတင်လက်ခံခဲ့ပါတယ်။ မေ ၃၁ ရက် အထိ လာရောက်အပ်နှံတဲ့ ကျောင်းသားဦးရေ ၃၃၃၆၄၄ ဦး ရှိပါတယ်။ ဇွန် ၁ ရက်မှာ ၃၅၅၇၇၁ ဦးနဲ့ ဇွန်၂ ရက်မှာ ၃၈၄၂၆၈ဦး လာရောက်အပ်နှံကြတဲ့အတွက် ကျောင်းသားဦးရေ တစ်နေ့ထက်တစ်နေ့ ပိုအပ်လာတာတွေ့ရပါတယ်။ ကျောင်းဖွင့်ကာလ နှစ်လအထိ ကျောင်းအပ်လက်ခံသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ ဇွန် ၃ ရက်မှာလည်း လာရောက်အပ်နှံကြတဲ့ ကျောင်းသားဦးရေနဲ့ ကျောင်းတက်တဲ့ ကျောင်းသားဦးရေ ပိုတိုးလာတာ တွေ့ရပါတယ်" ဟု ရန်ကုန်တိုင်းပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မေ ၂၄ ရက်မှ ယနေ့အထိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများနှင့်ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းအပ်ကျောင်းသားဦးရေ ၄၀၅၉၁၀ အပ်နှံကြပြီး ကျောင်းတက်ကျောင်းသားဦးရေ ၂၉၃၄၈၈ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း ရန်ကုန်တိုင်း ပညာရေးမှူးရုံးမှ သိရသည်။

**သတင်းစဉ်**

## ရမည်းသင်းခရိုင်အတွင်းမှ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

ရမည်းသင်း ဇွန် ၃

**ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်တွင် နိုင်ငံတစ်ဝန်းမှ အခြေခံပညာ ကျောင်းများအားလုံး ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ရာ ရမည်းသင်းခရိုင်အတွင်းမှ ထက်/ လယ်/ မူ ကျောင်းများအားလုံး အေးချမ်းစွာ ပညာသင်ကြားပေးနိုင်ကြောင်း ရမည်းသင်းခရိုင် ပညာရေးမှူးရုံးမှ သိရသည်။**

"အခြေခံပညာကျောင်းတွေ အားလုံးကတော့ ဝန်ကြီးဌာနက ချမှတ်လမ်းညွှန်ပေးထားတဲ့အတိုင်း အရင်ပညာသင်နှစ် လုပ်ငန်းစဉ်တွေလို ဆောင်ရွက်မှာပါ။ ကျောင်းတွေဖွင့်ချိန်ရောက်လို့ ကလေးတွေကို စာသင်ပေးရတာတွေ၊ သူတို့ရဲ့ စစ်ဆေးအကဲဖြတ်တဲ့ လုပ်ငန်းစဉ်တွေကို သူ့အချိန်နဲ့သူ သင်ကြားမှု လုပ်ငန်းစဉ်အတိုင်းပဲ လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ အခုကက မိဘတွေအနေနဲ့ ကိုယ့်ကလေးတွေကို ပညာသင်ရမယ့်အချိန်မှာ ဆက်လက်ပညာသင်ကြားဖို့ကို တိုက်တွန်းဖို့ပဲ လိုအပ်မယ်လို့ မြင်ပါတယ်" ဟု ရမည်းသင်းခရိုင်ပညာရေးမှူး ဒေါက်တာသက်လှစုက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်း၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ရမည်းသင်းမြို့နယ်၌ ထက်/ လယ်/ မူ အခြေခံပညာကျောင်း ၂၃၅ ကျောင်းရှိပြီး ပျော်ဘွယ်မြို့နယ်တွင် ၂၄၁ ကျောင်း စုစုပေါင်း ၄၇၆ ကျောင်းကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။

"တကယ်တော့ ကျောင်းတွေဖွင့်တာနဲ့ အခြားအကြောင်းအရာတွေ မရောယှက်စေချင်ဘူး။ ဒါက ကျွန်မအမြင်ပါ။ အဲဒီလို ရောယှက်သွားရင် တကယ်နစ်နာတာက ကျောင်းသားမိဘတွေနဲ့ ကျောင်းသားတွေကိုယ်တိုင်ပဲ။ ကိုဗစ်-၁၉ ရောဂါကြောင့်လည်း ပညာသင်နှစ် တစ်နှစ်နစ်နာခဲ့ရပြီးပြီ။ ကလေးတွေကို နောက်ထပ် ပညာသင်နှစ် ထပ်ပြီးမဆုံးရှုံးစေချင်တော့ဘူး။ အေးအေးချမ်းချမ်းနဲ့ပဲ ဒီပညာသင်နှစ်ကို ဖြတ်သန်းစေချင်တယ်" ဟု ရမည်းသင်းမြို့ အထက(၁)မှ အလယ်တန်းပြ ဆရာမတစ်ဦးက ပြောသည်။

ရမည်းသင်းခရိုင်အတွင်း အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား စုစုပေါင်း ရှစ်သောင်းကျော်ရှိပြီး လက်ရှိတွင် ပညာသင်ကြားရန် ကျောင်းအပ်လက်ခံထားသော ကျောင်းသား ငါးသောင်းကျော် ရှိပြီဖြစ်သည်။ ယခုနှစ်တွင် ခရိုင်တစ်ခုလုံးအတွင်း လက်ရှိပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများမှာ ရာခိုင်နှုန်းအားဖြင့် ၆၄ ဒသမ ၄ ရာခိုင်နှုန်း လာရောက် ပညာသင်ကြားလျက်ရှိသည်။




အ ထ က- ၁ ရမည်းသင်း ကျောင်းသားများ ကျောင်းဆင်းအပြန်မြင်ကွင်းကို တွေ့ရစဉ်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများထံတွင် အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူများနှင့် တက်ရောက်ရန်စီစဉ်နေသူများအား ထပ်မံဖော်ထုတ် ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော CRPH၊ NUG အဖွဲ့များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများ၊ မိုင်းထောင်ဖောက်ခွဲမှု၊ မီးရှို့ဖျက်ဆီးမှုနှင့် အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့လုပ်ဆောင်ရာတွင် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းထံ ဖောက်ခွဲရေး သင်တန်းသားများ စေလွှတ်ပေးလျက်ရှိသည့် သော်ဇင်အောင် ၃၈ နှစ် (ဘ)ဦးမြင့်အောင်နှင့် ဇနီးဖြစ်သူ ကေသွယ်လွင် ၃၈ နှစ် (ဘ) ဦးဌေးလွင်တို့အား မေ ၁၈ ရက်တွင် သန်လျင်မြို့နယ် မြို့ဟောင်းရပ်ကွက် Star City အိမ်ရာ တိုက်(B2) အခန်းအမှတ်(၆၀၉)ရှိ နေအိမ်၌ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည် ၉၉ တောင့်၊ လမ်းလျှောက်စကားပြောစက်တစ်လုံး၊ SUZUKI SWIFT အမျိုးအစား တစ်စီး၊ ဆူပူအကြမ်းဖက်မှုလှုံ့ဆော်သည့် စာရွက်စာတမ်းမျိုးစုံပါ အထုပ်တစ်ထုပ်၊ အခြားပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

သော်ဇင်အောင်၏ ထွက်ဆိုချက်အရ ညီညီ(NLD တောင်ဒဂုံလွှတ်တော်ကိုယ်စားလှယ်ဟောင်း)နှင့် ချိတ်ဆက်၍ တောင်ဒဂုံစက်မှုဇုန်၊ တွံတေးမြို့နယ် တို့တွင် အင်အား ၂၅ ဦးခန့်အား စစ်သင်တန်းပေးခြင်း၊ ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် လက်နက်ကိုင်အဖွဲ့အစည်းထံသို့ သင်တန်းသားများစေလွှတ်ခြင်း၊ ရန်ကုန်မြို့အတွင်း လက်နက်သယ်ဆောင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ကိုဂျိုး(စိစစ်ဆဲ) ဦးဆောင်၍ အုပ်ချုပ်ရေးမှူးများနှင့် ဒလန်အဖြစ် သတ်မှတ်ထားသူများအား သတ်ဖြတ်မည့် Moon Light Operation တွင် ပါဝင်ခဲ့ပြီး အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ရန်အတွက် စိုင်းသန်းထိုက်ဦး (ခ) ကိုစိုင်းအား လက်နက်၊ ခဲယမ်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

သော်ဇင်အောင်အား ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း၌ ဖောက်ခွဲရေးသင်တန်း ကိုယ်တိုင်တက်ရောက်ခဲ့ပြီး သင်တန်းသားများ စေလွှတ်ခြင်း၊ မရမ်းကုန်းမြို့နယ် အလက(၅)အား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခြင်းနှင့် အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ရန်စီစဉ်ခဲ့သူ ဝေယံအောင် ၂၃ နှစ် (ဘ)ဦးမောင်ဆန်းနှင့် ဖောက်ခွဲရေးသင်တန်း တက်ရောက်မည့် သက်နိုင်ထွန်း ၄၈ နှစ်(ဘ) ဦးထွန်း၊ အောင်ဟိန်း ၃၄ နှစ် (ဘ) ဦးအေးကိုတို့အား မေ ၁၉ ရက်တွင် ဘီးလင်းမြို့ ကန်သာယာရပ်ကွက် ငွေကောင်းကင်တည်းခိုခန်း၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် ဝေယံအောင်၏ ထွက်ဆိုချက်အရ အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ရန် စီစဉ်ခဲ့ပြီး အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများတွင် ပါဝင်ပတ်သက်သည့် ဆက်စပ်တရားခံ စိုင်းသန်းထိုက်ဦး(ခ) ကိုစိုင်း ၂၀ နှစ် (ဘ) ဦးဇော်ညွန့်အား မေ ၂၀ ရက်တွင် ရွှေပြည်သာမြို့နယ် ကွန်ပျူတာတက္ကသိုလ် ကားမှတ်တိုင် အနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ စိုင်းသန်းထိုက်ဦး (ခ)ကိုစိုင်း၏ထွက်ဆိုချက်အရ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ချမ်းမြေ့ ၂၄ နှစ်(ဘ)ဦးခင်ဇော်၊ ဝဏ္ဏထွန်း ၃၆ နှစ် (ဘ)ဦးစိုးငွေ၊ မာလာမြင့် ၂၇ နှစ် (ဘ) ဦးခင်မောင်ကြည်တို့အား ၉ မမ ပစ္စတိုတစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်တောင့် ၃၀ တို့နှင့်အတူ ရွှေပြည်သာမြို့နယ် ပဒုမ္မာ လမ်းပေါ်ရှိ အအေးဆိုင်၌ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်တရားခံဖြစ်သည့် ဇွဲရန်နိုင် ၁၉ နှစ် (ဘ)ဦးဂျော်နီမောင်အား ရွှေပြည်သာမြို့နယ် ၂၆ ရပ်ကွက်၊ ဝေဠုဝဏ်လမ်း အမှတ်(၅၃/၄၁၇) ချမ်းမြေ့ဂုဏ်အဆောင်၌ ၉၁ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်း (PVC) လေးလုံး၊ လက်လုပ်မိုင်း (သံကိုယ်ထည်) နှစ်လုံး၊ ချိန်ကိုက်မိုင်း ဆားကစ်တစ်ခု၊ ဒီတိုနေတာ တစ်ချောင်း၊ ဖုန်းမျိုးစုံ ငါးလုံး၊ Ipad တစ်လုံးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်စပ် တရားခံဖြစ်သည့် ခန့်စည်သူ ၂၁ နှစ် (ဘ)ဦးမောင်ဆန်း၊ လွင်လွင်ညွန့် ၃၄ နှစ် (ဘ) ဦးမျိုးညွန့် တို့အား မရမ်းကုန်းမြို့နယ် ဝါယာလက် ၂ လမ်းရှိ တိပိဋက မဟာဂန္ဓာရုံ ကျောင်းတိုက်တွင် ၉ မမကျည် ၆၉ တောင့်၊ လမ်းလျှောက်စကားပြောစက် လေးလုံး၊ ကင်မရာ တစ်လုံး၊ ဖုန်း လေးလုံး၊ Laptop သုံးလုံး၊ ဖိုက်ဘာ ဦးထုပ်နှစ်လုံး၊ Gas Mask သုံးခု၊ မီးခိုးဗုံးနှစ်လုံး၊ ခါတ်ငွေ့ကာမျက်မှန် ခြောက်ခု၊ ဆန့်ကျင်ရေး စာရွက်စာတမ်းများနှင့်အတူ ယင်းနေ့၌ ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိသူများအား စစ်ဆေးဖော်ထုတ်ခဲ့ရာ ဆက်စပ်တရားခံ သန်းထွန်း(ခ)သန်းထွန်းမြင့်၊ ၂၉ နှစ်(ဘ) ဦးစန်းဝင်းအား မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်၊ သမိုင်းမြို့သစ်(၂)လမ်း၊ တိုက် (၈)၊ ၄ လွှာရှိ ၎င်း၏နေအိမ်တွင် လက်လုပ်ဗုံး ၁၄ လုံး၊ မီးပုလင်း ၁၀ ပုလင်း၊ ယမ်းစိမ်း လေးဘူး၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ဦးထုပ် ဆိုက်စုံ ၁၉ လုံး၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ ကြည်ကင်း ၄၈ နှစ် (ဘ)ဦးတက်စိန်အား ဘုရင့်နောင်ပွဲရုံတန်း၊ ၇ လွှာ လက်ဖက်ရည်ဆိုင်တွင် လည်းကောင်း ယင်းနေ့၌ပင် ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိထားသည့် စိုင်းသန်းထိုက်ဦး(ခ)ကိုစိုင်းသည် လက်လုပ်မိုင်း ပြုလုပ် ရောင်းချသူ သဲသဲ(စိစစ်ဆဲ)ထံမှ ရရှိသော ဖောက်ခွဲရေးပစ္စည်းများအား အောင်ဟိန်း၊ ချမ်းမြေ့၊ ဝဏ္ဏထွန်း၊ ဇွဲရန်နိုင်၊ ခန့်စည်သူ၊ ဝေယံအောင်တို့နှင့်အတူ အင်းစိန်မြို့နယ်ရှိ ခဝဲခြံ မျက်မမြင်ကျောင်း၊ ကညနရုံး (အင်းစိန်)၊ ကြို့ကုန်းရပ်ကွက်ရှိ BPI ဆေးဝါးစက်ရုံဝင်း၊ အလက(၄) မရမ်းကုန်း၊ အလက(၅)မရမ်းကုန်း၊ သမိုင်းလမ်းဆုံရှိ ယာဉ်ထိန်းရဲရုံးအနီး တို့တွင် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းအပြင် သော်ဇင်အောင်၊ ဝေယံအောင်တို့နှင့် ချိတ်ဆက်၍ အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ရန် စီစဉ်ခဲ့ကြောင်း သိရှိရသည်။

အထက်ပါ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် သော်ဇင်အောင် အပါအဝင် ၁၄ ဦးအား ပစ္စတို နှစ်လက်၊ ကျည် ၁၉၈ တောင့်၊ ၉၁ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်း ခြောက်လုံး၊ လက်လုပ်ဗုံး ၁၄ လုံး၊ မီးပုလင်း ၁၀ ပုလင်း၊ ယမ်းစိမ်း လေးဘူး၊ လမ်းလျှောက်စကားပြောစက် လေးလုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### နိုင်ငံတော်သို့ အခွန်ပေးဆောင်နေကြသော ကုမ္ပဏီအခွန်ထမ်းများ၏ အခွန်ပေးသွင်းရာတွင် ငွေသား/ ချက် လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ် ငွေပေးချေမှုစနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူ များ အခွန်ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ အီလက်ထရောနစ်ငွေပေး ချေမှုနည်းလမ်းများဖြင့်လည်းကောင်း၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (Mobile Banking, Mobile Payment) ဖြင့်လည်းကောင်း၊ MPU Debit Card အသုံးပြု၍ Online မှလည်းကောင်း သက်ဆိုင်ရာဘဏ်များနှင့်ချိတ်ဆက်၍ ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number–TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းများအနေဖြင့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်တို့ကို မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲများအပါအဝင် ပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့် ထားရှိသော မိမိတို့ဘဏ်ငွေစာရင်းမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ယက်စနစ် CBM–NET ကို အသုံးပြု၍လည်းကောင်း၊ MPU Debit Card ဖြင့် Online Tax Payment System (https://onlinepayment.ird.gov.mm/etax) ကိုအသုံးပြု၍လည်းကောင်း မြန်မာ့ စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ အခွန်ပေးသွင်းနိုင်ပါသည်။

၃။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အခွန်ပေးဆောင်နေသည့် ကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန် ပေးဆောင်ခြင်းကို အီလက်ထရောနစ် ငွေပေးချေမှုနည်းလမ်းများ၊ မိုဘိုင်းငွေပေးချေမှု နည်းလမ်းများ (Mobile Banking, Mobile Payment) (သို့မဟုတ်) MPU Debit Card ကို အသုံးပြု၍ ကုမ္ပဏီအခွန်ထမ်းမှ အခွန်ထမ်းဆောင်နေသော အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ပါသည်။

၄။ ပုဂ္ဂလိကဘဏ်များရှိ မိမိတို့ဘဏ်ငွေစာရင်းမှ အီလက်ထရောနစ်ငွေပေးချေမှု နည်းလမ်းများ၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (Mobile Banking, Mobile Payment) (သို့မဟုတ်) MPU Debit Card ကို အသုံးပြု၍ အခွန်ပေးဆောင်ရာတွင် အခွန်ပေးသွင်းမှု အထောက်အထားများအဖြစ် သက်ဆိုင်ရာပုဂ္ဂလိကဘဏ်များမှ ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦး ထုတ်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေ လက်ခံရရှိပြီး ပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထား [ပတခ(e–payment)] ကို အခွန်ထမ်းထံသို့ ပေးပို့အကြောင်းကြားမည် ဖြစ်ပါသည်။

၅။ နိုင်ငံပိုင်ဘဏ်များတွင် ဘဏ်ငွေစာရင်း ဖွင့်လှစ်ထားရှိသည့် အခွန်ထမ်းများအနေဖြင့် ငွေသား/ချက်လက်မှတ်နှင့် စာရင်းပြောင်းနည်းဖြင့် အခွန်ပေးဆောင်နိုင်ပါသည်။

၆။ သို့ဖြစ်ပါ၍ ၂၀၂၀–၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ဇူလိုင်လ (၁) ရက်နေ့မှစတင်၍ နိုင်ငံပိုင်ဘဏ်များ တွင် ဘဏ်ငွေစာရင်းဖွင့်လှစ်ထားသော အခွန်ထမ်းများမှအပ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများရှိ အခွန်ထမ်းများ အပြင် အဆိုပါရုံးများတွင် အခွန်ပေးဆောင်နေသော ကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးဆောင်ခြင်းများကို ငွေသား/ချက်လက်မှတ်ဖြင့် အခွန်ငွေပေးသွင်းမှုအစား ပိုမိုလွယ်ကူလျင်မြန်ပြီး လုံခြုံမှုရှိသည့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့်သာ လက်ခံကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

၇။ အခွန်ထမ်းများအနေဖြင့် သိရှိလိုသည်များရှိပါက

(က) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)
ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊နေပြည်တော်
ဖုန်းနံပါတ်– ၀၆၇–၃၄၃၀၅၃၃၊ ၀၆၇–၃၄၃၀၅၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်)
အမှတ်– ၅၉/၆၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ်– ၀၁–၃၇၈၃၇၀၊ ၀၁–၃၇၈၃၇၂

(ဂ) သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ (e–Payment Section)
အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် ၀၁–၈၃၇၉၀၁၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

❖ ကျောဖုံးမှ

ကျောင်း သုံးကျောင်း၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း ကိုးကျောင်းရှိသည်။

**ဇွန်လကုန်အထိ လက်ခံဆောင်ရွက်ပေးသွားမည်**

အဆိုပါကျောင်းများမှ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၆၀၃၆၈ ဦးရှိရာ ဇွန် ၂ ရက်အထိ အပ်နှံပြီး ကျောင်းသားကျောင်းသူဦးရေ ၁၅၄၉၇ ဦးရှိပြီး အပ်နှံပြီး ကျောင်းသား ကျောင်းသူစာရင်း၏ ၅၃ ရာခိုင်နှုန်းသာ ကျောင်းတက်ရောက်လျက်ရှိကြောင်း၊ ကျောင်းအပ်နှံရန် ကျန်ရှိသူများအား ဇွန်လကုန်အထိ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခိုင်ထူး ( ပြန်/ဆက် )**

## ဈေးဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးရှိ အောက်ဖော်ပြပါ ဈေးဆိုင်ခန်းရှင်များမှ ဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်။


၂။ အထက်ပါလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လားရှိုးမြို့နယ်စည်ပင် သာယာရေးဌာနသို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားလာသည့်အတိုင်း ဆိုင်ခန်းအခွန်ထမ်း အမည်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်ခန်းအမှတ် | မူလဆိုင်ခန်းပိုင်ရှင် | | | အသစ်ပြောင်းလဲမည့်ဆိုင်ခန်းပိုင်ရှင် | | |
|---|---|---|---|---|---|---|---|---|
| | | | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
| ၁ | လားရှိုးကြီးဈေး | A–၁၄ | ဒေါ်ရှောက်စီး | ၁၃/လရန(နိုင်)၀၆၂၅၀၅ | ရပ်ကွက်(၁၂)၊ သံလွင်လမ်း၊ နယ်မြေ(၁၈)၊ လားရှိုးမြို့။ | ဒေါ်လီယင်မိန်း | ၁၃/သပန(နိုင်)၀၂၆၂၅၅ | ရပ်ကွက်(၁၂)၊ သံလွင်လမ်း နယ်မြေ(၁၈)၊ လားရှိုးမြို့။ |
| ၂ | လားရှိုးကြီးဈေး | ၁/၉ | ဒေါ်ခမ်းကြာ(ခ) အောက်လွယ်ကြာ | ၁၃/လရန(နိုင်)၀၆၅၈၇၀ | ရ.က(၁၂)၊ကန်မိန်းကျောင်းလမ်း လားရှိုးမြို့။ | ဒေါ်နန်းခမ်းမှန် | ၁၃/လရန(နိုင်)၀၃၆၀၄၈ | ရ.က(၁၂)၊ ကန်မိန်းကျောင်းလမ်း၊ လားရှိုးမြို့။ |
| ၃ | လားရှိုးကြီးဈေး | B– ၂၉ | ဒေါ်အေးခွမ်း(ခ) Kyan su soot | ၁၃/မဆတ(ဧည့်)၀၀၀၀၉၅ | ရ.က(၁၂)၊ န.မ(၅)၊ လားရှိုးမြို့။ | ဒေါ်လျှိုယုံမြင့် | ၁၃/လရန(ဧည့်)၀၀၀၄၀၉ | ရ.က(၁၂)၊ န.မ(၅)၊ လားရှိုးမြို့။ |
| ၄ | လားရှိုးကြီးဈေး | ၅/၁၁၊ ၃၄ | ဒေါ်ဝှမ်းတီ(ခ) မော်စိမ်းတီ | ၁၃/လရန(နိုင်)၀၅၇၁၄၇ | ရ.က(၁၂)၊ လားရှိုးကြီးဈေးအနီး၊ လားရှိုးမြို့။ | ဦးရန်ရှိလင် | ၁၃/လရန(နိုင်)၀၅၉၅၄၇ | ရ.က(၁၂)၊ လားရှိုးကြီးဈေးအနီး၊ လားရှိုးမြို့။ |
| ၅ | လားရှိုးကြီးဈေး | ၂/၅ | ဒေါ်ရှောက်ရင်း | KLG – ၀၂၆၉၇၆ | ရ.က(၁၂)၊ န.မ(၅)၊ လားရှိုးမြို့။ | ဦးအောင်မျိုးမင်း | ၁၃/လရန(နိုင်)၀၉၄၉၀၆ | ရ.က(၃)။ န.မ(၆)၊ လားရှိုးမြို့။ |

**လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ ဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) မွှာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုခမှာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၀ ပြည့်နှစ်၊ အလှူရှင်စာရင်း

| | | | |
|---|---|---|---|
| ၁။ | ဦးလှမိုး+ဒေါ်ကြည်ကြည်မေ မိသားစု | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၂။ | ဦးအောင်ထွေး+ဒေါ်စန်းစန်းမြင့် | နေပြည်တော် | ၁၀၀၀၀၀ |
| ၃။ | ဦးတင်အောင်+ဒေါ်စန်းစန်း | ဖြူးမြို့ | ၁၀၀၀၀၀ |
| ၄။ | ဦးဝင်းသိန်း+ဒေါ်ခင်ချိုဝင်း သား ဗကကျော်စံမိုး၊ သမီး မအိသဥ္ဇာ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၅။ | ဦးအောင်နိုင် | ပြင်ဦးလွင်မြို့ | ၉၉၉၀၀၀ |
| ၆။ | ဦးမြတ်ကို | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၇။ | ဦးဇေယျာစိုး | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၈။ | ဒေါ်ချိုချို | နေပြည်တော် | ၆၀၀၀၀ |
| ၉။ | သရေစည်သူဦးမြင့်ဆွေမိသားစု | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၁၀။ | ဒေါ်တင်တင်အေး | လားရှိုးမြို့ | ၁၀၀၀၀၀ |
| ၁၁။ | ဒေါ်ကေသီလှိုင် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၂။ | ဗိုလ်မှူးအာကာကျော်မိုး | ဟားခါးမြို့ | ၁၀၀၀၀၀ |
| ၁၃။ | ဒေါ်ရင်ရင်လှ | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၄။ | ဦးဇော်ဝင်း+ဒေါ်ကေသီခိုင် သား မောင်ပြည့်ဖြိုးဇော်၊ မောင်သက်ဟိန်းသော် | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၁၅။ | ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း) | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၆။ | U Hla Khaing Associated Marine Services Yangon | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၇။ | ဗိုလ်မှူးထက်အံ့ကျော်+ဒေါ်အိအိသိမ့် | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၁၈။ | ဦးစောရွှေ+ဒေါ်စိန်လှိုင် | ဥတ္တရသီရိ | ၁၀၀၀၀၀ |
| ၁၉။ | ဦးထွန်းကြည်+ဒေါ်ငွေငွေမြင့် | အင်းစိန်မြို့ | ၂၀၀၀၀၀ |
| ၂၀။ | ဦးသင်းမင်းထူး+ဒေါ်တင်ထွေးမော် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၁။ | ဒေါ်အေးအေးသောင်း | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၂။ | ဒေါ်အိတင်ဇာမျိုး | တာချီလိတ်မြို့ | ၅၀၀၀၀ |
| ၂၃။ | Dr. ခင်မောင်သန်း+Dr. ခင်ကြူကြူ | နေပြည်တော် | ၅၀၀၀၀၀ |
| ၂၄။ | ဒုမှူးကြီးအောင်မြင့်ထွန်း(ငြိမ်း)+ ဒေါ်ဖြူဖြူဝင်း | ရန်ကုန်မြို့ | ၁၁၀၀၀၀ |
| ၂၅။ | မဆွေ၊ မငွေ(Flower Shop) | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၆။ | ဦးအုန်းမြင့်+ဒေါ်အမာကြည် | နေပြည်တော် | ၃၀၀၀၀၀ |
| ၂၇။ | ဦးအုန်းလွင် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၈။ | ဦးမြသိန်း | ဟင်္သာတမြို့ | ၁၀၀၀၀၀ |
| ၂၉။ | ဦးဝင်းမြင့်အောင်+ဒေါ်မာမာအေး | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၃၀။ | ဒေါ်စန္ဒာမြင့် | နေပြည်တော် | ၂၀၀၀၀၀ |
| ၃၁။ | Dr. သိန်းမော် | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၃၂။ | ဗိုလ်ကြီးမျိုးဆန်းဦး+ဒေါ်မိုးမိုးထွေး သား မောင်ငြိမ်းခန့် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၃။ | ဒေါ်အေးအေးသန့် | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၃၄။ | ဒေါ်ညိုညို(Shwe သီးနှံပွဲရုံ) | ပျဉ်းမနားမြို့ | ၁၀၀၀၀၀ |
| ၃၅။ | ဒေါ်စန်းစန်းဝေ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၆။ | ဦးစောမြင့်+ဒေါ်တင်တင်ချို | တောင်တွင်းကြီးမြို့ | ၅၀၀၀၀ |
| ၃၇။ | ဦးမောင်မောင်ကျော်+ဒေါ်ချိုချိုမြင့် | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၃၈။ | Dr. သာထူးဇော်+ဒေါ်ငြိမ်းဇာဇာငွေ | နေပြည်တော် | ၅၀၀၀၀ |
| ၃၉။ | ဒေါ်တင့်တင့် | နေပြည်တော် | ၃၀၀၀၀ |
| ၄၀။ | ဦးသန်းယုနိုင် | ညောင်လေးပင်မြို့ | ၁၀၀၀၀၀ |
| ၄၁။ | Red Power Co.,Ltd. | မြစ်ကြီးနားမြို့ | ၁၀၀၀၀၀ |
| ၄၂။ | မြို့ပြရွှေပြည်ကုမ္ပဏီ | မြစ်ကြီးနားမြို့ | ၁၀၀၀၀၀ |
| ၄၃။ | ဒေါ်ယဉ်ယဉ်လှဲ | လှိုင်ကော်မြို့ | ၂၂၀၃၀၀ |
| ၄၄။ | အင်းဝဘဏ်(ကျိုင်းတုံမှဝန်ထမ်းများ) | ကျိုင်းတုံမြို့ | ၄၀၀၀၀ |
| ၄၅။ | ဒေါ်သီတာလွင် | နေပြည်တော် | ၁၀၀၀၀၀ |
| ၄၆။ | ဒေါ်ပုံ့ကြည်ကြည်(အင်းဝဘဏ်) | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၄၇။ | တကက/စရဦးဝင်းလွင်(ငြိမ်း) | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၄၈။ | ဦးဘိုကြည်+ဒေါ်သောင်းရည် | ပုသိမ်မြို့ | ၃၀၀၀၀၀ |
| ၄၉။ | ဒေါ်စုစုလှိုင် (Luck Moe Hlaing Co., Ltd.) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၅၀။ | ဗိုလ်မှူးစန်းလွင်ဦး(ငြိမ်း) | တောင်ကြီး | ၃၀၀၀၀၀ |

### ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ အလှူရှင်စာရင်း

| | | | |
|---|---|---|---|
| ၅၁။ | Dr.သန်းသန်းငွေ | ရန်ကုန်မြို့ | ၁၈၀၀၀၀ |
| ၅၂။ | ဒေါ်စန်းစန်းအေး | တာချီလိတ်မြို့ | ၁၀၀၀၀၀ |
| ၅၃။ | ဦးခင်မောင်ဝင်း+ဒေါ်သန်းသန်းနွဲ့ | တောင်ကြီးမြို့ | ၃၀၀၀၀၀၀ |
| ၅၄။ | ဦးကျော်ရွှေ(စစ်မှုထမ်းဟောင်းအဖွဲ့) | တောင်ကြီးမြို့ | ၃၀၀၀၀၀ |
| ၅၅။ | ဒေါ်သင်းသင်းမော် | မော်လမြိုင်မြို့ | ၃၀၀၀၀၀ |
| ၅၆။ | ကချင်မလိခရောကုမ္ပဏီ | မြစ်ကြီးနားမြို့ | ၅၀၀၀၀ |
| ၅၇။ | ရွှေရုပ်လွှာကုမ္ပဏီ | မြစ်ကြီးနားမြို့ | ၅၀၀၀၀ |
| ၅၈။ | ဦးဝင်းနိုင်(တကက ငြိမ်း) | နေပြည်တော် | ၁၀၀၀၀၀ |
| ၅၉။ | ဒေါ်သန်းသန်းစိန် | ရန်ကုန်မြို့ | US $ ၂၀၀၀ |
| ၆၀။ | ဦးကိုကိုလှိုင်+ဒေါ်သီတာလွင် | နေပြည်တော် | ၃၀၀၀၀၀ |
| ၆၁။ | ဦးရွှေချို | နေပြည်တော် | ၁၀၀၀၀၀ |
| ၆၂။ | Minn Buu Association(Yangon) | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၆၃။ | ဗိုလ်ကြီးအောင်ဇော်ဝင်းလှိုင်+ ဒေါ်သီဂီအောင် | ရန်ကုန်မြို့ | ၁၁၀၀၀၀ |
| ၆၄။ | ဦးခင်မောင်ဝင်း+ဒေါ်ခင်ငွေကြည် | ရန်ကုန်မြို့ | ၁၁၀၀၀၀ |
| ၆၅။ | ကိုသိန်းလင်း၊ ဒေါ်ခင်စုမာ၊ ဒေါ်ခင်ငုဝါ ဗိုလ်ကြီးကျော်ဝင်း၊ ဒေါ်ကေဇင်ကျော် | မန္တလေးမြို့ | ၁၂၀၀၀၀ |
| ၆၆။ | ဦးစိန်သန်း+ဒေါ်မြမြ | မန္တလေးမြို့ | ၂၀၀၀၀၀ |
| ၆၇။ | Ashin Ariya Dhama Dheinddi | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၆၈။ | ဗိုလ်ကြီးတိုးတက်နိုင် | တပ်ကုန်းမြို့ | ၁၀၀၀၀၀ |
| ၆၉။ | ဒေါ်နွဲ့နွဲ့ | တာချီလိတ်မြို့ | ၁၀၀၀၀၀ |
| ၇၀။ | Dr. ခန့်ဝင်းဇင်+ Dr. ခိုင်စံပယ်သန်း | နေပြည်တော် | ၅၀၀၀၀၀ |
| ၇၁။ | ဗသက(၉၉)ကျောင်းဆင်းအရာရှိများ | နေပြည်တော် | ၁၁၀၀၀၀၀ |
| ၇၂။ | ဦးဇော်ဇော်+ဒေါ်ကြည်ခိုင် | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၇၃။ | ဒေါ်သဇင်မြင့် | ရန်ကုန်မြို့ | ၄၀၀၀၀ |
| ၇၄။ | ဒေါ်စိုးစိုး | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၇၅။ | ဒေါ်ရင်ရင်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |

# မော်လမြိုင် - ရေး လမ်းပိုင်း၌ အမှတ် (၁၇၁) အဆန်၊ အမှတ် (၁၇၂) အစုန် လူစီးကုန်တင်ရထား ပြေးဆွဲမည်

**နေပြည်တော် ဇွန် ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ မီးရထားသည် ရထားစီးခရီးသွားမိဘ ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး အတွက် ရထားလမ်းပိုင်းအသီးသီးတွင် ရထား များ ပြန်လည်ပြေးဆွဲပေးလျက်ရှိရာ ယခုထပ်မံ၍ မော်လမြိုင်- ရေး လမ်းပိုင်း၌ အမှတ် (၁၇၁) အဆန်၊ အမှတ်(၁၇၂)အစုန် လူစီးကုန်တင်ရထား ကို ဇွန် ၆ ရက်မှစ၍ပြန်လည်ပြေးဆွဲပေးသွားမည် ဖြစ်သည်။

အမှတ်(၁၇၁)အဆန် လူစီးကုန်တင်ရထား သည် မော်လမြိုင်ဘူတာမှ နံနက် ၇ နာရီ ထွက်ခွာ၍ ရေးဘူတာသို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ လူစီးကုန်တင် ရထားကို ဇွန် ၇ ရက်တွင် အမှတ် (၁၇၂) အစုန်ရထားအဖြစ် ရေးဘူတာမှ နံနက် ၇ နာရီ ထွက်ခွာ၍ မော်လမြိုင်ဘူတာသို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အစုန် တစ်ရက်၊ အဆန်တစ်ရက် ပြေးဆွဲပေးရန် စီစဉ်ထား ရှိပြီး ဖြစ်သည်။

တွဲဖွဲ့ဆင်မှုမှာ ရိုးရိုးတန်း သုံးတွဲ၊ လပ်ဂိတ် တစ်တွဲ၊ ဘရိတ်တွဲ တစ်တွဲ စုစုပေါင်း ငါးတွဲဖြင့် ပြေးဆွဲပေးမည်ဖြစ်ကာ ဘူတာစဉ်ရပ်တန့်ပေး မည် ဖြစ်ပြီး မိဘပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာ ဘူတာ အသီးသီးတွင် ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မြိတ်မြို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

# မြိတ်မြို့နယ်အတွင်း အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်လျက်ရှိပြီး အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

**မြိတ် ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် အခြေခံ ပညာကျောင်းများ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၌ ကျောင်းနေအရွယ် ကလေးများအားလုံး ပညာ သင်ယူခွင့် ရရှိစေရေးအတွက် ဇွန် ၁ ရက် နံနက်ပိုင်းမှ စတင်ကာ ကျောင်းများအားလုံး စတင် ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသားကျောင်းသူများ သက်ဆိုင်ရာ ကျောင်းအသီးသီးတွင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ကျောင်းအသီးသီးတွင် (၅)နှစ်အရွယ် ကလေး များကို KG တန်း၊ (၆)နှစ်အရွယ် ကလေးများကို Grade 1 တန်းဖြင့် လက်ခံသင်ကြားပေးလျက်ရှိပြီး Grade 2, Grade 3, Grade 4, Grade 6, Grade7, Grade 10 တန်းများကို (သင်ရိုးသစ်) ဖြင့် လည်းကောင်း၊ Grade 5, Grade 8,Grade 9, Grade 11 တန်းများကို (သင်ရိုးဟောင်း) ဖြင့် လည်းကောင်း ကျောင်းသား ကျောင်းသူများကို သင်ကြားပေးလျက် ရှိကြသည်။

မြိတ်မြို့နယ်တွင် အထက်တန်းကျောင်း ၁၈ ကျောင်း၊ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အလယ်တန်းကျောင်း ၁၂ ကျောင်း၊ အလယ်တန်း ကျောင်းခွဲ ကိုးကျောင်း၊ မူလတန်းလွန်ကျောင်း ၂၄ ကျောင်း၊ မူလတန်းကျောင်း ၇၂ကျောင်း၊ ကိုယ်ပိုင်

*စာမျက်နှာ ၂၆ ကော်လံ ၁* ❖

# အင်တာမီလန်အသင်းက ဆီမြွန်နီ အင်ဇာဂီကို အသင်းနည်းပြအဖြစ် ခန့်အပ်

အီတလီစီးရီးအေချန်ပီယံ အင်တာမီလန် အသင်းသည် ပြီးခဲ့သည့် သီတင်းပတ်တွင် အသင်းမှ ထွက်ခွာသွားသော နည်းပြ အန်တိုနီယို ကွန်တီ၏နေရာကို ဆီမြွန်နီ အင်ဇာဂီ ဖြင့် အစားထိုးခန့်အပ်လိုက် ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြ ထားသည်။ အင်တာမီလန်အသင်းသည် အသက် ၄၅ နှစ်အရွယ်ရှိ အင်ဇာဂီကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်လိုက်ခြင်း ဖြစ်သည်။



နည်းပြ ဆီမြွန်နီ အင်ဇာဂီ

အင်ဇာဂီသည် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် မေလအထိ လာဇီယို အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ကိုပါအီတာလီယာဖလားတစ်ကြိမ်နှင့် အီတလီစူပါဖလားကို နှစ်ကြိမ်ဆွတ်ခူး ပေးထားနိုင်သည်။ ထို့အပြင် အင်ဇာဂီ သည် ကစားသမားဘဝတွင်လည်း လာဇီယိုအသင်းနှင့်အတူ စီးရီးအေ အမှတ်ပေးဖလား၊ ကိုပါအီတာလီယာ ဖလား၊ အီတလီစူပါဖလားနှင့် ယူအီးအက်ဖ်အေ စူပါဖလားတို့ကို ဆွတ်ခူးထားသူ ဖြစ်သည်။ ထို့ကြောင့် အင်ဇာဂီအနေဖြင့် အင်တာမီလန် အသင်းကို အောင်မြင်မှုများစွာ ဆွတ်ခူး ပေးသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ် သည်။

**အောင်ဇော်**

## ယနေ့ သတင်းအညွှန်း

**မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ တရားခံများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရရှိ**

*စာမျက်နှာ- ၁၈*

**အကြောင်းတရားမမဲ့သော အကျိုးတရားများ**

*စာမျက်နှာ- ၂၂*

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများထံတွင် အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူများနှင့် တက်ရောက်ရန်စီစဉ်နေသူများအား ထပ်မံဖော်ထုတ် ဖမ်းဆီးရမိ**

*စာမျက်နှာ- ၂၆*